# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၃၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်လုပ်ရပ်များ တိုက်ဖျက်ရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသည့် NUG၊ CRPH၊ PDF အဖွဲ့များနှင့် အစွန်းရောက် NLD ပါတီဝင်များသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့တာဝန်ကို ခေတ္တတာဝန်ယူထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ဆန့်ကျင်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူလူထုဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ အစိုးရယန္တရားလည်ပတ်မှု ရပ်တန့်စေရန် CDM လှုပ်ရှားမှုများအား ကြိုးကိုင်စီစဉ်ခြင်း၊ အုပ်ချုပ်မှုယန္တရားများ ရပ်ဆိုင်းစေရန် အုပ်ချုပ်ရေးမှူးများအား လုပ်ကြံသတ်ဖြတ်စေခြင်း၊ “ ငါနဲ့မတူ - ငါ့ရန်သူ ” အယူအဆဖြင့် NLD ပါတီအား မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား အခကြေးငွေပေး၍ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်စေခြင်းနှင့် မကြာမီကျင်းပတော့မည့် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂညီလာခံနှင့် အချိန်ကိုက်၍ နိုင်ငံအနှံ့ တည်ငြိမ်မှုပျက်ပြားပြီး ပြည်တွင်းစစ် ဖြစ်သယောင် ပုံဖော်ရန် အချို့မြို့ရွာများတွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသည်။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို NUG အကြမ်းဖက်အဖွဲ့၏ စီစဉ်စေခိုင်းမှုများအရ “ ပြည်သူ့ကာကွယ်ရေးတပ်” အမည်ခံ PDF အကြမ်းဖက်သမားများ၊ အစွန်းရောက် NLD ပါတီဝင်နှင့် ကြေးစားအဖျက်သမားများက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ စက်တင်ဘာ ၉ ရက်ထိ အောက်ပါအတိုင်း လုပ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) အများပြည်သူဆိုင်ရာနေရာများအား ဗုံးဖြင့်တိုက်ခိုက်မှု ၂,၃၉၀ ကြိမ်။


စာမျက်နှာ ၈ ကော်လံ ၁ ✪


## ယနေ့ ဖတ်စရာ


ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

ပြည်တွင်းသတင်း | စာ -၅

........................

နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ

ဆောင်းပါး | စာ -၆

........................

လူကုန်ကူးမှုတိုက်ဖျက်ဖို့ တွဲလက်ညီညာခိုင်မြဲစို့

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး | စာ -၁၀


## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် တာချီလိတ် စခန်းလေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၆ ခုမှ ယာဉ်စီးရေ ၂၄ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် တန် ၄၀ ၊


စာမျက်နှာ ၃ ကော်လံ ၁ ○




မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာသည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။




![မြန်မာ့အလင်း]

# မြန်မာ့အလင်း

## အကြမ်းဖက်ဝါဒ အမြစ်မတွယ်စေရေး ပြည်သူ့အားဖြင့် ပါဝင်တိုက်ဖျက်

အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့် NUG က စက်တင်ဘာလ ၇ ရက်နေ့တွင် အရေးပေါ်ကြေညာချက်ဟုဆိုသည့် ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့ပြီးနောက် အကြမ်းဖက်အဖွဲ့ဖြစ်သည့် PDF ကလည်း ၎င်း၏ အကြမ်းဖက်လုပ်ရပ်များကို အရှိန်မြှင့်လာခဲ့သည်။ ထုတ်ပြန်ချက်တွင် ပါရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိက ထောက်တိုင်များကို ပစ်မှတ်ထားတိုက်ခိုက်ရန်၊ အုပ်ချုပ်ရေးမှူးများ အလုပ်မှ ချက်ချင်းနုတ်ထွက်ရန်၊ ပြည်သူများမလိုအပ်ဘဲ ခရီးသွားလာခြင်း မပြုလုပ်ရန်နှင့် ဝန်ထမ်းများရုံးမတက်ရန်ဟူသော အချက်များက အများပြည်သူနေထိုင်ရာ ရပ်ရွာများနှင့် စစ်ရေး၊ နိုင်ငံရေးတို့နှင့် နီးစပ်မှုမရှိသည့် သာမန်ပြည်သူများကို ထိတ်လန့်ချောက်ချားစေရန်အတွက် အစမ္ပခြိမ်းခြောက်လိုက်ခြင်းလည်းဖြစ်သည်။

NUG ၏ ကြေညာချက်နောက်တွင် ဒေသအလိုက် PDF အမည်ခံထားသည့် အကြမ်းဖက်အဖွဲ့များက ကောင်းရောင်းကောင်းဝယ် ကုန်စည်ကူးသန်းရောင်းချမှုများကို ခြိမ်းခြောက်တားဆီးခြင်း၊ CDM မပြုလုပ်သည့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်လာကြသလို အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲသတ်ဖြတ်မှုများလည်း ပိုမိုပြုလုပ်လာကြသည်ကို တွေ့ရသည်။ အဖျက်အမှောင့်များ အရှိန်မြှင့်လုပ်ဆောင်လာကြခြင်း၏ ရည်ရွယ်ချက်မှာ (၇၆) ကြိမ်မြောက် ကုလသမဂ္ဂညီလာခံနှင့် အချိန်ကိုက်၍ မြန်မာနိုင်ငံတွင် နိုင်ငံအနှံ့အပြား တည်ငြိမ်မှုပျက်ပြားပြီး ပြည်တွင်းစစ်ဖြစ်နေသယောင် ပုံဖော်ရန်အတွက်ပင် ဖြစ်သည်။ ၎င်းအဖွဲ့များအနေဖြင့် စစ်ဘက်ဆိုင်ရာ ပစ်မှတ်များနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တပ်စခန်းများကို တိုက်ခိုက်မှုထက် စစ်ဘက်နှင့် သက်ဆိုင်ခြင်းမရှိသော အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးမှုများ စုစုပေါင်း ထောင်နှင့်ချီ၍ တိုက်ခိုက်ခဲ့ကြသည်။ ရဟန်းသံဃာများနှင့် ပြည်သူများ ထောင်နှင့်ချီ၍ ဒဏ်ရာရ သေဆုံးခဲ့ရသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကိုလည်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

NUG ၏ မဆင်မခြင်ထုတ်ပြန်လိုက်သည့် ကြေညာချက်ကို ပြည်တွင်းရှိ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး နိုင်ငံတကာကလည်း လက်မခံသည့်သဘောထားများကို ပြသခဲ့ကြသည်။ နိုင်ငံရေးရည်မှန်းချက် ရရှိအောင်မြင်နိုင်ရေးအတွက် အကြမ်းဖက်ဝါဒကို ကျင့်သုံးခဲ့ကြသည့် အဖွဲ့အစည်းများ အောင်မြင်မှုမရရှိကြောင်းကို ခေတ်သစ်ကမ္ဘာ့သမိုင်း ဖြစ်စဉ်များတွင် နမူနာတွေ့ရှိနိုင်သည်။ ပြည်တွင်း၌လည်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ပြည်သူလူထုကို ထိခိုက်နစ်နာဆုံးရှုံးမှု ကြီးမားစေသည့်အလျောက် ပြည်သူလူထု၏ ဆန့်ကျင်မှုများနှင့် ရင်ဆိုင်လာကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဘေးနှင့် ကြုံတွေ့နေရသည့်အတွက် လူမှုစီးပွားဘဝများ အခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် အကြမ်းဖက်ခြိမ်းခြောက်မှုများက ဘူးလေးရာ ဖရုံဆင့်လာစေသည်။ တစ်ပူပေါ်တွင် နှစ်ပူဆင့်စေသည်။

အကြမ်းဖက်ဝါဒကို ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်း၊ လူမှုအဖွဲ့အစည်းတို့က လက်မခံ။ နိုင်ငံတကာတွင် ပြတ်ပြတ်သားသား အရေးယူတုံ့ပြန်ကာ အကြမ်းဖက်ဝါဒကို အမြစ်ပါမကျန် ဆွဲလှန်နုတ်ပယ်ကြသည်။ မိမိတို့နိုင်ငံတွင်လည်း အကြမ်းဖက်ဝါဒကို အမြစ်တွယ်မလာစေရေးအတွက် တိုက်ဖျက်ရာတွင် ပြည်သူများက ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းပြီး မိမိတို့၏ လူမှုစီးပွားဘဝများကို လုံခြုံငြိမ်းချမ်းစွာ တည်ဆောက်နိုင်ကြမည်ဖြစ်ပါကြောင်း။ ။



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ် မုက္ကဒိရေလှောင်ကွင်းအတွင်း ငါးကောင်ရေတစ်သိန်း စိုက်ထည့်

ဘားအံ စက်တင်ဘာ ၁၁

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝရေလှောင်ကွင်းများအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စေရန်နှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုဖမ်းယူ စားသုံးနိုင်ရေးအတွက် စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီတွင် ဘားအံခရိုင် ဘားအံမြို့နယ် မုက္ကဒိကျေးရွာ မုက္ကဒိရေလှောင်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။




အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်နယ်/ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘားအံခရိုင် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မုက္ကဒိ ရေလှောင်ကွင်းအတွင်းသို့ ဘားအံငါးလုပ်ငန်း စခန်းမှ နှစ်လက်မ အောက်ခံအရွယ် ငါးခုံးမကြီးကောင်ရေ တစ်သိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၁-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection –Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti–inflammatory** | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection – Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 6 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 7 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 10 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## သတင်းမီဒီယာအရည်အသွေးမြှင့် သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီက ကြီးမှူး၍ ကျင်းပသောသတင်းမီဒီယာများ အရည်အသွေးမြှင့်တင်ရေးသင်တန်း သင်တန်းအမှတ်စဉ် (၂) ကို စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အမှတ် ၃၉၂ / ၃၉၆ ကုန်သည်လမ်း ၉ ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ( ရေကြောင်းဦးစီးဌာနရုံးရှေ့ ) သို့ စက်တင်ဘာ ၁၃ ရက် နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းရမည် ဖြစ်သည်။

ကိုဗစ်ကာလစည်းကမ်းချက်များနှင့်အညီ သင်တန်းသားဦးရေ ၂၀ ဝန်းကျင်သာ လက်ခံသင်ကြားမည်ဖြစ်သဖြင့် ဆောလျင်စွာ စာရင်းပေးသွင်းသူများကို ဦးစားပေးလက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့တွင် ၆ ဒသမ ၁၀ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)နှင့် ပျဉ်းမနား(ဝဲကြီး)တို့တွင် ၂ ဒသမ ၄၈ လက်မစီ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် မှော်ဘီမြို့၊ ခရမ်းမြို့နှင့် ထားဝယ်မြို့တို့တွင် ၂ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများ လုပ်ဆောင်ရန်လိုအပ်

အသက်အရွယ် ကြီးမြင့်သူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကိုတွေ့ရှိရပြီး အသက် ၅၀ နှင့်အထက် သေဆုံးမှု ၈၀ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးကို အသက်အရွယ်ကြီးရင့်သူများအား ဦးစားပေးထိုးနှံစေလျက်ရှိကြောင်း၊ ယခု ကာကွယ်ဆေး ၈ သန်းရောက်ရှိပြီး ၆ သန်းကို ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်ထိုးနှံရန် ဆေး ၂ သန်း ကျန်ရှိကြောင်း၊ တစ်ဖက်ကလည်း ကိုယ်ခံစွမ်းအားကောင်းမွန်အောင်နေထိုင်ရန် လိုအပ်မည်ဖြစ်ပြီး ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် အသိပညာပေးမှုများကိုသာမက အခြေခံ ကျန်းမာရေးနှင့် ပတ်သက်သည့် ပညာပေးမှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် အစဉ်အမြဲ စစ်ဆေးကြပ်မတ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၆) စက်မှုသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအခြေပြုပညာရေးနှင့် လေ့ကျင့်ရေးစနစ်တို့ဖြင့် လေ့ကျင့်သင်ကြားပေးရန်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကျွမ်းကျင်များ ပိုမိုလက်ခံလေ့ကျင့်သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံ/အလုပ်ရုံများတွင် လိုအပ်သည့် ဘာသာရပ်များ ထည့်သွင်းသင်ကြားပေးရန်၊ သင်ထောက်ကူပစ္စည်းများကို အဆင်သင့် အသုံးပြုနိုင်အောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ သင်ကြားမည့် ဘာသာရပ်အလိုက် Program Standards ရေးဆွဲထားရန်၊ သင်တန်းသားဗဟိုပြု သင်ကြားရေးစနစ်ဖြင့် လေ့ကျင့်သင်ကြားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်ရုံများအတွင်းရှိ သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်သာမြို့ရှိ အမှတ်(၁၀)အထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထည်အလိပ်ထုတ်လုပ်မှု လုပ်ငန်းများကို တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နိုင်ငံပိုင်စက်ရုံ/ အလုပ်ရုံများ အကျိုးရှိအောင် အသုံးပြုနိုင်ရေး တီထွင်ကြံဆလုပ်ဆောင်ရန်၊ ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဈေးကွက်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အထည်စက်ရုံခွဲ(မြင်းခြံ)သို့ ရောက်ရှိပြီး ဆေးဂွမ်းနှင့် ပတ်တီးများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် အစဉ်အမြဲ စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အမှတ်(၅) အထည်စက်ရုံနှင့် အမှတ်(၁၁)အထည်စက်ရုံတို့သို့ ရောက်ရှိပြီး စက်ရုံအတွင်း စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုအခြေအနေနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ (အပေါ်ပုံ) နိုင်ငံပိုင်စက်ပစ္စည်း၊ အဆောက်အဦ၊ မြေ စသည့်ပုံသေပိုင်ပစ္စည်းများနှင့် ပတ်သက်၍ စနစ်တကျ စီမံခန့်ခွဲရန်နှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ စက်ရုံအား အရှုံးအမြတ်အခြေအနေ (Break Event Point) ဖြစ်အောင်ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်၊ ရှိပြီးဖြစ်သည့် နည်းပညာများ ပျောက်ပျက်မသွားစေရေးအတွက် ဆင့်ပွားသင်တန်းများပြုလုပ်ပေးရန်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အစဉ်အမြဲဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းများ ပြန်လည်ဖွင့်လှစ်လျှင် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားရန်၊ သင်ကြားနေသည့် ဘာသာရပ်များကို အဆင့်မြှင့်တင်သွားရန်၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပို့ချနိုင်ရေး အမြဲမပြတ် လေ့လာသင်ယူသွားရန် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် စက်မှုကျွမ်းကျင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် အမှန်တကယ် တတ်ကျွမ်းအောင် သင်ကြားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပခုက္ကူမြို့ရှိ အမှတ်(၅) အထည်စက်ရုံအား ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

Storage Container/ Tank တစ်ခု၊ အောက်ဆီဂျင် (အရည်) Distri–butor တစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၂၃၃၀ ၊ Oxygen Plant လေးခု၊ Oxygen Generator ခြောက်ခု၊ အိမ်သုံး Oxygen Concentrator တစ်ခုနှင့် နှာခေါင်းစည်း (Mask) ၄၅ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser)ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant လေးခုမှာ ရန်ကုန်မြို့သို့ သုံးခုနှင့် တန့်ယန်းမြို့သို့ တစ်ခုတို့ ဖြစ်ကြောင်း သိရှိရသည်။

ဩဂုတ် ၁ ရက် မှ စက်တင်ဘာ ၁၁ ရက်အတွင်း ယာဉ်စီးရေ ၁၇၀၂ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ဖြင့် ၂၀၆၂ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၉၄ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(Bowser) ယာဉ်ဖြင့် တန် ၂၀၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၇၄ တန်၊ Storage Container ၂၂ ခု၊ အောက်ဆီဂျင်(အရည်) Distributor ၁၀ ခု၊ အောက်ဆီဂျင်(အိုးခွံ) ခုရေ ၂ ဒသမ ၅ သိန်း ၊ Oxygen Plant ၁၄၇ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် သုံးခု၊ Oxygen Generator ၄၂ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator)ခုရေ တစ်သိန်း၊ Test Kit ခုရေ နှစ်သိန်း၊ PPE အစုံရေ ၁၁ သိန်း ၊ လက်အိတ် ၁၄၆ တန်နှင့် နှာခေါင်းစည်း (Mask) ၃၉၆၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်စုစုပေါင်း ၉၄ စီးမှာ ရန်ကုန်သို့ ၇၄ စီး ၊ မန္တလေးသို့ ခြောက်စီး ၊ မော်လမြိုင် လေးစီး၊ နေပြည်တော် သုံးစီး၊ ပဲခူး သုံးစီး ၊ မုံရွာ နှစ်စီး ၊ ပြည် နှင့် သံဖြူဇရပ် တစ်စီးစီဖြစ်ကြောင်း သိရှိရသည်။ Oxygen Plant စုစုပေါင်း ၁၄၇ ခုမှာ ရန်ကုန်မြို့သို့ ၇၈ ခု ၊ မန္တလေးမြို့သို့ ၁၇ ခု၊ လားရှိုး ခြောက်ခု ၊ ပဲခူး လေးခု ၊ မော်လမြိုင် လေးခု၊ မြစ်ကြီးနား လေးခု ၊ ကျောက်ပန်းတောင်း သုံးခု ၊ မုံရွာ နှစ်ခု ၊ မကွေး နှစ်ခု ၊ ပခုက္ကူ နှစ်ခု ၊ ဘားအံ နှစ်ခု ၊ မင်းဘူး နှစ်ခု ၊ နေပြည်တော်၊ မြင်းခြံ ၊ တောင်ကြီး ၊ မြစ်သား ၊ မိုးကောင်း ၊ သံဖြူဇရပ် ၊ ကျောက်တံခါး ၊ဝါးခယ်မ ၊ ထားဝယ်၊ ကွမ်းခြံကုန်း ၊ စစ်တွေ၊ ဒေးဒရဲ၊ မြင်းမူ ၊ မုဒုံ၊ ပြည်၊ မိတ္ထီလာ၊ မအူပင်၊ မြောင်းမြ၊ ဝိုင်းမော်၊ တာချီလိတ်နှင့် တန့်ယန်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်တင်းနိုင်မည်

**လွိုင်ကော် စက်တင်ဘာ ၁၁**

ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ လျာထားခွင့်မဲ့ ... 



အခြေအနေများကို မေးမြန်းခဲ့ရာ ပြည်နယ်စက်မှုကြီးကြပ်မှု တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောက်ဆီဂျင်စက်လည်ပတ်နေမှု၊ ထုတ်လုပ်နေမှု အခြေအနေ၊ အောက်ဆီဂျင်အိုးထားရှိသည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ကယားပြည်နယ်တွင် လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ အောက်ဆီဂျင်စက် PSA Oxygen generation system ဖြင့် 25 m3/h ၊ တစ်နေ့လျှင် လီတာ ၄၀ အိုး အလုံး ၁၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ကယားပြည်နယ်အတွင်းရှိ ပြည်သူများ၏ကျန်းမာရေးအတွက် အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်တင်းနိုင်မည်ဖြစ်သည်။ ထပ်မံ၍ အောက်ဆီဂျင်စက် PSA Oxygen generation system ဖြင့် 50 m3/h ၊ တစ်နေ့လျှင် လီတာအိုး ၄၀ အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် စက်ကိုလည်း ပြည်နယ်အစိုးရက တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်များ တပ်ဆင်ပြီးစီးပါက ကယားပြည်နယ်အတွင်းတွင် ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါအပါအဝင် အခြားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများအတွက် အောက်ဆီဂျင်လိုအပ်ချက်များကို ပြည့်ဝစွာ ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# ဘဏ်လုပ်ငန်းသည် သွက်လက်မြန်ဆန်စွာ အများပြည်သူကို ဝန်ဆောင်မှုပေးရန်လို

ရန်ကုန် စက်တင်ဘာ ၁၁

**ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ(ယာပုံ) ရန်ကုန်မြို့တော်ဘဏ်လီမိတက် နာယက၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ ရန်ကုန်မြို့တော်ဘဏ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ဒါရိုက်တာများ၊ သီးခြားလွတ်လပ်သော ဒါရိုက်တာများ၊ ဥပဒေအကြံပေးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ရန်ကုန်မြို့တော်ဘဏ်လီမိတက် နာယက၊ ဥက္ကဋ္ဌ(မြို့တော်ဝန်)မှ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ဥပဒေအရ ဘဏ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ၍ လမ်းညွှန်မှုပေးနေပြီး လိုအပ်သော လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းသည် အများပြည်သူ ယုံကြည်အားကိုးမှုရှိမှ တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မှန်ကန်ရိုးသားစွာဖြင့် သွက်လက်မြန်ဆန်စွာ အများပြည်သူကို ဝန်ဆောင်မှုပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်မင်းက Risk Management (ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု) ဘာသာရပ်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်မိုးက AML/CFL (ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး) ဘာသာရပ်အားလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်သူများက သိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်ကို ရုပ်သိမ်းခဲ့သည်။



ရန်ကုန်မြို့တော်ဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ ပြုလုပ်မည်ဖြစ်ရာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာရင်းကောင်စီ အသိအမှတ်ပြု U Hla Tun & Associates Limited ဒါရိုက်တာ ဦးမောင်မောင်အောင်(CPA)က ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်၍ အလေးဂရုပြုမည့် အချက်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များကိုလည်းကောင်း၊ Myanmar Payment Union ၏ CEO ဦးဇော်လင်းထွဋ်က Digital Payment in Myanmar ဘာသာရပ်ကိုလည်းကောင်း၊ Global Fintech Company Limited CEO ဦးအောင်ဝင်းမြတ်က YCB Payment Gateway ဘာသာရပ်ကိုလည်းကောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလသက်တမ်း (၁)နှစ် (၆)လ စေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ်အဖြစ် နောက်ထပ် (၆)လ ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၂/ ၂၀၂၁)**
**၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) ဖြင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့မှ စတင်ထုတ်ပေးခဲ့ပြီး ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလသက်တမ်း တစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေရရှိသူများသည် မူလချေးငွေသက်တမ်း တစ်နှစ်နှင့် ထပ်မံခွင့်ပြုထားသည့် (၆)လကာလမှာ အောက်တိုဘာလတွင် စတင်၍ ချေးငွေသက်တမ်းကာလ ထပ်မံပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ယခုအခါ ကိုဗစ်-၁၉ တတိယလှိုင်း သက်ရောက်မှုကြောင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ပြန်လည်ပေးဆပ်ရန် အခက်အခဲများရှိနေသဖြင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေ ပြန်လည်ပေးဆပ်ရမည့် ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆)လ ထပ်မံသက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၃။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း (၁) နှစ် (၆)လ စေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ်အဖြစ် နောက်ထပ် (၆) လ ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည် ဖြစ်ပါသည်။ သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် စာတမ်းအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်ဖြစ်ပါသည်။

၂။ ချေးငွေနှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များနှင့် လျှောက်လွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများ၏ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ရန်ကုန်မြို့)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်အသင်းရုံးများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်တို့တွင် ရယူနိုင်ပြီး အောက်ဖော်ပြပါ website များမှလည်း ရယူနိုင်ပါသည် -

(က) www.mifer.gov.mm
(ခ) www.moali.gov.mm
(ဂ) www.dica.gov.mm
(ဃ) www.umfcci.com.mm

၃။ လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ရန်ကုန်မြို့) နှင့် တိုင်းဒေသကြီး/ ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ၌ လက်ခံသွားမည် ဖြစ်ပါသည်။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ထက်ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်း ပြုမည်မဟုတ်ပါ။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၄။ ချေးငွေများ ချေးယူလိုပါက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍ လုပ်ငန်းရှင်များ အနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

နောက်ဆက်တွဲ(က)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**

**ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်း သက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ**

နေ့စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ
(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ------------------------------------------
(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ------------------------------------------
(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ------------------------------------------
------------------------------------------
(ဃ) လုပ်ငန်းအမျိုးအစား - ------------------------------------------
(င) လုပ်ငန်းသက်တမ်း - ------------------------------------------
(စ) မတည်ရင်းနှီးငွေပမာဏ - ------------------------------------------
(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ------------------------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ
(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ------------------------------------------
(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ------------------------------------------
(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ------------------------------------------
(ဃ) လက်ရှိရရှိနေသည့်ဝင်ငွေပမာဏနှင့် ရာခိုင်နှုန်း - ------------------------------------------
(င) လျော့ကျသွားသည့်ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ) - ------------------------------------------

လက်မှတ် - ------------------------------------------
အမည် - ------------------------------------------
မှတ်ပုံတင်အမှတ်- ------------------------------------------
ရာထူး - ------------------------------------------
ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်)- ------------------------------------------

**ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ**

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| | **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေ ရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၇။ | ချေးငွေ ပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၈။ | လုပ်ငန်းဓာတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်) လွှန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း * လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| | **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော လိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၄။ | ချေးငွေ ပြန်လည် ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓာတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်) လွှန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ) * လွှန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

## မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ သန်လျင်မြို့ ပြည်သူများအား တန်ဖိုးသင့် ဆန်၊ ဆီ၊ ကြက်ဥနှင့် ငါးများရောင်းချပေး

**ရန်ကုန် စက်တင်ဘာ ၁၁**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း ပြည်သူများအနေဖြင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေး ရည်ရွယ်၍ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့မဈေးအနီး၊ ဘုရားကုန်းဈေးအနီးနှင့် တာ၁၀ ဈေးအနီးတို့တွင် စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက Mobile Market ဈေးကားများဖြင့် ဆန်၊ ဆီ၊ အသား၊ ငါးနှင့် ကြက်ဥတို့အား လာရောက်ရောင်းချပေးကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ပြည်သူများ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ရေးအတွက် ဆန်ကြမ်း တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ငါးပြည်တစ်အိတ်အား ငွေကျပ် ၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပေါ်ဆန်း ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် ငါးပြည်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ဆီ ၅၀ ကျပ်သား တစ်ဘူးလျှင် ငွေကျပ် ၁၈၅၀ ဖြင့် လည်းကောင်း၊ ကြက်ဥ ၁၀ လုံး တစ်ကတ်လျှင် ငွေကျပ် ၁၂၀၀ နှုန်းနှင့် အသား၊ ငါးများကို ဒေသခံပြည်သူများအတွက် လာရောက်ရောင်းချပေးရာ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံများနှင့် စည်ပင်သာယာရေးဝန်ထမ်းများက ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသား၊ ငါးများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဈေးကားများဖြင့် အလှည့်ကျ လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ

*ကနောင်*



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဩဂုတ် ၁၇ ရက်က ကျင်းပသည့် နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်း မပျက်ယွင်းရအောင် တာဝန်ယူဦးဆောင် ဦးရွက်ပြုခဲ့တာ ခုနစ်လတာပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

**အရှိန်အဟုန်နဲ့ဆောင်ရွက်နေ**

စတင်တာဝန်ယူခဲ့တဲ့ ဖေဖော်ဝါရီ၊ မတ်စတဲ့ အစောပိုင်းလများနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် နိုင်ငံတော်အစိုးရရဲ့ စေတနာအရင်းခံ ဆောင်ရွက်မှုတွေက ပိုမိုမြင်သာ ထင်ရှားလာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုတွေ၊ တည်ငြိမ်အေးချမ်းမှုတွေကို ယခင်လများထက် ပိုမိုမြင်တွေ့လာရသလို၊ ကိုဗစ်-၁၉ ရောဂါကို အစိုးရ၊ ပြည်သူ၊ အသင်းအဖွဲ့များနဲ့ တပ်မတော်သားများ အားလုံး ညီညီညာညာနဲ့ တွန်းလှန်ကြခြင်းရဲ့ အဖူးအပွင့်တွေအဖြစ် ပိုးတွေ့လူနာဦးရေလည်း မျှော်မှန်းအခြေအနေကို ကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။ ကိုဗစ်ကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ လူမှုစီးပွားဘဝတွေကို အမြန်ဆုံးပြန်လည်ဦးမော့စေဖို့ အခြေခံစီးပွားရေးလုပ်ငန်းတွေအပါအဝင် ကဏ္ဍအသီးသီးမှာ မြှင့်တင်မှုတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြသလို လာလတ္တံ့သော မျိုးရိုးဗီဇကွဲ ကိုဗစ်အစွယ်အပွားတွေကို တိုက်ထုတ်ရာမှာ အရေးကြီးတဲ့ ကာကွယ်ဆေးထိုးနှံပေးမှု အစီအစဉ်တွေကလည်း တစ်နိုင်ငံလုံးအတိုင်းအတာ အားကောင်းလာခဲ့ပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်တစ်လတာမှာ နိုင်ငံအုပ်ချုပ်ရေး အခင်းအကျင်းသစ်တွေ၊ အာဆီယံအပါအဝင် မိတ်ဖက်နိုင်ငံတွေရဲ့ လက်တွဲခေါ်ယူမှုတွေ၊ ပြည်သူတွေ တစ်စတစ်စနဲ့ ပြန်လည်ကျန်းမာလာမှု စတာတွေအပြင် နိုင်ငံတော်က စီးပွားရေးအခြေခံများ ဖြည့်ဆည်းမှု၊ ပြည်သူအချင်းချင်း ကူညီဖေးမမှုနဲ့ အကြမ်းဖက်မှုများ တိုက်ဖျက်ရေးမှာ ပြည်သူများ တစ်တပ်တစ်အား ပါဝင်လာမှုတွေကြောင့် ရောင်နီလင်းတဲ့ ဩဂုတ်လပင် ဖြစ်ပါတယ်။

ဩဂုတ်လ ၁ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ထူးခြားတဲ့ ပြောင်းလဲမှုတစ်ရပ်ကို မြင်တွေ့ခဲ့ရပါတယ်။ အဲဒါကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နဲ့အညီ နိုင်ငံတော်တာဝန်တွေကို ပိုမိုလွယ်ကူ ထိရောက်လျင်မြန်စေဖို့ ရည်ရွယ်ချက်နဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီမံခန့်ခွဲရေးကော်မတီကို "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့"အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ခြင်းဖြစ်ပါတယ်။

ပြောင်းလဲဖွဲ့စည်းလိုက်တဲ့ အိမ်စောင့်အစိုးရအဖွဲ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်တာဝန်ယူခဲ့ပြီး ဒုတိယဝန်ကြီးချုပ်အဖြစ် ဒုတိယဥက္ကဋ္ဌက တာဝန်ယူခဲ့ပါတယ်။ အစိုးရအဖွဲ့မှာ ပြည်ထောင်စုဝန်ကြီးတွေ၊ ပြည်ထောင်စုရှေ့နေချုပ်၊ အိမ်စောင့်အစိုးရအဖွဲ့ရုံးရဲ့ အမြဲတမ်းအတွင်းဝန်တို့ ပါဝင်ဖွဲ့စည်းထားပါတယ်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးများ ထပ်မံခန့်အပ်ခြင်း၊ ပြောင်းရွှေ့တာဝန်ပေးခြင်း၊ ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ ပြင်ဆင်ဖွဲ့စည်းခြင်းစတဲ့ အပြောင်းအလဲကောင်းတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

**နိုင်ငံတော်နဲ့ ပြည်သူ့အတွက် ဦးဆောင်လှုပ်ရှားမှုများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဩဂုတ်လ ၁ ရက် နိုင်ငံတော်တာဝန်ထမ်းဆောင်တဲ့ ခြောက်လပြည့်မြောက်တဲ့နေ့မှာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်တွေကို ပယ်ဖျက်ပြီးတဲ့နောက် အရေးပေါ်ကာလပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်ဆောင်သွားမှာဖြစ်တဲ့အပြင် လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲအသစ်ကို ပြန်လည်ကျင်းပသွားမှာဖြစ်တယ်ဆိုတာကို ထပ်လောင်းပြောကြားခဲ့သလို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်းကမ်း ပြည့်ဝတဲ့ အလေ့အထကောင်းတွေကို ပြည်သူတွေ ရရှိလာစေရေး၊ အထူးအားဖြင့် ကိုဗစ်-၁၉ ကို အစိုးရနဲ့ပြည်သူတစ်ရပ်လုံးက လူ့စွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဉာဏစွမ်းအားတွေနဲ့ စုပေါင်းပြီး အောင်မြင်အောင် ကာကွယ်ကြရေးစတာတွေကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် မိမိတို့နိုင်ငံရဲ့ အခြေခံစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ကြဖို့နဲ့ ပြည်သူအားလုံး သွေးစည်းညီညွတ်ကြစေဖို့ အလေးထား တိုက်တွန်းပြောကြားခဲ့ပါတယ်။

> ❖ နေပြည်တော်ကောင်စီနယ်မြေက မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မယ့် ဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်း၊ ကောလိပ်နဲ့ တက္ကသိုလ်တွေ ဖွင့်လှစ်နိုင်စေဖို့၊ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေဖို့နဲ့ မြို့တော်စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရေးအစရှိတဲ့ သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းစိုပြည်တဲ့ မြို့တော်တစ်ခုဖြစ်လာစေရေး အတွက် ပေါင်းစပ် ညှိနှိုင်းအဖြေရှာခဲ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဦးဆောင်တဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂ ရက်က ကျင်းပခဲ့သလို သတ္တမအကြိမ် အစည်းအဝေးကိုလည်း ဩဂုတ်လ ၉ ရက်မှာ ကျင်းပခဲ့ပါတယ်။ အဋ္ဌမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၆ ရက်၊ နဝမအကြိမ် အစည်းအဝေးကို ဩဂုတ်လ ၂၃ ရက်က ကျင်းပခဲ့ပြီး (၁၀) ကြိမ်မြောက် အစည်းအဝေးကိုတော့ ဩဂုတ်လ ၃၀ ရက်က ကျင်းပခဲ့တဲ့အတွက် တစ်လတာအတွင်း နိုင်ငံတော်အဆင့် အစည်းအဝေးပေါင်း ငါးကြိမ်ခန့် ကျင်းပပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းစဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်းခဲ့တာ မြင်တွေ့ရပါတယ်။

ညှိနှိုင်းအစည်းအဝေးတွေရဲ့ ရလဒ်တွေအဖြစ် နိုင်ငံတကာအကူအညီများ မြန်မြန်ဆန်ဆန် ရရှိလာခဲ့သလို၊ ကာကွယ်ဆေးထိုးနှံပေးနိုင်မှု တစ်နိုင်ငံလုံး မြင့်တက်လာခဲ့ပါတယ်။ ဇူလိုင်လအတွင်းက အရေးတကြီးလိုအပ်ခဲ့တဲ့ အောက်ဆီဂျင်ကိုလည်း ယခုလမှာ ပိုမိုတင်သွင်းလာနိုင်တာ၊ ပြည်တွင်း ထုတ်လုပ်နိုင်မှု မြင့်မားလာခဲ့တာတွေအပြင် ကုသရေးဆေးဝါးနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေရဲ့ ဈေးနှုန်းတွေကို ထိန်းချုပ်လာနိုင်ခဲ့ပါတယ်။ အခြေခံစားသောက်ကုန်တွေကို ရွှေ့လျားမော်တော်ယာဉ်များ ထံကနေ ပြည်သူများက ဈေးနှုန်းသက်သာ စွာနဲ့ ဝယ်ယူနိုင်ခဲ့တာကိုလည်း တွေ့မြင်ရပါတယ်။

ဩဂုတ်လအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေကို အစိုးရအဖွဲ့၊ ကျန်းမာရေး တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံး စုပေါင်းကြိုးပမ်းမှု ရလဒ်အဖြစ် ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်းနဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀ ရာခိုင်နှုန်းအောက်အထိ ကူးစက်မှု ကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတော်က ဝယ်ယူထားတာ၊ ပြည်ပနိုင်ငံများနဲ့ အဖွဲ့အစည်းများက လှူဒါန်းထားတာတွေကြောင့် ရရှိထားတဲ့ ကာကွယ်ဆေး ၁၀ ဒသမ ၂ သန်းကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက ပြည်သူများထံ အမြန်ဆုံးရောက်ရှိစေဖို့ ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့က မော်တော်ကား၊ လေယာဉ်၊ ရဟတ်ယာဉ်စတာတွေနဲ့ ပို့ဆောင်ပေးနိုင်ခဲ့တဲ့အတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ လျင်လျင်မြန်မြန် ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်တွေနဲ့ လက်ရှိအခြေအနေ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်မှာ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်တွေကို ကြိုတင်ဖြည့်ဆည်းပေးနေတဲ့ အခြေအနေ၊ ကိုဗစ်လှိုင်းများရဲ့ ရိုက်ခတ်မှုတွေကနေ သင်ခန်းစာရယူကာ ဆေးရုံတွေအားလုံးမှာ ကုသရေးအတွက် အမြဲကြိုတင်ပြင်ဆင်ရမယ့် အခြေ အနေ၊ ဆေးဝါးအတုများ ဖြန့်ဖြူးရောင်းချတာ၊ ဈေးကစားတာတွေကို တားမြစ်နိုင်ခဲ့တဲ့အတွက် ပြည်သူများ ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်ခဲ့တဲ့ အခြေအနေ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများ၊ ပရဟိတအသင်းအဖွဲ့ဝင်များ၊ စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများ၊ အကျဉ်းသူ၊ အကျဉ်းသားများ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဒေသများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ဒေသများ၊ တိုက်ပွဲရှောင်ဒေသများနဲ့ IDP camp များ စတဲ့ အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံက ပြည်သူများအားလုံးကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းတွေကိုလည်း အားရဖွယ်မြင်တွေ့ရပါတယ်။

ဩဂုတ်လ ၇ ရက်က ကျင်းပတဲ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (၁၃/၂၀၂၁) အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အကြမ်းဖက်မှုများ လျော့ကျလာမှု၊ ပကတိအခြေအနေနဲ့ ကိုက်ညီတဲ့ ရှေ့လုပ်ငန်းစဉ်များနဲ့ ဦးတည်ချက်များ အကောင်အထည်ဖော်နေမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အခြေအနေ၊ ငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးအတွက် ဆောင်ရွက်နေမှုများနဲ့ ပြည်နယ်၊ တိုင်းဒေသကြီး ကွာဟမှု၊ မြို့ပြ ကျေးလက်ကွာဟတာတွေ လျှော့ချပေးနိုင်မှုစတဲ့ လူမှုစီးပွားဘဝများ ပြန်လည်ဦးမော့နိုင်ရေး အခြေအနေအရပ်ရပ်တို့ကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ကောင်စီအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၂၁)ကို ဩဂုတ်လ ၁၀ ရက်မှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိမ်စောင့်အစိုးရအဖြစ် ဩဂုတ်လ ၁ ရက်က စတင်ပြင်ဆင်ဖွဲ့စည်းခဲ့ကာ ဝန်ကြီးချုပ်အဖြစ် မိမိကတာဝန်ယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုးတက်ရာ တိုးတက်ကြောင်း ကိစ္စရပ်တွေကို အားလုံးစုပေါင်းဆောင်ရွက်သွားကြဖို့ အမှာစကားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေကို အခြေခံပြီး အစိုးရအဖွဲ့အနေနဲ့ ပညာရေး မြင့်မားစေဖို့၊ သုတေသနကဏ္ဍဖွံ့ဖြိုးစေဖို့၊ တစ်ဦးချင်းဝင်ငွေရရှိမှုတိုးပွားစေဖို့နဲ့ စီးပွားရေး တောင့်တင်းခိုင်မာစေဖို့၊ စားနပ်ရိက္ခာဖူလုံပြီး စားအုံးဆီ၊ အထည်အလိပ်စတဲ့ ပြည်ပတင်သွင်းမှုတွေ လျှော့ချနိုင်စေဖို့၊ ပြည်တွင်းကနိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံတွေ ဖွံ့ဖြိုးအောင်မြင်စေဖို့၊ ကျန်းမာကြံ့ခိုင်စေဖို့ စတာတွေကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားတိုင်း မှတ်ပုံတင်ရရှိရေး၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ ပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ဝန်ကြီးချုပ်က ဦးဆောင်ဆွေးနွေးခဲ့တာကို မြင်တွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ဩဂုတ်လ ၁၇ ရက်က တက်ရောက်ခဲ့ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေက မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မယ့် ဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်း၊ ကောလိပ်နဲ့ တက္ကသိုလ်တွေ ဖွင့်လှစ်နိုင်စေဖို့၊ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေဖို့နဲ့ မြို့တော်စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရေးအစရှိတဲ့ သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းစိုပြည်တဲ့ မြို့တော်တစ်ခုဖြစ်လာစေရေးအတွက် ပေါင်းစပ် ညှိနှိုင်းအဖြေရှာခဲ့ကြပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ (၁၄/၂၀၂၁) အစည်းအဝေးကို ဩဂုတ်လ ၂၃ ရက်က ကျင်းပခဲ့ရာမှာလည်း ကိုဗစ် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအမံများ၊ ကပ်ရောဂါကြောင့် ကျဆင်းသွားခဲ့ရတဲ့ စီးပွားရေးပြန်လည်ဦးမော့လာစေရေး အစီအမံများ၊ ကာကွယ်ဆေးထိုးနှံတဲ့ အခြေအနေများ ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ အားလုံးပါဝင်ပြီး အချိုးကျ ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒအလေးထားနိုင်ဖို့အတွက် PR စနစ်နဲ့ ကျင့်သုံးဆောင်ရွက်နိုင်ဖို့ အလေးထားစဉ်းစားလျက်ရှိကြောင်း အပါအဝင်၊ တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ၊ ဒီမိုကရေစီစံနှုန်းဆိုင်ရာ အကြောင်းအရာတွေကို ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီရဲ့ အစည်းအဝေးအမှတ် (၄/၂၀၂၁) ကို ဩဂုတ်လ ၃၁ ရက်က ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ကော်မတီဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာမှာ နယ်စပ်ကုန်သွယ်ရေးစခန်းတွေရဲ့ လုံခြုံရေးဆိုင်ရာများ စနစ်တကျရှိစေဖို့နဲ့ သစ်တောမြေများ စနစ်တကျအသုံးပြုနိုင်ဖို့၊ စိုက်ပျိုးမြေတွေကိုလည်း အခြားကိစ္စရပ်တွေမှာ အသုံးမပြုစေဖို့၊ မြို့ရွာစီမံခန့်ခွဲရေးတွေမှာ ရေရှည်အတွက် စဉ်းစားစီမံဆောင်ရွက်ဖို့၊ နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သင့်တဲ့ ကိစ္စရပ်တွေနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွေကို ဆောင်ရွက်ကြဖို့ အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ပါတယ်။

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လတာကာလ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် ခြောက်လတာကာလ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများသို့ ဩဂုတ်လ ၂၄ ရက်က တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးအတွင်း ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ဦးစားပေး ကာလများဖြစ်သည့် အားလျော်စွာ မဖြစ်မနေသုံးစွဲရမည့် အခြေအနေများကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ အသုံးစရိတ်များကို အတတ်နိုင်ဆုံး စိစစ်သုံးစွဲရေး၊ ပြည်သူလူထု တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများကို အလေးပေးဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားခဲ့ပါတယ်။

**အာဆီယံ၊ မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံမှုအားကောင်းတဲ့ကာလ**

နိုင်ငံတကာမျက်နှာစာနဲ့ ထိတွေ့ဆက်ဆံမှုတွေမှာ မြန်မာနိုင်ငံအနေနဲ့ ဩဂုတ်လအတွင်း ပိုမိုအားကောင်းလာခဲ့ပြီး အာဆီယံအပါအဝင် မိတ်ဖက်နိုင်ငံများနဲ့ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဩဂုတ်လ ၈ ရက် (၅၄)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့မှာ ပြည်သူများထံကို သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့ပါတယ်။ အဲဒီသဝဏ်လွှာမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဆီယံရဲ့ စုပေါင်းအင်အားနဲ့ ကိုဗစ်-၁၉ ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားဖို့အတွက် ယုံကြည်မှုရှိပြီး တာဝန်ယူမှုရှိတဲ့ အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ယခုနှစ် အာဆီယံဆောင်ပုဒ် “သာယာဝပြောသော အာဆီယံသို့ အပြန်အလှန် ဖေးမကူညီမှုဖြင့် အတူတကွ ပြင်ဆင်ဆောင်ရွက်ကြပါစို့”နဲ့အညီ ဆောင်ရွက်နေကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံက အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးတွေမှာ လက်တွဲသွားဖို့ ခိုင်မာစွာ သန္နိဋ္ဌာန်ချထားကြောင်းနဲ့ အားလုံးက တက်တက်ကြွကြွ ပူးပေါင်းကြဖို့ တိုက်တွန်းထားခဲ့ပါတယ်။

(၅၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနဲ့ ဆက်စပ် အစည်းအဝေးတွေဖြစ်တဲ့ (၂၃)ကြိမ်မြောက် အာဆီယံ နိုင်ငံရေး၊ လုံခြုံရေးနဲ့ အသိုက်အဝန်းကောင်စီအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနဲ့ အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များတွေ့ဆုံပွဲ၊ (၂၉) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေး၊ အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးများကို ဩဂုတ်လ ၂ ရက်မှာ ကျင်းပခဲ့သလို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး(၂) ကို သဘောတူလက်ခံကြောင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါတယ်။ ဩဂုတ်လ ၃ ရက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံတွေအကြား သီးသန့်ပြုလုပ်တဲ့ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး အခမ်းအနားတွေကို ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ တာဝန်ရှိသူများက အသီးသီးတက်ရောက်ခဲ့ပါတယ်။

ဩဂုတ်လ ၃ ရက်က ကျင်းပတဲ့ ဒုတိယအကြိမ်မြောက်မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ဝန်ကြီးများအစည်းအဝေးမှာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာမှာ အမေရိကန်နိုင်ငံက မဲခေါင်နိုင်ငံတွေကို ကိုဗစ်-၁၉ ဆိုင်ရာ ကူညီထောက်ပံ့မှုတွေအတွက် ကျေးဇူးတင်အသိအမှတ်ပြုတဲ့အပြင် မြန်မာပြည်သူများရဲ့ အသက်အန္တရာယ်ကိုကာကွယ်ပေးနိုင်ဖို့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပါအဝင် အခြားထောက်ပံ့မှုတွေကို ပိုမိုပေးအပ်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဖွံ့ဖြိုးမှုအစီအစဉ်တွေများစွာ ပါဝင်တဲ့ မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုရဲ့ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၃) ထုတ်ပြန်ခဲ့တဲ့အပေါ် ကြိုဆိုခဲ့ပါတယ်။

*ဆက်လက်ဖော်ပြပါမည်*



ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

- **အားလုံးပါဝင်ပြီး အချိုးကျ ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒအလေးထားနိုင်ဖို့အတွက် PR စနစ်နဲ့ ကျင့်သုံးဆောင်ရွက်နိုင်ဖို့ အလေးထားစဉ်းစားလျက်ရှိကြောင်း အပါအဝင်၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ၊ ဒီမိုကရေစီစံနှုန်းဆိုင်ရာ အကြောင်းအရာတွေကို ထည့်သွင်းဆွေးနွေးခဲ့**
- **မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး(၂) ကို သဘောတူလက်ခံကြောင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့**



စက်တင်ဘာ ၅ ရက်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ Ooredoo ဆက်သွယ်ရေးတာဝါတိုင် အောက်ခြေရှိ စက်ပုံးအား အကြမ်းဖက်သူများ မိုင်းထောင်ဖောက်ခွဲထားသည်ကို တွေ့ရစဉ်။



စက်တင်ဘာ ၅ရက်က မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ၌ စိုက်ထူထားသည့် Ooredoo ဆက်သွယ်ရေးတာဝါတိုင်၏ အထိုင်စက်ပုံးကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားစဉ်။

❂ *ရှေ့ဖုံးမှ*

(ခ) အများပြည်သူဆိုင်ရာနေရာများအား လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ၃၀၄ ကြိမ်။

(ဂ) အပြစ်မဲ့ပြည်သူများအပေါ် လုပ်ကြံသတ်ဖြတ်မှုများကြောင့် ပြည်သူ (သံဃာ ၆ ပါး အပါ) ၇၉၉ ဦး သေဆုံးပြီး ၇၂၆ ဦး ဒဏ်ရာရ။

(ဃ) အစိုးရဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၃၈၆ ကြိမ်။

(င) အများပြည်သူဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ ဈေးများအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၃၁ ကြိမ်။

(စ) အများပြည်သူဆိုင်ရာ လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးမှု ၁၇၂ ကြိမ်။

(ဆ) ပညာရေးဆိုင်ရာအဆောက်အဦ(စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ပညာရေးမှူးရုံး) များအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၄၀၆ ကြိမ်။

(ဇ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ကိုဗစ်ကာကွယ်ဆေးထိုးသည့် နေရာများအား အကြမ်းဖက်တိုက်ခိုက်မှု ၂၁ ကြိမ်။

(ဈ) အများပြည်သူသုံး ဆက်သွယ်ရေးတာဝါတိုင်များအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၆၈ ကြိမ်။

အထက်ပါ အကြမ်းဖက်လုပ်ရပ်များတွင် စစ်ဘက်ဆိုင်ရာပစ်မှတ်များနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တပ်စခန်းနေရာများအား တိုက်ခိုက်မှုများ ပါဝင်ခြင်းမရှိဘဲ စစ်ဘက်နှင့်မသက်ဆိုင်သည့် အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာနေရာများ၊ အေးချမ်းစွာနေထိုင်လိုသည့် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများအား အကြမ်းဖက်တိုက်ခိုက်မှုများ၊ NLD ပါတီကို မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှုများကို နိုင်ငံတကာအသိုက်အဝန်းကလည်း လက်ခံနိုင်မည်မဟုတ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသည့်နေရာများကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခြင်းသည် ဇီဝအကြမ်းဖက်မှုမြောက်ပြီး လွန်စွာလူမဆန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းသာဖြစ်ပါသည်။

NUG အကြမ်းဖက်အဖွဲ့က အထက်ပါ အကြမ်းဖက်မှုလုပ်ရပ်များကို အရှိန်မြှင့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် အရေးပေါ် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကထောက်တိုင်များကို ပစ်မှတ်ထားတိုက်ခိုက်ရန်၊ အုပ်ချုပ်ရေးမှူးများ အလုပ်မှချက်ချင်းနုတ်ထွက်ရန်၊ ပြည်သူများအား မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုရန်နှင့် ဝန်ထမ်းများ ရုံးမတက်ရန်" ဟူသော အချက်များဖြင့် ပြည်သူလူထုအား အစမ္မခြိမ်းခြောက်ထားသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်သည် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို တုံ့ပြန်ရင်ဆိုင်နေရသော ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပိုမိုဆိုးရွားစေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအတွက် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေသည့် အကြမ်းဖက်လှုံ့ဆော်မှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်အပေါ် ပြည်တွင်းရှိနိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက်ကြသည့်အပြင် နိုင်ငံတကာမှလည်း လက်မခံသည့်သဘောထားများဖြင့် ဝေဖန်ပြောကြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

မည်သည့်လူ့အဖွဲ့အစည်း၊ မည်သည့်နိုင်ငံကမျှ လက်မခံသည့် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများအား နိုင်ငံတကာတွင် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတကာ စံနှုန်းများနှင့်အညီ ထိရောက်ပြတ်သားစွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံနိုင်သည့် အကြမ်းဖက်ဝါဒအား ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဝါဒ အမြစ်မတွယ်စေရေးအတွက် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အကြမ်းဖက်မှုများကို တိုက်ဖျက်ရာ၌ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများက သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြသလို မိမိတို့နိုင်ငံတွင်လည်း မိဘပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိစေရေး သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေးပို့ခြင်းဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအသိပေးနှိုးဆော်အပ်ပါသည်။



ဩဂုတ် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နေမှုကို အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ဖောက်ခွဲသဖြင့် ပျက်ဆီးသွားမှုများကို တွေ့ရစဉ်။



ဇွန် ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကျောင်း တစ်ကျောင်းကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားစဉ်။

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှုဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီး ကုန်းရပ်ကွက်ရှိ အသောကာရုံ ရွှေကျင်စာသင်တိုက်၊ ဒလမြို့နယ် ကာမာကဆစ်ရှိ အလယ်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အရှေ့ခင်မကန် ကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်း ၅၀ တို့မှ ဆရာတော်၊ သံဃာတော်များနှင့်



သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိရတနာပရိယတ္တိ သီလရှင်စာသင်တိုက်ရှိ သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေကူမြို့ မိုးစပါးစံပြစိုက်ခင်း၌ မြေဩဇာကျွေး ပညာပေးကွင်းသရုပ်ပြပြီး ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့

**ရွှေကူ စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး မိုးစပါးဆင်းကေရီ-၃ ( RS to CS) မျိုးသန့်ထုတ်စံပြစိုက်ခင်း၌ ဓာတ်မြေဩဇာကို အကျိုးရှိစွာသုံးစွဲရေး ပညာပေးကွင်းသရုပ်ပြပွဲနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုလျော့ကျပြီး ဟင်းသီးဟင်းရွက်စားသုံးမှု ထိခိုက်မှုမရှိစေရန်ရည်ရွယ်၍ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၈ ရက်က မံဝိန်းကျေးရွာကွင်းအမှတ်( ၂၈-က ) ဦးပိုင်( ၃၄ )တောင်သူ ဦးစိန်လွင်၏ လယ်မြေတွင် ကျင်းပသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုလျော့ကျပြီး ဟင်းသီးဟင်းရွက်စားသုံးမှု ထိခိုက်မှု မရှိစေရန်အတွက် တောင်သူများ မိမိတို့အိမ်ပတ်ဝန်းကျင်တွင် တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်း ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်များ ထောက်ပံ့ပေးအပ်ရာ ရွှေကူမြို့နယ်အတွင်းရှိ မံဝိန်း၊ စီသာ၊ စီမော်ကျေးရွာများရှိ တောင်သူ ရှစ်ဦးထံ ဟင်းသီးဟင်းရွက်မျိုးစေ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ ဗိုလ်မှူးကျော်မိုးသွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှိုင်မင်းဦးတို့က တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

**ခင်ပပသိန်း (ပြန်/ဆက်)**

## အင်းလေးကန်အတွင်း ငါးမျိုးစိုက်ထည့်ပြီး ငါးမွေးတောင်သူများအား ဇာပြာလှောင်အိမ်ပေးအပ်

**ညောင်ရွှေ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အင်းလေးကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများအား ဇာပြာလှောင်အိမ်ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာ နန်းကပ်ချောင်းနံဘေးရှိ ဘုန်းကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလွမ်းမိုးဇော်၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်သီဟထွေး၊ ညောင်ရွှေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက အင်းလေးကန်အတွင်းသို့ ရေစီးဝင်သည့် နန်းကပ်ချောင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြသည်။**(အောက်ပုံ)**

ထို့နောက် ငါးမွေးတောင်သူများအတွက် ငါးမွေးမြူရေးလုပ်ငန်းသုံး ဇာပြာလှောင်အိမ်များ ပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇာပြာလှောင်အိမ်များကို ပေးအပ်ရာ ဒေသခံငါးမွေးတောင်သူများက အသီးသီး လက်ခံရယူကြသည်။



အခမ်းအနားပြီးတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် အဖွဲ့သည် အင်းလေးကန်အတွင်း သွားရောက်၍ အင်းရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။ အဆိုပါ ငါးမျိုးစိုက်ထည့်မှုတွင် ငါးဖိန်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးသား ပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ကျောက်ပန်းတောင်းမြို့၌ ချောင်းရေတိုက်စားမှုကြောင့် ပြတ်တောက်သွားခဲ့သည့် ရေသွယ်ပိုက်များ ပြန်လည်ပြုပြင်ပြီးစီး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် မြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေပို့ဆောင်ရန် ဆည်ပေါက်ရေစုကန်သို့ ဆက်သွယ်ပို့ဆောင်သည့် ငဝစမ်းရေထွက်နှင့် ကြို့ချောင်းရေထွက်များမှ ရေသွယ်ယူသည့် ၁၀ လက်မရေပိုက်လိုင်းမှာ လွန်ခဲ့သည့်ရက်များက ရွာသွန်းမိုးဖြင့် ဆည်ပေါက်ချောင်းရေတိုက်စားမှုကြောင့် ပြတ်တောက်သွားခဲ့ရာ စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချမ်းငြိမ်း၏ ကြီးကြပ်မှုဖြင့် ပြန်လည်ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။

ပုပ္ပားတောင်မကြီးမှ ငဝစမ်းရေထွက်၊ ကြို့ချောင်းရေထွက်၊ ရေငန်းရေထွက်နှင့် ရေတင်ရေထွက်ဟူ၍ ရေထွက်ကြီး လေးခုရှိသည့်အနက် အဆိုပါ ငဝစမ်းရေထွက်နှင့် ကြို့ချောင်းရေထွက်များမှ ရေထွက်အား အများဆုံးဖြစ်ကြောင်းသိရပြီး ၎င်းရေထွက်များမှ မိုးရာသီကာလတွင် တစ်နာရီလျှင် ရေဂါလန် ၁၅၀၀၀ ကျော် ခန့်ထွက်ရှိကြောင်း သိရသည်။ ၎င်းရေထွက်များမှ ရေများကို ဆည်ပေါက်ကျေးရွာ ရေစုကန်သို့ ပို့ဆောင်၍ ဆည်ပေါက်ရေစုကန်မှတစ်ဆင့် ကျောက်ပန်းတောင်းမြို့သို့ ပို့ဆောင်ခြင်းဖြစ်ရာ ပိုက်ဆက်ပြုပြင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ကျောက်ပန်းတောင်းမြို့နှင့် အနီးဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေလုံလောက်စွာဖြင့် ပုံမှန်အတိုင်း ပြန်လည်ဖြန့်ဝေသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မောင်တောမြို့နယ် ဝေသာလီ-ဥဒေါင်း ကားလမ်းပျက်စီးနေမှု အမြန်ဆုံးပြုပြင်ထိန်းသိမ်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**မောင်တော စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ် မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အင်ဂျင်နီယာများပါဝင်သော ဌာနဆိုင်ရာတာဝန်ရှိသူများသည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဝေသာလီ-ဥဒေါင်း သွားကားလမ်းတွင် လမ်းများပျက်စီး ယိုယွင်းနေမှုများကြောင့် ယာဉ်များသွားလာမှု အခက်အခဲများ ဖြစ်ပေါ်နေသည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့သို့ စစ်ဆေးဆောင်ရွက်ရာတွင် ဝေသာလီ- ဥဒေါင်းသွား (၁၃/၀)မိုင် ကားလမ်းသည် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် လမ်းအကျယ် ၁၂ ပေသာရှိသဖြင့် တစ်ဖက်နှင့် တစ်ဖက်ရှောင်တိမ်းရန် မလွယ်ကူသည့်အပြင် လမ်းပျက်စီးမှုကြောင့် ယာဉ်ရှောင်တိမ်းရာတွင် တိမ်းမှောက်မှုများ ဖြစ်ပေါ်နိုင်ခြင်း၊ လမ်းပျက်စီးနေမှုကြောင့် ကုန်စည်စီးဆင်းခြင်း ရပ်တန့်မှုမရှိစေရန်အတွက် မဖြစ်မနေ လတ်တလောပြုပြင် ထိန်းသိမ်းနိုင်ရန် လမ်းပျက်စီးမှုအပိုင်း ၁၈ နေရာ စစ်ဆေးတွေ့ရှိရပြီး အဆိုပါ လမ်းပျက်စီးမှုကို အမြန်ဆုံး ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သို့ဖြစ်၍ ကုန်တင်ကားကြီးများအနေဖြင့် မောင်တောမြို့သို့ ကုန်ပစ္စည်းများနှင့် ဝင်ရောက်လာပါက ဥဒေါင်း-ဝေသာလီ-မောင်တော လမ်းအတိုင်းအသုံးပြုကြရန်နှင့် မောင်တောမြို့မှ ပြန်လည်ထွက်ခွာပါက မောင်တော- ကညင်တန်း-အလယ်သံကျော်- ဥဒေါင်းလမ်းအတိုင်း အသုံးပြု သွားလာရမည်ဖြစ်ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်တွင်ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လူကုန်ကူးမှုတိုက်ဖျက်ဖို့ တွဲလက်ညီညာခိုင်မြဲစို့

IP Khaing Htoo Bo(ATIPD)

ခေတ်ကာလယန္တရားတွေ ဘယ်လိုပဲပြောင်းလဲလာပါစေ၊ ကမ္ဘာဦးခေတ်ကာလကတည်းက ယခုအချိန်ထိ ကျန်ရှိနေတဲ့အရာတစ်ခုကတော့ လူအချင်းချင်းကျွန်ပြုမှုပဲဖြစ်ပါတယ်။ ဥရောပနိုင်ငံတွေမှာ ဘီစီ ၅၀၀ ခုနှစ်ခန့်ကတည်းက ကျွန်ရောင်းဝယ်မှုစနစ်တွေကို ပေါ်ပေါ်ထင်ထင် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ခဲ့ကြပါတယ်။ ကျွန်တွေကို လိင်ဖျော်ဖြေမှုတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ အန္တရာယ်များတဲ့ လုပ်ငန်းခွင်တွေအတွက် အသုံးပြုကြပါတယ်။ ၁၈၀၀ ပြည့်နှစ် နောက်ပိုင်းကာလတွေမှာတော့ ကျွန်စနစ်ဟာ လုံးဝပပျောက်သွားခဲ့ပေမယ့်လည်း ခေတ်သစ်ကျွန်ပြုမှုစနစ်ဖြစ်တဲ့ လူကုန်ကူးမှုဆိုတာ ပေါ်ပေါက်လာပါတော့တယ်။

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့**




**လူကုန်ကူးမှုကိစ္စရပ်များကို သံသယရှိပါက အနီးဆုံးရဲစခန်း သို့မဟုတ် အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပါ-**

| | | |
|---|---|---|
| နေပြည်တော် | - | ၀၉ ၄၉၅၅၅၆၆၆၊ ၀၉ ၄၉၅၅၅၇၇၇၊ |
| | | ၀၉ ၄၉၅၅၅၈၈၈၊ ၀၉ ၄၉၅၅၅၉၉၉ |
| ရန်ကုန် | - | ၀၉ ၈၈၀၁၂၂၅၅၅၊ ၀၉ ၈၈၀၁၂၂၆၆၆ |
| မန္တလေး | - | ၀၉ ၈၈၀၁၂၂၇၇၇၊ ၀၉ ၈၈၀၁၂၂၈၈၈ |
| မူဆယ် | - | ၀၉ ၈၈၀၁၂၂၉၉၉ |

### လူကုန်ကူးမှုဆိုတာ

ခေတ်သစ်ကျွန်ပြုမှုဖြစ်တဲ့ လူကုန်ကူးမှုဆိုတာ မိမိအကျိုးစီးပွားတစ်ခုတည်းအတွက် လူတွေရဲ့ ကိုယ်ကာယ၊ လုပ်အားတွေကို ခေါင်းပုံဖြတ်အမြတ်ထုတ် အကျိုးအမြတ်ရယူခြင်းပဲ ဖြစ်ပါတယ်။ ခေတ်သစ်ကျေးကျွန်စနစ်ဖြစ်တဲ့ လူကုန်ကူးမှုပြဿနာဟာ လူမှုအသိုင်းအဝိုင်းကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိတဲ့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ပဲ ဖြစ်ပါတယ်။ လူကုန်ကူးမှုဟာ ကြိုတင်ကြံစည် ကျူးလွန်လေ့ရှိတဲ့ ပြစ်မှုအမျိုးအစားဖြစ်ပြီး ငွေကြေးဆိုင်ရာမှုခင်းတွေနဲ့လည်း ဆက်စပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာလည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေလိုပဲ အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်ခဝင်ငွေနည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းတွေကြောင့် လူကုန်ကူးမှုတွေ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

လတ်တလောဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေကြောင့် စီးပွားရေးလုပ်ငန်းတွေ ရပ်ဆိုင်းသွားပြီး အလုပ်လက်မဲ့တွေ ပိုမိုများပြားလာတဲ့အတွက် လူကုန်ကူးမှုတွေ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း သတိပြုရမှာဖြစ်ပါတယ်။

### လူကုန်ကူးမှုဆိုတာဘာလဲ

မြန်မာနိုင်ငံမှာ ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ ပုဒ်မ ၃(က)တွင် လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ **"ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအားထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကို သော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း"** ပြုရန်အလို့ငှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း တစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်ဟု ဖော်ပြထားရှိပါသည်။ ဒါ့အပြင် ကမ္ဘာတစ်ဝန်းမှာ အငှားကိုယ်ဝန်ဆောင်ခြင်း၊ အဓမ္မမွေးစားခြင်း၊ လိမ်လည်လက်ထပ်၍ လူကုန်ကူးခြင်းကဲ့သို့သော လူကုန်ကူးမှုပုံစံအသစ်တွေ ဖြစ်ပွားလာတာကိုလည်း တွေ့ရှိရပါတယ်။

### ဘယ်သူတွေ လူကုန်ကူးခံရနိုင်လဲ

အမျိုးသမီးများ၊ အမျိုးသားများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများပါမကျန် ကျား/မ အသက်အရွယ်မရွေး လူကုန်ကူးခံရနိုင်ခြေရှိကြောင်း သတိထားစေလိုပါတယ်။ လူကုန်ကူးမှု ကျူးလွန်ခံရသူအများစုဟာ ဘဝရပ်တည်ရန်ခက်ခဲတဲ့ အခြေအနေတွေကြောင့် အလုပ်အကိုင်နဲ့ ဝင်ငွေများရရှိဖို့ မျှော်လင့်ခြင်း၊ မိမိနဲ့ မိသားစုဘဝအခြေအနေ မြင့်မားလာမယ်လို့ မျှော်လင့်ခြင်း၊ မိမိ၏ဆင်းရဲသောဒုက္ခမှ လွတ်မြောက်မည်ဟု မျှော်လင့်ခြင်း၊ ဘဝအသစ်ထူထောင်လိုခြင်းတွေကြောင့် လူကုန်ကူးသူတွေရဲ့ မက်လုံးပေးစည်းရုံးမှုတွေကို ယုံကြည်ရာမှ လူကုန်ကူးခံရမှု အများဆုံးဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် လူငယ်လူရွယ်များအနေနဲ့လည်း Facebook၊ TIK TOK လူမှုကွန်ရက် အသုံးများလာခြင်း၊ မိမိရဲ့ ဘဝအခြေအနေအမှန်ကို လက်ခံခြင်းမရှိဘဲ ခေတ်နဲ့အညီ ဝတ်စားဆင်ယင်လိုခြင်း၊ အပျော်အပါးမက်ခြင်းတွေက လူကုန်ကူးမှုဖြစ်ပွားစေဖို့ တွန်းအားပေးလျက်ရှိပါတယ်။

လူကုန်ကူးခံရသူအများစုဟာ လူကုန်ကူးသူတွေကို မိမိတို့ရဲ့ဘဝအား မြှင့်တင်ပေးမည့် ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားကြပြီး ၎င်းတို့အား ခေါင်းပုံဖြတ်/ အသုံးချမှသာ လူကုန်ကူးခံရမှန်း သိရှိကြရခြင်း၊ သွေးသားတော်စပ်သူများက လူကုန်ကူးခြင်း၊ လူကုန်ကူးခံရကြောင်း တာဝန်ရှိသူများထံ တိုင်ကြားရန် ဝန်လေးနေကြခြင်းတွေကြောင့် လူကုန်ကူးမှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ် တားဆီးရန်မှာ လွယ်ကူသည့် လုပ်ငန်းတစ်ခုတော့ မဟုတ်ပါချေ။ သို့ဖြစ်ရာ ပြည်သူတွေအနေနဲ့ လူကုန်ကူးမှုနဲ့ ပတ်သက်တဲ့ အသိပညာတွေကို အပြည့်အဝနားလည်သိရှိပြီး လူကုန်ကူးမှု ကျူးလွန်လေ့ရှိသူတွေကို စောင့်ကြည့်ဖော်ထုတ်ရာမှာ တွဲလက်ညီညာစွာဖြင့် ပူးပေါင်းပါဝင်မှသာလျှင် လူကုန်ကူးမှုဖြစ်ပွားနိုင်ခြေတွေကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

### ဘယ်သူတွေက ဘယ်လိုလူကုန်ကူးနေလဲ

လူကုန်ကူးသူတွေဟာ မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်မဆိုဖြစ်နိုင်ပြီး အမျိုးသမီး/အမျိုးသား ခွဲခြားလို့မရပါ။ ထို့အပြင် လူကုန်ကူးသူတွေဟာ သူစိမ်းတွေထက် ဆွေမျိုးသားချင်းများ၊ အသိမိတ်ဆွေများ၊ ယုံကြည်အားကိုးရသူများ၊ လူကုန်ကူးခံရသူများအပေါ် ဩဇာညောင်းသူများလည်း ပါဝင်တတ်ကြပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း၊ အလုပ်လက်မဲ့များပြားလာခြင်းတို့ဖြစ်ပွားလျက်ရှိရာ လူကုန်ကူးသူတွေအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေလျက်ရှိပါတယ်။ လူကုန်ကူးသူတွေဟာလည်း အဲဒီအခွင့်အလမ်းတွေကို အသုံးချပြီး ရွှေ့ပြောင်းအလုပ်သမားများ၊ မိသားစု စီးပွားရေးအကျပ်အတည်းကြောင့် ပညာဆက်လက် သင်ကြားနိုင်ခြင်း မရှိတော့သည့် ကလေးသူငယ်များ၊ အလုပ်လက်မဲ့များကို လူကုန်ကူးမှု ကျူးလွန်ရန် စုဆောင်းလျက်ရှိပါသည်။

ယနေ့ ကမ္ဘာကြီးမှာ အွန်လိုင်းအသုံးပြုမှု ပိုမိုတွင်ကျယ်လာတာနဲ့အမျှ အွန်လိုင်းအသုံးပြုတဲ့ ပြစ်မှုကျူးလွန်မှုတွေလည်း တိုးပွားလာပါတယ်။ လူကုန်ကူးသူတွေဟာ လူမှုကွန်ရက်တစ်ခုခုကို အသုံးပြုပြီး ၎င်းတို့ပစ်မှတ်ထားသူတွေကို အလုပ်အကိုင်မက်လုံးပေး၍ စည်းရုံးခြင်း၊ ချစ်ကြိုက် ဟန်ဆောင်၍စည်းရုံးခြင်း၊ ရင်းနှီးမှုရယူ၍ စည်းရုံးခြင်းတွေအပြင် လူမှုကွန်ရက်မှတစ်ဆင့် သမီးရည်းစားဖြစ်သူများအား လိမ်လည်လက်ထပ်၍ လူကုန်ကူးခြင်း အစရှိတဲ့နည်းလမ်းတွေနဲ့ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာအစိုးရဌာနတွေရဲ့ စာရွက်စာတမ်းတွေကို အတုပြုလုပ်ပြီး လူကုန်ကူးမှု၊ တရုတ်အမျိုးသားတွေရဲ့ သတို့သမီးလိုအပ်ချက်ကြောင့် စည်းရုံးလက်ထပ်မှုများ၊ တရုတ်အမျိုးသားတွေနဲ့ လက်ထပ်ဖို့ ဥပဒေနဲ့အညီ တည်ထောင်ထားခြင်းမရှိတဲ့ ကုမ္ပဏီများက တရားမဝင်ပို့ဆောင်မှုတွေလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနဲ့ ခေါင်းပုံဖြတ်ခံရမှုများကဲ့သို့သော လူကုန်ကူးမှုတွေကို ဆင်းရဲနွမ်းပါးတဲ့ မိသားစုမှ မိန်းကလေးငယ်တွေနဲ့ ကလေးသူငယ်တွေက ပိုမိုခံစားရကြောင်း တွေ့ရှိရပါတယ်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်တဲ့ လူကုန်ကူးမှုတွေဟာ အထူးသဖြင့် ကာရာအိုကေခန်းများ၊ အနှိပ်ခန်းများ၊ အလှပြင်ဆိုင်များနှင့် Club များမှတစ်ဆင့် ပိုမိုဖြစ်ပွားလျက်ရှိတာကို တွေ့ရှိရပါတယ်။

အလုပ်သမားစုဆောင်းသူများဟာ အလုပ်သမားများအား စုဆောင်းရာတွင် ဝန်ဆောင်ခနှင့် စာရွက်စာတမ်းကြေးအား ကြိုတင်ငွေမှဖြတ်တောက်မည်ဟု ပြောဆိုစည်းရုံးပြီး အိမ်အကူလုပ်ငန်း၊ အစားအသောက်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများသို့ ပို့ဆောင်ကြပါတယ်။ လုပ်ငန်းခွင်သို့ရောက်ရှိသောအခါ အကြွေးဖြင့် ချည်နှောင်၍ အနိုင်အထက်ပြုခြင်း၊ ပတ်စ်ပို့သိမ်းဆည်းခြင်း၊ စာချုပ်ပြောင်းလဲခြင်း၊ လုပ်အားခပြင်ဆင်သတ်မှတ်ခြင်းနှင့် လစာဖြတ်တောက်ခြင်းများ ပြုလုပ်လေ့ရှိကြောင်း တွေ့ရှိရပါတယ်။

စာမျက်နှာ ၁၁ သို့

**✻ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း၊ အလုပ်လက်မဲ့များပြားလာခြင်းတို့ ဖြစ်ပွားလျက်ရှိရာ လူကုန်ကူးသူတွေအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေလျက်ရှိပါတယ်။ လူကုန်ကူးသူတွေဟာလည်း အဲဒီအခွင့်အလမ်းတွေကို အသုံးချပြီး ရွှေ့ပြောင်းအလုပ်သမားများ၊ မိသားစုစီးပွားရေး အကျပ်အတည်းကြောင့် ပညာဆက်လက်သင်ကြားနိုင်ခြင်း မရှိတော့သည့် ကလေးသူငယ်များ၊ အလုပ်လက်မဲ့များကို လူကုန်ကူးမှု ကျူးလွန်ရန် စုဆောင်းလျက်ရှိ**

# အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့်ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းကဖွဲ့စည်းထားသော NUG ၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွေးစု အနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဘို့ကျည်(ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ၊ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E)လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါ တိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦးသေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြား အရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့်ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတို ငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့် ပတ်သက်၍ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ အရ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိ ငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများ ငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါ ငှားရမ်းထားသည့်နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူ ဆောင်ရွက်သည့်အမှုများနှင့် ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

---

*စာမျက်နှာ ၁၀ မှ*

### လူကုန်ကူးမှုကျူးလွန်ခံရခြင်း၏ ဆိုးကျိုးတွေက ဘာတွေလဲ

မြန်မာနိုင်ငံမှာ လူကုန်ကူးမှုတွေ အများအပြားဖြစ်ပွားလျက်ရှိနေပေမယ့် နိုင်ငံသားအများစုကတော့ လူကုန်ကူးမှုတွေကို ယုံတမ်းတစ်ခုလိုသဘောထားပြီး အလေးမထားကြပါ။ လူကုန်ကူးခံရပါက လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၊ ရိုက်နှက်ခံရခြင်း၊ ပိတ်လှောင်ခံရခြင်း၊ အစာမစားရခြင်း၊ အိပ်ရေးဝဝ မအိပ်ရခြင်း၊ နားချိန်မရှိခြင်း၊ သတ်မှတ်နာရီထက် အချိန်ပိုခိုင်းစေခံရခြင်း၊ နှိပ်စက်ခိုင်းစေခံရခြင်း၊ အမြဲတမ်းကြောက်ရွံ့နေရခြင်း၊ လူ့အခွင့်အရေးများ ဆုံးရှုံးခြင်း၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် ခိုင်းစေခံရခြင်း၊ သဘောတူထားသည့်အတိုင်း လစာမရရှိခြင်း (သို့မဟုတ်) လုံးဝမရရှိခြင်း၊ ဂုဏ်သိက္ခာဆုံးရှုံးခြင်း၊ ရောဂါရရှိခြင်း၊ အမျိုးအနွယ်ပျက်စီးစေခြင်းအစရှိသည့် ကိုယ်ရောစိတ်ပါ နှိပ်စက်ညှဉ်းပန်းခြင်းများ ခံရနိုင်ပါတယ်။ အဲဒီလို ဆိုးကျိုးများစွာ ခံစားရနိုင်တဲ့အတွက် စာရေးသူတို့နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ လူကုန်ကူးမှုကို ကပ်ရောဂါတစ်ခုလို ကြောက်ရွံ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ တစ်တပ်တစ်အား ပူးပေါင်းပါဝင်စေချင်ပါတယ်။

### လူကုန်ကူးမှုကျူးလွန်မခံရအောင် ဘယ်လိုကာကွယ်မလဲ

ရွှေ့ပြောင်းသွားလာခြင်းသည် ထူးဆန်းသောအရာတစ်ခုမဟုတ်ဘဲ ရှေးယခင်နှစ်ပေါင်းများစွာကပင် လူသားများသည် တစ်နေရာမှတစ်နေရာ၊ တစ်နိုင်ငံမှတစ်နိုင်ငံ ရွှေ့ပြောင်းသွားလာခဲ့ကြပါတယ်။ ထိုသို့ရွှေ့ပြောင်းသွားလာရာမှာ လူမျိုးမတူခြင်း၊ ဘာသာစကားမတူခြင်း၊ အစားအသောက်မတူခြင်း၊ ယဉ်ကျေးမှုမတူခြင်း၊ ဓလေ့ထုံးတမ်းမတူခြင်း၊ ရာသီဥတုမတူခြင်း၊ ပတ်ဝန်းကျင်မတူခြင်း အစရှိတဲ့အခက်အခဲတွေ အရင်ဆုံးတွေ့ကြုံရမှာဖြစ်ပြီး နောက်ဆက်တွဲအနေနဲ့ လူကုန်ကူးခြင်းခံရနိုင်ပါတယ်။

သို့ဖြစ်ရာ မိမိ၏နေရပ်မှ နိုင်ငံအတွင်း အခြားတစ်နေရာရာသို့ သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုပါက နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)အား ယူဆောင်သွားရမည့်အပြင် လုပ်ကိုင်ရမည့်အလုပ်အကိုင်၊ လုပ်ခလစာ၊ အလုပ်ရှင်အမည် (သို့မဟုတ်) လုပ်ငန်းအမည်၊ ဥပဒေနှင့် ငြိစွန်းသောအလုပ်ဟုတ်/မဟုတ်၊ လုပ်ငန်းခွင်သို့ ရောက်ရှိသည့်အခါ မျှော်မှန်းထားသည့် လုပ်ခလစာနှင့် အလုပ်အကိုင် ကွဲလွဲနေပါက ချိတ်ဆက်ဆောင်ရွက်ရမည့်သူ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် လူမှုကူညီရေးအသင်းများ၏ ဖုန်းနံပါတ်များ၊ လိပ်စာများကို သိရှိထားရန် လိုအပ်ပါတယ်။ သို့မှသာ အခက်အခဲတစ်ခုခုကြုံသည့်အခါ အကူအညီတောင်းခံနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံသားတစ်ဦးအနေနဲ့ အခြားနိုင်ငံတွေကို ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာမှာ တရားမဝင်သွားရောက်ခြင်းမပြုဘဲ တရားဝင်ရွှေ့ပြောင်းသွားလာသင့်ကြောင်း အကြံပြုတိုက်တွန်း လိုပါတယ်။ တရားမဝင်သွားရောက်ပါက ငါးဖမ်းစက်လှေများ၊ အန္တရာယ်ရှိလုပ်ငန်းခွင်များ၊ စက်ရုံများ၊ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် ရောင်းစားခံရခြင်း၊ အလုပ်ရှင်များ၏ လိမ်လည်လှည့်ဖြားခြင်းများ ခံရနိုင်ပါတယ်။ အခြားနိုင်ငံတွေကို ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်လိုပါက တရားဝင်မှတ်ပုံတင်ထားတဲ့ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့်သာ ချိတ်ဆက်ဆောင်ရွက်၍ တရားဝင်လမ်းကြောင်းမှ သွားလာဖို့ အရေးကြီးပါတယ်။ ထိုသို့ သွားလာရာမှာ တရားဝင် စာရွက်စာတမ်းအထောက်အထားများ ရယူခြင်း၊ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံ၊ လုပ်ငန်းအမျိုးအစား၊ လုပ်ခလစာ၊ ငွေကြေးလဲလှယ်မှုနှုန်းထား၊ စာချုပ်ပါအချက်အလက်တွေကိုလည်း လေ့လာမှတ်သားထားဖို့ အရေးကြီးပါတယ်။

မိမိ သွားရောက်မယ့်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ တရားဝင် အလုပ်သမားစေလွှတ်ခွင့်ပြုထားတဲ့ နိုင်ငံဖြစ်ဖို့လည်း လိုအပ်ပါတယ်။ မိမိနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတဲ့ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီဟာ တရားဝင် အေဂျင်စီ ဟုတ်/ မဟုတ်၊ မိမိသွားရောက်မယ့်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ တရားဝင်အလုပ်သမား စေလွှတ်ခွင့်ရှိတဲ့ နိုင်ငံ ဟုတ်/မဟုတ် သိရှိလိုပါက သက်ဆိုင်ရာမြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတွေမှာ စုံစမ်းနိုင်ပါတယ်။ ဒါ့အပြင် မိမိ သွားရောက်အလုပ်လုပ်ကိုင်မယ့် နိုင်ငံရှိ မြန်မာနိုင်ငံ သံရုံးနှင့် အကူအညီပေးနိုင်မည့် လူပုဂ္ဂိုလ်၊ လူမှုကူညီရေးအဖွဲ့အစည်းများကို ဆက်သွယ်ရမည့် ဖုန်းနံပါတ်နှင့် လိပ်စာများကို သိရှိထားရန်လည်း လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ လုပ်ငန်းစီမံချက်များချမှတ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့တွေနဲ့ ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် နှစ်နိုင်ငံ၊ နိုင်ငံများအကြား နားလည်မှုစာချွန်လွှာများချုပ်ဆို၍ ပူးပေါင်းဆောင် ရွက်ခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များတွင် လက်မှတ်ရေးထိုး၍ ပါဝင်ဆောင်ရွက်ခြင်းများအပြင် နိုင်ငံတကာနှင့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လူကုန်ကူးမှုနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများအား မီဒီယာများ၊ ရုပ်မြင်သံကြား၊ အသိပညာပေးဆိုင်းဘုတ်များဖြင့်လည်းကောင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် လူကုန်ကူးမှုကြိုတင် ကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပြည်သူများအကြား နားလည်မှု ခိုင်မာအားကောင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်မှသာ လူကုန်ကူးသူများကို ဖော်ထုတ်၍ လူကုန်ကူးမှုများ ထပ်မံမကျူးလွန်စေရေး ထိရောက်သောပြစ်ဒဏ်များ ပေးအပ်နိုင်မှာလည်း ဖြစ်ပါတယ်။

ပြည်သူများအနေနဲ့ လူကုန်ကူးသူ လူပွဲစားများဟု သင်္ကာမကင်းဖွယ်ရှိသူများ မိမိတို့ရပ်ရွာအတွင်း ရောက်ရှိလာခြင်း၊ မိမိအသက်အရွယ်၊ ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှု အစရှိတဲ့ အရည်အချင်းတွေထက် ပိုမိုများပြားသော လုပ်ခလစာများဖြင့် မက်လုံးပေး စည်းရုံးခြင်းနှင့် လူကုန်ကူးမှုသတင်းတွေရရှိပါက ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့များ၊ ရဲစခန်းများ၊ လူကုန်ကူးမှု Hot Line သတင်း လက်ခံဌာနများ၊ လူမှုအဖွဲ့အစည်းများထံ သတင်းပေးခြင်း၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော အသိပညာပေးလုပ်ငန်းများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ၊ အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းလုပ်ငန်းများ၊ စည်းရုံးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းများဖြင့် မိမိရပ်ရွာအတွင်းရှိ အမျိုးသမီးများနှင့် ကလေးများသာမကမည်သူမဆို လူကုန်ကူးမခံရစေရန် **"လူကုန်ကူးမှုတိုက်ဖျက်ဖို့ တွဲလက်ညီညာ ခိုင်မြဲစို့"** ဟူ၍ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

# မော်လမြိုင်မြို့၌ အောက်ဆီဂျင်စက်သုံးလုံးဖြင့် လိုအပ်သည့် အောက်ဆီဂျင်ပမာဏကို လုံလောက်စွာ ဖြည့်ဆည်းပေးမည်

မော်လမြိုင် စက်တင်ဘာ ၁၁

**မွန်ပြည်နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ပြည်နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်သည်။** (ယာပုံ)



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ကိုဗစ်- ၁၉ရောဂါ ကူးစက်မှုနှုန်း ကျဆင်းလာသော်လည်း နယ်ဒေသများတွင် ရောဂါကူးစက်မှုများရှိသေးကြောင်း၊ လူစု၊ လူဝေးများသည့်နေရာများ၌ RTD Test kit ဖြင့် စစ်ဆေးပေးလျက်ရှိရာ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကူးစက်မှုရှိသေးကြောင်း၊ အထူးကြပ်မတ်ကုသဆောင်နှင့် ဆေးရုံများ အဆင့်မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ အောက်ဆီဂျင်စက်ရုံများကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လူသုံး၊ စက်မှုသုံး ခွဲခြားမှတ်ပုံတင်ထားရှိရန် လိုအပ်ကြောင်း၊ ကျန်းမာရေး အသိပညာပေး လုပ်ငန်းများကိုလည်း ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်နယ် ကိုဗစ်- ၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ ရွှေနတ်တောင် ရေသန့်စင် စက်ရုံဝင်းအတွင်း အောက်ဆီဂျင်စက် ရောက်ရှိတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ အောက်ဆီဂျင်စက်သည် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၅၉၄ သန်းဖြင့် ဝယ်ယူတပ်ဆင်ထားသည့် စက်သုံးလုံးဖြင့် လည်ပတ်မည်ဖြစ်ရာ လိုအပ်မည့်အောက်ဆီဂျင်ပမာဏကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘုတလင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား စိုက်ပျိုးရေးသွင်းအားစု ပေးအပ်



**တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တောင်သူတစ်ဦးအား စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်စဉ်။**

**ဘုတလင် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ အင်းတောမြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဘုတလင်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ၌ မြို့နယ်အတွင်းရှိဒေသခံတောင်သူများအား စိုက်ပျိုးရေးသွင်းအားစု ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက တောင်သူများအား စိုက်ပျိုးရေးသွင်းအားစု ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ကြပြီး တောင်သူများကိုယ်စား တောင်သူ ဦးနန်းဝင်းဆန်းက ကျေးဇူးတင်စကား ပြောကြားသည်။

**နှင်းယုအေး (ဘုတလင်)**

❑ *ကျော့ဖုံးမှ*

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




❍ *ကျော့ဖုံးမှ*

တိုက်စစ်ပိုင်းတွင် အလီ၊ ကိန်း၊ မော်ရာတို့ကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ ပဲလေ့စ်အသင်းသည် ယခုနှစ်ရာသီ ပထမဆုံးပရီမီယာလိဂ် နိုင်ပွဲရရှိရန်အတွက် ပွဲစသည်နှင့် စပါးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ စပါးအသင်းအနေဖြင့် ပထမပိုင်းပွဲချိန်တွင် ပဲလေ့စ်အသင်းဘက်သို့ ဖိအားပေးကစားနိုင်ခြင်းမရှိသလို ဂိုးကန်သွင်းမှုလည်း ပြုလုပ်ထားနိုင်ခြင်းမရှိပေ။ ပဲလေ့စ်အသင်းက စပါးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ထက်မနည်းရှိခဲ့သော်လည်း ရီဂူလီယွန်၊ ဒီယာ၊ အီမာဆင်တို့ ဦးဆောင်သည့် စပါးအသင်းခံစစ်က ရှင်းထုတ်ပုံကောင်းခဲ့၍ သက်သာရာရခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း စပါးအသင်း၏ ကစားပုံကောင်းမွန်လာခြင်းမရှိဘဲ ပဲလေ့စ်အသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်။ ထို့အပြင် စပါးအသင်းသည် ပွဲချိန် ၅၈ မိနစ်၌ ခံစစ်ကစားသမားဖြစ်သူ တန်အန်ဂါ နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသောကြောင့် လက်ကျန်မိနစ်များကို တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့နောက် စပါးအသင်းသည် ဂိုးရရှိရေးထက် ဂိုးမပေးရရေးကိုသာ အားပြုကစားခဲ့သည့်အတွက် ပွဲမှာ အနည်းငယ်အေးစက်ခဲ့သည်။ ပွဲချိန် ၇၆ မိနစ်တွင် ပဲလေ့စ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါဦးဆောင်ဂိုးကို ပယ်နယ်တီမှတစ်ဆင့် ဇာဟာက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။ ဦးဆောင်ဂိုးရပြီးနောက် ပဲလေ့စ်အသင်းသည် စပါးအသင်းဘက်သို့ ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးကန်သွင်းမှု သိသိသာသာ အသာရခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် လူစားဝင်ကစားသမား အီဒွေါဒ်က ဇာဟာ၏ ဖန်တီး ပေးမှုမှတစ်ဆင့် ပဲလေ့စ်အသင်းအတွက် ဒုတိယဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် တတိယဂိုးကို ပွဲချိန်ပြီးခါနီးတွင် အီဒွေါဒ်ကပင် သွင်းယူပေးနိုင်ခဲ့သည်။

**အခြားပွဲစဉ်ရလဒ်**

ယနေ့ပွဲစဉ်တွင် ပဲလေ့စ်အသင်းသည် စပါးအသင်းကို အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၄)အပြီးတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ငါးမှတ်ရရှိထားသည်။



အာဆင်နယ်က နော့ဝှစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဘရိုက်တန်က အဝေးကွင်း၌ ဘရန့်ဖို့ဒ်ကို တစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးကလည်း အဝေးကွင်း၌ လက်စတာကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ဆောက်သမ်တန်နှင့် ဝက်စ်ဟမ်း ဂိုးမရှိ သရေကျပြီး ဝက်ဖို့ဒ်ကွင်း၌ ဝုလ်ဖ်က နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။

**မန်ယူနိုင်ပွဲရ**

မန်ယူနှင့် နယူးကာဆယ်ပွဲတွင် မန်ယူက လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရသည်။ မန်ယူသို့ တစ်ကျော့ပြန် ရောက်ရှိလာသော စီရော်နယ်ဒို ပွဲဦးထွက် ခြေစွမ်းပြပြီး နှစ်ဂိုးသွင်းယူပေးကာ ဖာနန်ဒက်နှင့် လင်ဘတ်တို့က တစ်ဂိုးစီ သွင်းယူပေးသည်။ မန်ယူက လေးပွဲကစား လေးပွဲနိုင် ၁၀ မှတ်ရရှိပြီး ဇယားထိပ်၌ ရပ်တည်ထားသည်။

**အောင်ဇော်**

# ဒေးဒရဲမြို့နှင့် လေးမျက်နှာမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများသို့ အောက်ဆီဂျင်အိုးများ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ Oxygen Concentrator နှစ်လုံး၊ PPE ဝတ်စုံ ၁၀၀၊ Mask အခု ၆၀၀၀၊ အလှူငွေ ငါးသိန်းကျပ်ကို လည်းကောင်း၊ လေးမျက်နှာမြို့ရှိပြည်သူ့ဆေးရုံနှင့် အိုင်သပြုတိုက်နယ်ဆေးရုံများရှိကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက အသီးသီး သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ဓာတ်ပုံ)



**ညှိနှိုင်းဆောင်ရွက်**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များမရှိစေရေး အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ စက်တင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မြို့နယ်ပြည်သူ့ဆေးရုံ(ခုတင်-၂၀၀)၌ ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပေးပို့သော အောက်ဆီဂျင်ထုတ်လုပ်သည့်စက် ရောက်ရှိတပ်ဆင်နေမှု အခြေအနေများကို ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းမြို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနား ကျင်းပ

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၁**

၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို အခြေခံမှု (၇) ချက်ဖြင့် ယနေ့ နံနက် ၉ နာရီက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာအား မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးထွန်းစံလှက ဖတ်ကြားသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ပုဏ္ဏားကျွန်း)မှ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အဖြစ် “ရှေးဦးပြုစုသူရဲကောင်းများ ကျောင်းနှင့်ရပ်ရွာမှာ မွေးထုတ်ထား” ဆောင်ပုဒ်နှင့်အညီ ရှေးဦးသူနာပြုစုခြင်း နည်းပညာစွမ်းရည် သရုပ်ပြခြင်းတို့ကို လေ့ကျင့်ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်တပ်ဖွဲ့မှူး ဦးဝေသိန်းအောင်က တပ်ဖွဲ့၏လုပ်ဆောင်ချက်များနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**နီထွန်းအောင် (ပြန်/ဆက်)**




## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာ

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် (၁-၁၂-၂၀၂၀) ရက်နေ့မှစ၍ ကနဦး မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ (၂၂-၃-၂၀၂၁) ရက်နေ့မှစ၍ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

❖ ကိုဗစ်-၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးခဲ့ပါသည်။

❖ ယခုအခါ အများပြည်သူရုံးပိတ်ရက်များ ကုန်ဆုံးခဲ့ပြီးဖြစ်သည့်အတွက် ဌာန၏ ကနဦးနှင့် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်လုပ်ငန်းများကို (၁၃-၉-၂၀၂၁) ရက်နေ့မှစ၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❖ မော်တော်ယာဉ်များ ကနဦး မှတ်ပုံတင်ပေးရာတွင် ပေးဆောင်ရမည့် ယာဉ်ထုတ်ရက်လွန် ဒဏ်ကြေးကို ဝန်ဆောင်မှုရပ်ဆိုင်းထားသည့် (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ (၅၆)ရက် ကာလအား ထည့်သွင်းရေတွက်ခြင်းမပြုဘဲ လျှော့ပေါ့ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ သို့သော် (၃၀-၁၁-၂၀၂၁) ရက်နေ့နောက်ပိုင်းမှ လာရောက်ဆောင်ရွက်သည့် ကနဦးမှတ်ပုံတင်ယာဉ်များသည် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးငွေ လျှော့ပေါ့ ခွင့်ရမည်မဟုတ်ဘဲ မူလသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများ ပေးဆောင်ရမည်ဖြစ်ပါသည်။

❖ နှစ်လဲသက်တမ်းတိုးဆောင်ရွက်ရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် လအလိုက် အောက်ပါသတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက်လာရောက် ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) (၁၂/၂၀၂၀)လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်း (၇/၂၀၂၁)လ မှတ်ပုံတင်ကုန်ဆုံးသည့် ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊

(ခ) (၂/၂၀၂၁)လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်း (၈/၂၀၂၁) လ မှတ်ပုံတင်ကုန်ဆုံးမည့် ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀-၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်းပါဝင်သော (၉/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် (၁၃-၉-၂၀၂၁)မှ (၃၁-၁၂-၂၀၂၁) ရက်နေ့အတွင်း။

❖ သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးခြင်းကို (၃၁-၁၂-၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

❖ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း (၅) နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့်ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်-

(က) သက်တမ်းကုန်ဆုံးရက် (၃၁-၁၂-၂၀၁၅) ယာဉ်များနှင့် (၃၁-၁-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက် သတ်မှတ်ကာလအတွင်း ပါဝင်သော ၇/၂၀၂၁ လတွင် (၅) နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၇-၂၀၁၆) ယာဉ်များသည်(၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊


(ခ) သက်တမ်းကုန်ဆုံးရက် (၂၉-၂-၂၀၁၆) ယာဉ်များနှင့် (၃၁-၃-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက်သတ်မှတ်ကာလအတွင်းပါဝင်သော (၈/၂၀၂၁) လတွင် (၅) နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၈-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀- ၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) (၉/၂၀၂၁)လတွင် (၅)နှစ်ကျော် နှစ်ပြတ်မည့် သက်တမ်းကုန်ဆုံးရက် (၃၀-၉-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁- ၁၂-၂၀၂၁) ရက်နေ့အတွင်း၊

❖ (၃၁-၁၀-၂၀၁၆) ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီသက်တမ်းတိုးရန်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယအကြိမ် ထိုးပေးသင့် မသင့် လာမည့်သီတင်းပတ်အတွင်းဆွေးနွေးမည်



မော်ဒါနာ ကိုဗစ် -၁၉ ကာကွယ်ဆေး။

တိုကျို စက်တင်ဘာ ၁၁

**ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယအကြိမ် ထိုးသင့်မသင့်ကိုလာမည့် သီတင်းပတ်မှစတင်ကာ ဆွေးနွေးမှုများ စတင်သွားမည်ဖြစ်သည်။ ကူးစက်မြန် ဒယ်လ်တာ မျိုးကွဲ ရပ်စ်ပျံ့နှံ့နေချိန် ယခုနှစ်ကုန်ပိုင်းတွင် တတိယအကြိမ် ကာကွယ်ဆေးထိုးသင့်မသင့်ကို ဆွေးနွေးသွားမည်ဖြစ်သည်ဟု စက်တင်ဘာ ၁၀ ရက်က ကျိုဒိုသတင်း၌ ဖော်ပြသည်။**

လက်ရှိဂျပန်နိုင်ငံတွင် ဖိုက်ဇာ၊ မော်ဒါနာနှင့် အက်စ်ထရာဇနီကာတို့မှ ထုတ်လုပ်သည့် ကာကွယ်ဆေးများကို ခွင့်ပြုချက်ပေးထားပြီး အဆိုပါကာကွယ်ဆေးများမှာ နှစ်ကြိမ်ထိုးရသည့် ကာကွယ်ဆေးများဖြစ်ကြသည်။

ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများသည် ကာကွယ်ဆေး၏ အစွမ်းထက်မှုကို တိုးမြှင့်ရန်အတွက် တတိယအကြိမ် ကာကွယ်ဆေးထိုးရန် လိုအပ်သည်ဟု ပြောသည်။

ဂျပန်နိုင်ငံနှင့် တခြားသောနိုင်ငံများတွင် နှစ်ကြိမ်ကာကွယ်ဆေး ထိုးပြီးသူများတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုများရှိလာသည်ကို တွေ့ရသည်။ လေ့လာမှုများအရ ကိုဗစ်-၁၉ ကာကွယ်ဆေးဒုတိယအကြိမ် ထိုးပြီးခြောက်လအကြာတွင် အစွမ်းထက်မှုမှာ လျော့ကျလာပြီး ဒယ်လ်တာမျိုးကွဲ ကူးစက်မှုတွင် ကာကွယ်ဆေး၏ အစွမ်းထက်မှုမှာ လျော့ကျလာသည်ဟု သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးအကဲဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီယက်ဆုက ယခုသီတင်းပတ်အစောပိုင်းတွင် ချမ်းသာသည့်အချို့နိုင်ငံများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံမှုကို ဆိုင်းငံ့ထားသင့်သည်ဟု ပြောကြားပြီးနောက်မကြာမီ ဂျပန်နိုင်ငံတွင်လည်း တတိယအကြိမ် ကာကွယ်ဆေးထိုး သင့် မသင့် ဆွေးနွေးမည်ဟု သတင်းထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကျိုဒို

# ၉/၁၁ တိုက်ခိုက်ခံရမှုတွင် သေဆုံးခဲ့ရသူများအတွက် အောက်မေ့တမ်းတဖွယ် အခမ်းအနားပြုလုပ်

**နယူးယောက် စက်တင်ဘာ ၁၁**

အမေရိကန် ပြည်ထောင်စုတွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသူများအတွက် အောက်မေ့သတိရဖွယ် အခမ်းအနားကို စက်တင်ဘာ ၁၀ ရက်တွင် ပြုလုပ်ခဲ့ပြီး အနှစ် ၂၀ ပြည့်သွားပြီဖြစ်သည်။



၉/၁၁ တိုက်ခိုက်ခံရမှုတွင် သေဆုံးခဲ့ကြသူများအတွက် အောက်မေ့သတိရဖွယ် အခမ်းအနားကို နယူးယောက်မြို့တွင် ပြုလုပ်နေစဉ်။

ပြန်ပေးဆွဲခံရသည့် လေယာဉ်ဖြင့် တိုက်မိမှုကြောင့် ကမ္ဘာ့ကုန်သွယ်ရေးစင်တာ ပြိုကျမှုကြောင့် သေဆုံးခဲ့ရသည့် မီးသတ်သမားများနှင့် ရဲအရာရှိများအတွက် အမှတ်တရ အခမ်းအနားကို နယူးယောက်မြို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုအတွင်း သေဆုံးသွားရသူအယောက် ၄၀၀ ၏ ဓာတ်ပုံများကို နံရံပေါ်တွင် ချိတ်ဆွဲထားခဲ့သည်။

လာရောက်ကြသူများက ပန်းများဖြင့် ဂုဏ်ပြုကြသည်။ ပန်ဆယ်ဗေးနီးယား ပြည်နယ်တွင်လည်း လေယာဉ်ပြန်ပေးဆွဲမှုတွင် ပါဝင်သွားသည့်လူအယောက် ၄၀ အတွက် အမှတ်ရဖွယ် အခမ်းအနားပြုလုပ်ခဲ့သည်။

အင်န်အိတ်ချ်ကေ

## ဂါဇာမှ စစ်သွေးကြွများက အစ္စရေးဘက်သို့ ဒုံးကျည်ဖြင့် ပစ်ခတ်

**ဂျေရုဆလင် စက်တင်ဘာ ၁၁**

ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွများသည် စက်တင်ဘာ ၁၀ ရက်က အစ္စရေးနယ်မြေအတွင်းသို့ ဒုံးကျည်တစ်စင်းပစ်ခတ်ခဲ့ပြီး အစ္စရေးလေကြောင်း ကာကွယ်ရေးစနစ်အရ အဆိုပါဒုံးကျည်ကို ကြားဖြတ် ပစ်ချနိုင်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောသည်။

**မည်သူမျှ ဒဏ်ရာမရခဲ့**

အဆိုပါဒုံးကျည်ကြောင့် မည်သူမျှ ဒဏ်ရာမရခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၆ ရက်တွင် အကျဉ်းထောင်အတွင်းမှ ထွက်ပြေးသွားခဲ့သည့် ပါလက်စတိုင်းနှစ်ဦးကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းမိပြီးနောက် နာရီပိုင်းအကြာတွင် ဒုံးကျည်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အကျဉ်းထောင်မှ ထွက်ပြေး**

စက်တင်ဘာ ၆ ရက်တွင် အကျဉ်းထောင်မှ ထွက်ပြေးသွားသူ ပါလက်စတိုင်း ခြောက်ဦးရှိပြီး ရှားပါးသည့်ဖြစ်စဉ်လည်းဖြစ်သည်။

ထို့ကြောင့် အနောက်ဘက်ကမ်းနှင့် အစ္စရေးနိုင်ငံအတွင်း ရှာဖွေမှုများအကြီးအကျယ် ပြုလုပ်နေကြသည်။

ဆင်ဟွာ

## တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈၆၅ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၁၁**

တောင်ကိုရီးယားနိုင်ငံတွင် စက်တင်ဘာ ၁၀ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈၆၅ ဦး တွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၂၇၁၂၂၇ ဦးရှိသည်။

နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀၀ အထက်တွင် ရှိနေသည်မှာ ရက်ပေါင်း ၆၇ ရက်ရှိပြီဖြစ်သည်။ နောက်ထပ်တွေ့ရှိရသည့် ကူးစက်မှုများမှာ ဆိုးလ်မြို့ဧရိယာတစ်ဝိုက်မှဖြစ်ပြီး နောက်ထပ်ကူးစက်ခံရသူများအနက် လူပေါင်း ၆၅၆ ဦးမှာ ဆိုးလ်မြို့ဒေသခံများဖြစ်ကြသည်။

ဂယောင်းဂီပြည်နယ်တွင် နောက်ထပ်ကူးစက်ခံရသူ ၅၆၀ နှင့် အင်ချွန်း မြို့တွင် ၁၃၁ ဦး ထပ်မံတွေ့ရှိခဲ့ရသည်။ နိုင်ငံရပ်ခြားမှ ကူးစက်ခံလာရသူ ၄၉ ဦးရှိသည်။ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီးနောက်ထပ်သေဆုံးသူ ၁၀ ဦးရှိခဲ့ပြီး သေဆုံးသူစုစုပေါင်းမှာ ၂၃၅၈ ဦးရှိသည်။ သေဆုံးမှုနှုန်းမှာ ၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# အစားအသောက်နှင့် အလုပ်အကိုင်ရှားပါးမှု အာဖဂန်နစ္စတန်အတွက် အဓိက စိုးရိမ်ဖွယ်ရာဖြစ်လာ

**ဂျီနီဗာ စက်တင်ဘာ ၁၁**

အစားသောက်နှင့် အလုပ်အကိုင် ရှားပါးမှု အာဖဂန်နစ္စတန်တွင် အဓိက စိုးရိမ်ဖွယ်ရာဖြစ်လာသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဒေသတွင်းညွှန်ကြားရေးမှူးဖြစ်သူ အန်သာဝဘ်က စက်တင်ဘာ ၁၀ ရက်တွင် ပြောသည်။

ဆောင်းတွင်းရောက်တော့မည်ဖြစ်ပြီး စီးပွားရေးအခြေအနေမှာလည်း ပြိုလဲလုနီးနီး ဖြစ်နေသဖြင့် စိုးရိမ်ပူပန်မှုများ များလာရသည်ဟု ၎င်းက ပြောသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ နောက်ဆုံးကောက်ယူထားသည့် လေ့လာမှုအရ အာဖဂန်နစ္စတန်ရှိ မိသားစုပေါင်း ၉၃ ရာခိုင်နှုန်းမှာ အစားအစာ လုံလောက်မှုမရှိခြင်းနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။

ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၅ ရက်အတွင်း ကျပန်းဖုန်းခေါ်ဆိုမှုများပြုလုပ်ပြီး ပြည်နယ်များတွင် စုံစမ်းကြည့်ရာ မိသားစုလေးစုအနက် သုံးစုမှာ အစားအသောက်အတွက် ရာခိုင်နှုန်းလျှော့ချရခြင်းနှင့် ချေးငှားရခြင်းများ ပြုလုပ်နေရသည်ဟု ဖြေကြားခဲ့သည်။

ဈေးပေါသည့် အစားအစာများကိုသာ ဝယ်ယူနေရပြီး မိဘများသည်ကလေးများကို အသားဟင်းလျာမကျွေးနိုင်ဟု ၎င်းက ဆက်ပြောသည်။ အာဖဂန်နစ္စတန်တွင် ဩဂုတ် ၁၅ ရက်မတိုင်မီမှစတင်ကာ အစားအသောက် ဖူလုံမှုမရှိခြင်းနှင့် စတင်ကြုံတွေ့လာရသည်ဟု ၎င်းက ပြောသည်။ **ဆင်ဟွာ**



ဟာမစ်ကာဇိုင်းလေဆိပ်တွင် ထောက်ပံ့ရေးပစ္စည်းများကို သယ်ဆောင်နေသည်ကို တွေ့ရစဉ်။

## ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၃၆၄ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၉၈ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၆၄၅၁ ဦးရှိ

(၁၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၆,၁၉၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၃၆၄)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၃၃,၃၇၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၂၉,၈၈၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၅၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၇၈,၂၆၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၈) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၄၅၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၁၂)ခု | (၁၃၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁)ခု | (၁၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၂)ခု | (၁၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၅)ခု | (၂၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄၆)ခု | (၈)ဦး |
| စစ်တွေမြို့၊အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၈)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၈၇)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၄၁)ခု | (၂၇၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၈၁၄)ခု | (၁,၈၈၃)ဦး |
| စုစုပေါင်း | (၂၆,၁၉၆)ခု | (၂,၃၆၄)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၁- ၉ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၇၄၁၆၉၃ | ၃၁၈၂၀၉၉၄ | ၆၇၇၀၁၇ |
| ၂။ | အိန္ဒိယ | ၃၃၂၀၈၃၃၀ | ၃၂၃၇၄၄၉၇ | ၄၄၂၃၅၀ |
| ၃။ | ဘရာဇီး | ၂၀၉၇၄၈၅၀ | ၂၀၀၁၆၁၆၁ | ၅၈၅၉၂၃ |
| ၄။ | ဗြိတိန် | ၇၁၆၈၈၀၆ | ၅၇၄၆၂၈၆ | ၁၃၃၉၈၈ |
| ၅။ | ရုရှား | ၇၁၂၁၅၁၆ | ၆၃၇၅၁၆၀ | ၁၉၁၉၆၁ |
| ၆။ | ပြင်သစ် | ၆၈၈၇၇၉၁ | ၆၅၀၄၁၆၉ | ၁၁၅၄၄၂ |
| ၇။ | တူရကီ | ၆၆၁၃၉၇၆ | ၆၀၉၀၉၀၂ | ၅၉၃၈၄ |
| ၈။ | အီရန် | ၅၂၇၅၅၆၇ | ၄၅၃၈၄၁၉ | ၁၁၃၈၂၄ |
| ၉။ | အာဂျင်တီးနား | ၅၂၂၁၈၀၉ | ၅၀၆၇၁၀၅ | ၁၁၃၂၈၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၂၆၇၇၂ | ၄၇၆၃၆၉၅ | ၁၂၅၅၂၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၁- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၆၃၇၃၂ | ၃၉၀၉၃၅၅ | ၁၃၈၇၀၁ |
| ဖိလစ်ပိုင် | ၂၂၀၆၀၂၁ | ၁၉၈၅၃၃၇ | ၃၄၉၇၈ |
| မလေးရှား | ၁၉၄၀၉၅၀ | ၁၆၇၈၉၅၉ | ၁၉၈၂၇ |
| ထိုင်း | ၁၃၆၈၁၄၄ | ၁၂၁၆၁၁၂ | ၁၄၁၇၃ |
| ဗီယက်နမ် | ၆၀၁၃၄၉ | ၃၆၃၄၆၂ | ၁၅၀၁၈ |
| မြန်မာ | ၄၂၉၈၈၀ | ၃၇၈၂၆၅ | ၁၆၄၅၁ |
| ကမ္ဘောဒီးယား | ၉၈၈၄၂ | ၉၃၄၁၁ | ၂၀၂၈ |
| စင်ကာပူ | ၇၀၆၁၂ | ၆၇၇၆၇ | ၅၈ |
| လာအို | ၁၇၁၄၀ | ၅၅၆၈ | ၁၆ |
| ဘရူနိုင်း | ၄၀၃၅ | ၂၅၄၁ | ၁၉ |

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း တာဂျစ်ကစ္စတန်နိုင်ငံ

ချောချော

❑ အထက်လွှတ်တော် ရွေးကောက်ပွဲကို အောက်လွှတ်တော် ရွေးကောက်ပွဲပြီးနောက် ၂၅ ရက်အကြာတွင် ကျင်းပသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် တာဂျစ်ကစ္စတန်နိုင်ငံသားဖြစ်ပြီး အသက် ၃၅ နှစ် ရှိရမည်ဖြစ်သည့်အပြင် တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိရမည်ဖြစ်သည်။ အထက်လွှတ်တော်သည် ဘတ်ဂျက်၊ လွတ်ငြိမ်းချမ်းသာခွင့်တို့နှင့် သက်ဆိုင်သော ကိစ္စရပ်များမှလွဲ၍ ဥပဒေ ပြုရေးလုပ်ငန်းများကို ဆောင်ရွက်သည်။ အထက်လွှတ်တော်အား တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် ခေါ်ယူသည်

## နိဒါန်း

တာဂျစ်ကစ္စတန်သည် ပြည်နယ်လေးခုဖြင့် ဖွဲ့စည်းထားသော သမ္မတနိုင်ငံဖြစ်သည်။ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံသည် အာရှအလယ်ပိုင်းရှိ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ပြီး ဧရိယာစတုရန်း မိုင်ပေါင်း ၅၅၃၀၀ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ တောင်တန်းများသည် နိုင်ငံ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ဖုံးလွှမ်းထားသည်။ လူဦးရေ ခန့်မှန်း ၉ ဒသမ ၅ သန်းကျော် နေထိုင်ပြီး မြို့တော်မှာ ဒူရှန်းဘီဖြစ်ပါသည်။ တောင်ဘက်တွင် အာဖဂန်နစ္စတန်၊ အနောက်ဘက်တွင် ဥဇဘက်ကစ္စတန်၊ မြောက်ဘက်တွင် ကာဂျစ္စတန်နှင့် အရှေ့ဘက်တွင် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ တာဂျစ်လူမျိုးများသည် မျက်မှောက်ခေတ်တွင် ဇာတိမြေဖြစ်သော တာဂျစ်ကစ္စတန်အပြင် အာဖဂန်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများတွင်လည်း နေထိုင်ကြသည်။ တာဂျစ်ကစ္စတန်နိုင်ငံ၏ လူဦးရေ အများစုသည် တာဂျစ်တိုင်းရင်းသားလူမျိုးများ ဖြစ်ကြသည်။ တာဂျစ်ကစ္စတန် ဘာသာစကားမှာ တရားဝင် ဘာသာစကားဖြစ်ပြီး လူမျိုးစုများကြားတွင် ရုရှားဘာသာစကားကိုလည်း အသုံးပြုကြသည်။ လူဦးရေ၏ ၉၈ ရာခိုင်နှုန်းမှာ အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသည်။ တာဂျစ်ကစ္စတန်ဒေသအား Achaemenid အင်ပါယာ၊ Sasanian အင်ပါယာ၊ Hephthalite အင်ပါယာ၊ Samanid အင်ပါယာနှင့် မွန်ဂိုအင်ပါယာများ အပါအဝင် အင်ပါယာများစွာနှင့် မင်းဆက်များက အုပ်ချုပ်ခဲ့ကြသည်။ ၁၉ ရာစုနှောင်းပိုင်းတွင် အာရှအလယ်ပိုင်းဒေသကို ရုရှားအင်ပါယာက သိမ်းပိုက်ခဲ့ပြီးနောက် ဆိုဗီယက်ယူနီယံက ဆက်လက်သိမ်းပိုက်ခဲ့ရာ ထိုဒေသလည်း အပါအဝင် ဖြစ်သည်။ ဆိုဗီယက်ယူနီယံအတွင်းတွင် နိုင်ငံ၏နယ်နိမိတ်များကို ရေးဆွဲခဲ့ကြသည်။ ဆိုဗီယက် ယူနီယံပြိုကွဲပြီးနောက် ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် တာဂျစ်ကစ္စတန်သည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာသည်။ လွတ်လပ်ရေးရပြီးနောက် ချက်ချင်းပင် အုပ်စုကွဲများအချင်းချင်း တိုက်ခိုက်သည့်အတွက် ပြည်တွင်းစစ် ဖြစ်ပွားခဲ့ပြီး ၁၉၉၂ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ကြာမြင့်ခဲ့သည်။ ၁၉၉၇ ခုနှစ် ပြည်တွင်းစစ်ပြီးဆုံးသည့်အချိန်တွင် အစိုးရနှင့် အစ္စလာမ်မစ်ဦးဆောင်သော အတိုက်အခံများကြား ငြိမ်းချမ်းရေးသဘောတူညီမှုရရှိပြီးနောက် ဗဟိုအစိုးရသည် ၁၉၉၉ ခုနှစ်တွင် ငြိမ်းချမ်းသော ပါလီမန်လွှတ်တော် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

## တာဂျစ်ကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

တာဂျစ်ကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့နှင့် ၂၀၀၃ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် နှစ်ကြိမ် ပြင်ဆင်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရ၏ဖွဲ့စည်းပုံ၊ အခြေခံဥပဒေအခွင့်အရေးများ၊ လွတ်လပ်မှုနှင့် နိုင်ငံသားတို့၏ တာဝန်များအပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့၏ လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၁၀) ခန်း ပါဝင်ပြီး ပုဒ်မ (၁၀၀) ခု ပါဝင်သည်။

- အခန်း(၁) တွင် နိုင်ငံတော်၏ အခြေခံမူများအား ဖော်ပြထားသည်။
- အခန်း(၂)တွင် နိုင်ငံသားများနှင့် ဒေသခံများ၏ လူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့် အခြေခံတာဝန်များနှင့် ပတ်သက်၍ ဖော်ပြထားသည်။
- အခန်း(၃)တွင် ဥပဒေပြုရေးမဏ္ဍိုင်အား ဖော်ပြထားသည်။
- အခန်း(၄) တွင် တာဂျစ်ကစ္စတန်သမ္မတနှင့် ပတ်သက်၍ ဖော်ပြထားသည်။
- အခန်း(၅) တွင် အုပ်ချုပ်ရေးဌာနနှင့် ပတ်သက်၍ ဖော်ပြထားသည်။
- အခန်း(၆) တွင် ဒေသခံအစိုးရနှင့် ပတ်သက်၍ ဖော်ပြထားသည်။
- အခန်း(၇)တွင် (GBAO) Gorno Badak–hshan ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပတ်သက်၍ ဖော်ပြထားသည်။
- အခန်း(၈) (၉) တွင် တရားစီရင်ရေးနှင့် ပတ်သက်၍ ဖော်ပြထားသည်။
- အခန်း(၁၀) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။

## အုပ်ချုပ်ရေး

တာဂျစ်ကစ္စတန်နိုင်ငံသည် သမ္မတနိုင်ငံဖြစ်သည်နှင့်အညီ သမ္မတသည် နိုင်ငံ့အကြီးအကဲဖြစ်ပြီး အစိုးရအကြီးအကဲဖြစ်သကဲ့သို့ တာဂျစ်အမျိုးသားတပ်မတော်၏ အကြီးအကဲချုပ်လည်းဖြစ်သည်။ သမ္မတသည် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များအားလုံးကို လွှတ်တော်၏ အတည်ပြုချက် မလိုဘဲ ခန့်အပ်နိုင်သည်။ သမ္မတ၏ သက်တမ်းမှာ ခုနစ်နှစ်ဖြစ်သည်။ ဌာနငါးခုနှင့် ရုံး ၂၄ ရုံး ပါဝင်သော သမ္မတရုံးသည် အုပ်ချုပ်ရေးလုပ်ငန်းများတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်သည်။ အုပ်ချုပ်ရေးရုံးများအပြင် နိုင်ငံတော်လုံခြုံရေးကိစ္စများအတွက် သမ္မတကို အကြံပေးသည့် လုံခြုံရေးကောင်စီလည်းရှိသည်။ မူဝါဒရေးရာကိစ္စများအတွက် သမ္မတတွင် နိုင်ငံတော်အကြံပေး ငါးဦး ရှိသည်။ ၎င်းတို့မှာ စီးပွားရေး ကိစ္စများ၊ နိုင်ငံတကာရေးရာကိစ္စများ၊ သိပ္ပံနှင့်လူမှုရေးကိစ္စရပ်များ၊ ပြည်သူ့ရေးရာသတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးနှင့် ဥပဒေကျင့်သုံးမှုဆိုင်ရာ ကိစ္စရပ်များအတွက် ဖြစ်သည်။

## ဥပဒေပြုရေး

Supreme Assembly တွင် ကိုယ်စားလှယ် ၆၃ ဦး ပါဝင်သည့် Assembly of Representatives (အောက်လွှတ်တော်) နှင့် ကိုယ်စားလှယ် ၃၃ ဦး ပါဝင်သော National Assembly ( အထက်လွှတ်တော် ) ဟူ၍ လွှတ်တော်နှစ်ရပ် ပါဝင်သည်။ အောက်လွှတ်တော်သည် အောက်တိုဘာလမှ ဇွန်လကုန်အထိ လွှတ်တော်တွေ့ဆုံမှုရှိပြီး အထက်လွှတ်တော်သည် တစ်နှစ်လျှင်နှစ်ကြိမ် လွှတ်တော်တွေ့ဆုံမှု ရှိသည်။ ဥပဒေပြုလွှတ်တော်ကို ၁၉၉၉ ခုနှစ် စက်တင်ဘာလဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့ပြီး စတင်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များအား ငါးနှစ်သက်တမ်းအတွက် တိုက်ရိုက်ရွေးကောက် တင်မြှောက်ခြင်းဖြင့် ရွေးချယ်ကြသည်။

## တရားစီရင်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်သော တရားစီရင်ရေးကို ဖြစ်ပေါ်စေရန် ဥပဒေများ ပြဋ္ဌာန်းပေးထားသည်။ တရားရုံးချုပ်သည် နိုင်ငံ၏အမြင့်ဆုံး တရားရုံးဖြစ်သည်။ အခြားတရားရုံးများမှာ Supr–eme Economic Court နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတို့ဖြစ်သည်။ သမ္မတသည် ဥပဒေပြုလွှတ်တော်၏ အတည်ပြုချက်ဖြင့် တရားရုံးသုံးခု၏ တရားသူကြီးများကို ခန့်အပ်နိုင်သည်။ စစ်ခုံရုံးလည်း ရှိသည်။ တရားရုံးအားလုံး၏ တရားသူကြီးများကို ၁၀ နှစ်သက်တမ်း သတ်မှတ်ထားသည်။ တရားစီရင်ရေးသည် သီးခြားလွတ်လပ်သော်လည်း အုပ်ချုပ်ရေးဌာနနှင့် Criminal Groups (ရာဇဝတ်အုပ်စု) များသည် တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် သိသိသာသာ လွှမ်းမိုးမှုများ ရှိသည်။ တရားစီရင်ရေးစနစ်တွင် ဒေသ၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များရှိ အထက်တရားရုံးအသီးသီးသည် အောက်အဆင့်တရားရုံးများအတွက် အယူခံတရားရုံးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

## တာဂျစ်ကစ္စတန်၏ ရွေးကောက်ပွဲများ

တာဂျစ်ကစ္စတန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ အထက်လွှတ်တော် (National Assembly) နှင့် အောက်လွှတ်တော် ( Assembly of Repres–entatives ) တို့အတွက် ရွေးကောက်ပွဲများကို ကျင်းပသည်။

## သမ္မတရွေးကောက်ပွဲ

သမ္မတရွေးကောက်ပွဲကို ၇ နှစ်လျှင်တစ်ကြိမ် Two Round System စနစ်ဖြင့် ပြည်သူမှ ရွေးကောက်တင်မြှောက်သည်။ ဗဟိုကော်မရှင်သည် သမ္မတရွေးကောက်ပွဲအား ရွေးကောက်ပွဲဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ သမ္မတအရည်အချင်း သတ်မှတ်ချက်များမှာ တာဂျစ်ကစ္စတန်နိုင်ငံတွင် အနည်းဆုံး ၁၀ နှစ် နေထိုင်သူဖြစ်ရပြီး အသက် ၃၅ နှစ်မှ ၆၅ နှစ်ကြားတွင် ရှိရမည်ဖြစ်သည်။ အနည်းဆုံး မဲဆန္ဒရှင် ၅ ရာခိုင်နှုန်းက အမည်စာရင်းတင်သွင်းသူသာ သမ္မတရာထူးအတွက် ရွေးချယ်ခံခွင့်ရှိသည်။ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတသည် သက်တမ်း နှစ်ခုထက်ပို၍ ရွေးကောက်တင်မြှောက်ခြင်း မပြုလုပ်ရပါ။ သမ္မတ၏ လစာကို တရားလွှတ်တော်မှ သတ်မှတ်ထားသည်။ ပထမအကြိမ် ရွေးကောက်ပွဲတွင် မဲအရေအတွက် အားလုံး၏ ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်ရရှိသော သမ္မတလောင်းမရှိခဲ့လျှင် (မည်သည့် သမ္မတလောင်းမှ မဲအများစု မရရှိခဲ့လျှင်) မဲအများဆုံးရရှိသူ နှစ်ဦးအား ဒုတိယအကြိမ်အဖြစ် ၁၅ ရက်မှ ၃၀ ရက်အတွင်း ပြန်လည်ယှဉ်ပြိုင်စေသည့် စနစ် ဖြစ်သည်။ အနိုင်ရရှိသူသည် ဆန္ဒမဲစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော် ရရှိရမည် ဖြစ်သည်။ သတ်မှတ်ချက်ထက်နည်းနေလျှင် ရွေးကောက်ပွဲအသစ်ပြန်၍ ကျင်းပရသည်။ သမ္မတလောင်းများသည် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားသော မဲဆန္ဒရှင် ၅ ရာခိုင်နှုန်း၏ လက်မှတ်များ တင်ပြရန် လိုအပ်သည်။ တာဂျစ်ကစ္စတန်၏ နောက်ဆုံးအကြိမ် သမ္မတရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် တာဂျစ်ကစ္စတန်နိုင်ငံ၌ ကျင်းပခဲ့သည်။ ၁၉၉၄ ခုနှစ်မှစ၍ သမ္မတအဖြစ် အာဏာရယူခဲ့သော ပြည်သူ့ဒီမိုကရက်တစ်ပါတီမှ သမ္မတ Emomali Rahom သည် မဲရလဒ် ၉၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့ပြီး ပဉ္စမ သက်တမ်းအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသက်တမ်းကို ၂ ကြိမ် သတ်မှတ်ထားသော်လည်း သမ္မတ Emo–mali Rahom အတွက် သုံးကြိမ်အထိ ရွေးကောက်တင်မြှောက်ခံရမှုသည် အထူးအခွင့်အရေးတစ်ရပ် အဖြစ်ကဲ့သို့ ရှိနေပေသည်။

## အထက်လွှတ်တော် (National Assembly – Majlisi Milli )

National Assembly – Majlisi Milli သည် တာဂျစ်ကစ္စတန်နိုင်ငံ၏ အထက်လွှတ်တော် ဖြစ်သည်။ လွှတ်တော်သက်တမ်းမှာ ငါးနှစ် ဖြစ်သည်။ အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၅ ဦးကို Majlisi Milli ဒေသဆိုင်ရာ ကိုယ်စားလှယ်များက လျှို့ဝှက်မဲဖြင့် ရွေးကောက်တင်မြှောက်၍ ကျန်ရှစ်ဦးကို သမ္မတမှ ခန့်အပ်သည်။ အထက်လွှတ်တော် ရွေးကောက်ပွဲကို အောက်လွှတ်တော်ရွေးကောက်ပွဲပြီးနောက် ၂၅ ရက်အကြာတွင် ကျင်းပသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် တာဂျစ်ကစ္စတန်နိုင်ငံသားဖြစ်ပြီး အသက် ၃၅ နှစ် ရှိရမည်ဖြစ်သည့်အပြင် တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိရမည်ဖြစ်သည်။ အထက်လွှတ်တော်သည် ဘတ်ဂျက်၊ လွတ်ငြိမ်းချမ်းသာခွင့်တို့နှင့် သက်ဆိုင်သော ကိစ္စရပ်များမှလွဲ၍ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်သည်။ အထက်လွှတ်တော်အား တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် ခေါ်ယူသည်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၅ ရက်နေ့တွင် နောက်ဆုံး ကျင်းပခဲ့ပြီး နောင်လာမည့် ရွေးကောက်ပွဲမှာ ၂၀၂၅ ခုနှစ် ဧပြီလဖြစ်မည်ဟု ခန့်မှန်းထားသည်။

စာမျက်နှာ ၁၇ သို့

## “တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံ နားထောင်ပေး”
## “Victims’ Voices Lead the Way”
## ရည်ရွယ်ချက် (၄) ရပ်

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
၂။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
၃။ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
၄။ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

## နဝမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ Logo နှင့် ဆောင်ပုဒ်

“တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံ နားထောင်ပေး”

*စာမျက်နှာ ၁၆ မှ*

### အောက်လွှတ်တော် (Assembly of Representatives – Majlisi Namoyandagon)

Assembly of Representatives သည် တာဂျစ်ကစ္စတန်နိုင်ငံ၏ အောက်လွှတ်တော်ဖြစ်သည်။ ၎င်းတွင် ကိုယ်စားလှယ် ၆၃ ဦးဖြင့် ဖွဲ့စည်းထားပြီး လွှတ်တော်၏သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ Assembly of Representation ၏ မဲပေးသည့်စနစ်မှာ Mixed Member Proportional Representation System) ဖြစ်သည်။ ကိုယ်စားလှယ် ၄၁ ဦးအား ( FPTP ) စနစ်ဖြင့် မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်ပြီး ကိုယ်စားလှယ် ၂၂ ဦးအား အချိုးကျကိုယ်စားပြုစနစ်(PR ) ဖြင့် ရွေးချယ်သည်။ နိုင်ငံရေးပါတီများသည် ပါလီမန်ထဲသို့ ဝင်ရောက်ရန် တစ်နိုင်ငံလုံးအတွက်ဖြစ်စေ၊ အနည်းဆုံး မဲဆန္ဒနယ်တစ်ခုတွင်ဖြစ်စေ ထောက်ခံမဲရရှိမှု ၅ ရာခိုင်နှုန်းကို ကျော်လွန်ရမည် ဖြစ်သည်။ ကိုယ်စားလှယ်လောင်းသည် တာဂျစ်ကစ္စတန်နိုင်ငံသားဖြစ်၍ အသက် ၂၅ နှစ်ပြည့်ပြီး တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်ဖြစ်သည်။ အောက်လွှတ်တော်မှချမှတ်သော ဥပဒေများကို ပြည်နယ်ဘတ်ဂျက်မှလွဲ၍ အထက်လွှတ်တော်သို့ လွှဲပြောင်းရသည်။ အောက်လွှတ်တော်တွင်သာလျှင် နိုင်ငံတော်ဘတ်ဂျက်နှင့်ပတ်သက်၍ ဥပဒေများ ချမှတ်နိုင်သည်။ ပုံမှန်လွှတ်တော်အစည်းအဝေးအား အောက်တိုဘာလ ပထမပတ်မှ ဇွန်လနောက်ဆုံးပတ်အထိ တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသည်။ ထူးခြားသော ကိစ္စရပ်များရှိပါက သမ္မတသည် လွှတ်တော်နှစ်ရပ်လုံးအားခေါ်ယူ၍ လွှတ်တော်အစည်းအဝေး ကျင်းပနိုင်သည်။ အောက်လွှတ်တော်၏ ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး နောက်လာမည့် ရွေးကောက်ပွဲမှာ ၂၀၂၅ ခုနှစ် မတ်လဖြစ်မည်ဟု ခန့်မှန်းထားသည်။ တာဂျစ်ကစ္စတန် ပြည်သူ့ဒီမိုကရက်တစ်ပါတီသည် ၂၀၀၀ ပြည့်နှစ်ကတည်းက လွှတ်တော်တွင် လွှမ်းမိုးသော ပါတီ ဖြစ်သည်။

### ရွေးကောက်ပွဲကော်မရှင်

လွှတ်တော် (၂) ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် အောက်ပါ ရွေးကောက်ပွဲကော်မရှင်များကို ဖွဲ့စည်းထားသည်-

(၁) တာဂျစ်ကစ္စတန်ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲ ဗဟိုကော်မရှင်၊
(၂) Majlisi Milli – အထက်လွှတ်တော် ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲအတွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်၊
(၃) Assembly of Representatives – အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲအတွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်၊
(၄) အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲရုံကော်မရှင်များ။

### ဗဟိုကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲဆိုင်ရာ ဗဟိုကော်မရှင်၏ အဓိကတာဝန်မှာ တာဂျစ်ကစ္စတန်နိုင်ငံရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများ ကျင်းပပေးရန်ဖြစ်သည်။ အမြဲတမ်း အဖွဲ့အစည်းဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို စီမံကွပ်ကဲရသည်။ ဗဟိုကော်မရှင်သည် တာဂျစ်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သမ္မတရွေးကောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ရွေးကောက်ပွဲများကို ကျင်းပသည်။ ဗဟိုကော်မရှင်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ဗဟိုကော်မရှင်အသစ်ရွေးချယ်ပြီးသည့်အချိန်မှသာလျှင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။ ဗဟိုကော်မရှင်တွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၃ ဦးတို့ ပါဝင်သည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား သမ္မတ၏ အဆိုပြုချက်ဖြင့် ရွေးကောက်ပွဲရက် ကြေညာပြီး သုံးရက်အတွင်း အောက်လွှတ်တော်မှ ရွေးကောက်တင်မြှောက်သည်။ ဗဟိုကော်မရှင်တွင် ဝန်ထမ်းများလည်းရှိပြီး ကော်မရှင်နှင့် ဝန်ထမ်းများ၏ အသုံးစရိတ်များအား ရီပါဘလီကန်ဒေသဘတ်ဂျက်မှ ရရှိသည်။

အထက်လွှတ်တော် ရွေးကောက်ပွဲအတွက် ခရိုင်ကော်မရှင်အဖွဲ့ခွဲတစ်ခုစီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ကော်မရှင်အဖွဲ့ဝင် အနည်းဆုံး ရှစ်ဦးဖြင့် ဖွဲ့စည်းထားသည်။ အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် ခရိုင်ကော်မရှင်အဖွဲ့ခွဲ တစ်ခုစီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင် ခြောက်ဦးဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကို နိုင်ငံရေးပါတီများ၏ အဆိုပြုချက်များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အဆိုပြုချက်များဖြင့် ဗဟိုကော်မရှင်က ရွေးချယ်ခန့်ထားသည်။

**✪ အောက်လွှတ်တော်တွင်သာလျှင် နိုင်ငံတော်ဘတ်ဂျက်နှင့် ပတ်သက်၍ ဥပဒေများ ချမှတ်နိုင်သည်။ ပုံမှန်လွှတ်တော်အစည်းအဝေးအား အောက်တိုဘာလ ပထမပတ်မှ ဇွန်လနောက်ဆုံးပတ်အထိ တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသည်။ ထူးခြားသော ကိစ္စရပ်များရှိပါက သမ္မတသည် လွှတ်တော်နှစ်ရပ်လုံးအားခေါ်ယူ၍ လွှတ်တော်အစည်းအဝေး ကျင်းပနိုင်သည်**

အောက်လွှတ်တော် ရွေးကောက်ပွဲများအတွက် မဲရုံကော်မရှင်များ ရွေးချယ်ရာတွင် အောက်လွှတ်တော်ရွေးကောက်ပွဲကျင်းပရေး ခရိုင်ရွေးကောက်ပွဲကော်မရှင်က ရွေးချယ်ပေးရသည်။ လိုအပ်ချက်ပေါ်မူတည်၍ မဲရုံတစ်ရုံလျှင် မဲရုံကော်မရှင် အရေအတွက်အား ငါးဦးနှင့် ၁၉ ဦးကြားတွင် ရွေးချယ်ထားသည်။ မဲရုံကော်မရှင်တစ်ခုတွင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတစ်ဦးတို့ ပါဝင်သည်။

### ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များ

ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ၊ စောင့်ကြည့်လေ့လာသူများ၊ မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ချမှတ်ပြီး ဆယ်ရက်အတွင်း တာဂျစ်ကစ္စတန် တရားလွှတ်တော်ချုပ်သို့ အယူခံဝင်နိုင်သည်။ တရားလွှတ်တော်ချုပ်သည် တိုင်ကြားစာရရှိပြီး သုံးရက်အတွင်း လုပ်ဆောင်မှုပြုရသည်။ ရွေးကောက်ပွဲကျင်းပရန် ခြောက်ရက်သာ ကျန်ရှိပါက သုံးရက် မစောင့်ဆိုင်းဘဲ ချက်ချင်းလုပ်ဆောင်မှု ပြုလုပ်ရသည်။

### မဲရုံများဖွဲ့စည်းခြင်း

မဲရုံများကို မဲဆန္ဒရှင်များအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်အရေအတွက်ပေါ်မူတည်၍ ခရိုင်၊ မြို့နယ်၊ ခရိုင်နယ်နိမိတ်များတွင် တည်ဆောက်သည်။ မဲရုံတစ်ရုံကို မဲဆန္ဒရှင်ဦးရေ ၂၀ မှ ၃၀၀၀ ကြား သတ်မှတ်ထားသည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်များသည် ခရိုင်နှင့်မြို့နယ် ဥက္ကဋ္ဌတို့၏ အဆိုပြုချက်များဖြင့် မဲရုံများကို ဖွဲ့စည်းသည်။ နိုင်ငံခြားတိုင်းပြည်များရှိ တာဂျစ်ကစ္စတန် သမ္မတနိုင်ငံကိုယ်စားပြုမဲရုံများကို တာဂျစ်ကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပြုချက်ဖြင့် ဗဟိုကော်မရှင်က ဖွဲ့စည်းသည်။ မဲရုံများကို ရွေးကောက်ပွဲရက်သတ်မှတ်ပြီး ၂၅ ရက်အတွင်း ဖွဲ့စည်းသည်။ နိုင်ငံခြားတိုင်းပြည်များရှိ တာဂျစ်ကစ္စတန်ကိုယ်စားပြု မဲရုံများနှင့် ဝေးလံခေါင်သီပြီး သွားလာရန်ခက်ခဲသောနေရာများတွင် မဲရုံများကို ရွေးကောက်ပွဲမကျင်းပမီ ၁၀ ရက်ထက် နောက်မကျစေဘဲ ဖွဲ့စည်းသည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်များသည် မဲဆန္ဒရှင်များအား ၎င်းတို့နှင့် သက်ဆိုင်သော မဲရုံတည်နေရာများအား ကြိုတင်ညွှန်ပြအသိပေးထားရသည်။

### မဲဆန္ဒရှင်စာရင်းပြုစုခြင်း

အောက်လွှတ်တော်ရွေးကောက်ပွဲများအတွက် မဲစာရင်းကို မဲရုံတစ်ခုစီအတွက်ပြုစုပြီး မဲရုံကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးရသည်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာနယ်မြေများ၌ နေထိုင်သော မဲဆန္ဒရှင်များ၏ အချက်အလက်များကို ပြုစုတင်ပြသည်။ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မဲဆန္ဒရှင်နေထိုင်ရာ သက်ဆိုင်သည့် မဲဆန္ဒနယ်မြေရှိ မဲစာရင်းတွင် ထည့်သွင်းရမည်။ မဲပေးမှုအဆင်ပြေစေရန် မဲစာရင်းအား အက္ခရာစဉ်အလိုက် ပြုစုသည်။ မဲစာရင်းတွင် မဲဆန္ဒရှင်၏ အမည်၊ မွေးသက္ကရာဇ်နှင့် လိပ်စာတို့ကို ဖော်ပြထားသည်။ တပ်မတော်တွင် အမှုထမ်းသူများနှင့် ၎င်းတို့အိမ်ထောင်စုဝင်များ၏ မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာတပ်မှူးမှ ပြုစုပေးသော စာရင်းကို အခြေခံရသည်။ တာဝန်အရပြင်ပတွင် ရောက်ရှိနေသော စစ်မှုထမ်းများအား ၎င်းတို့နေထိုင်ရာ နေရာများအလိုက် မဲဆန္ဒရှင်စာရင်းများတွင် ထည့်သွင်းပြုစုသည်။မဲဆန္ဒရှင်စာရင်း ပြုစုရာတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်သူ ဖြစ်ရသည်။ မဲဆန္ဒရှင်တစ်ဦးသည် မဲရုံတစ်ရုံတွင် မဲစာရင်းတစ်နေရာသာ ပါဝင်ရသည်။

မဲဆန္ဒရှင်စာရင်းအား ရွေးကောက်ပွဲမကျင်းပမီ ၁၅ ရက် အလိုတွင် ပြည်သူလူထုအား ကြေညာပြီး ရွေးကောက်ခံ ကိုယ်စားလှယ်စာရင်းအား ရွေးကောက်ပွဲမတိုင်မီ ခုနစ်ရက်အလိုတွင် ပြည်တွင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုအား အသိပေးသည်။ နိုင်ငံသားတိုင်းသည် မဲဆန္ဒရှင် စာရင်းမှန်ကန်မှု ရှိ/မရှိ စစ်ဆေးရန် လိုအပ်သည်။ နိုင်ငံသားတိုင်းသည် မဲစာရင်းတွင် မှားယွင်းသော ပါဝင်မှုများ၊ မဲစာရင်းမှ ထုတ်ပယ်ခြင်းများအတွက် တိုင်ကြားပိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲကော်မရှင်သည် အဆိုပါတိုင်ကြားစာအား နှစ်ရက်အတွင်းတွင် ဖြေရှင်းရသည်။ ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ တရားရုံးသို့ အယူခံဝင်နိုင်သည်။ တရားရုံး၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် တရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ မဲစာရင်းပြင်ဆင်ခြင်းအား ဆောင်ရွက်ရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဉာဏ်ပညာနှင့်ယှဉ်၍ နေထိုင်တတ်ကြပါစေ

ကနောင်

"ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်" တဲ့။ မြန်မာဆိုရိုးစကားရှိပါတယ်။

အဲဒီလိုပဲ လူချင်းတူရင် ကံကောင်းတဲ့သူက သာသတဲ့၊ ကံချင်းတူရင် ဉာဏ်ကောင်းတဲ့သူက သာသတဲ့၊ ဉာဏ်ချင်းတူရင်တော့ ဝီရိယအားစိုက်သူက သာပါသတဲ့။ မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယဆိုတာ မိမိရဲ့အားထုတ်မှုပဲဖြစ်ပါတယ်။ ကံကောင်းသူဟာ ကောင်းတဲ့လုပ်ရပ်တွေကို လုပ်ဆောင်တဲ့သူပဲ ဖြစ်ပြီး ဉာဏ်ကောင်းသူဟာ အသိဉာဏ်ပညာကို ကောင်းကောင်းမွန်မွန်အသုံးချနိုင်သူပဲ မဟုတ်ပါလား။ ကောင်းမွန်တဲ့အလုပ်တွေကိုလုပ်ပြီး အသိဉာဏ်နဲ့ယှဉ်တဲ့ မဆုတ်မနစ်ကြိုးစားအားထုတ်မှု ရှိမယ်ဆိုရင် အကောင်းဆုံးလူသားဘဝကို ပိုင်ဆိုင်နိုင်ကြမှာပါ။

**ဗျသနတရားငါးပါးမှ ကင်းဝေးကြဖို့**

လက်ရှိ မိမိတို့တိုင်းပြည်ရဲ့ နိုင်ငံရေးအပြောင်းအလဲတစ်ရပ်ဟာ အကြောင်းကြောင့် အကျိုးဖြစ်လာခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့အကြောင်းအရာကို တိတိပပ စေ့ငုလေ့လာမှုမရှိ၊ ခံစားချက်အပေါ်အခြေခံပြီး သူတစ်ပါးစေ့ဆော်မှုတွေကို နားယောင်ရင်း ဗျသနဆိုတဲ့ ပျက်စီးခြင်းသဘောကို မကြုံချင်ဘဲ ကြုံရသူတွေကို ယခုကာလမှာ စိတ်မသက်သာဖွယ် အများဆုံး မြင်တွေ့လာရပါတယ်။

ဗျသနမှာ ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန၊ သီလဗျသန၊ ဒိဋ္ဌိဗျသနဆိုတဲ့ ဆွေမျိုးမိတ်သင်္ဂဟဆုံးရှုံးရခြင်း၊ စည်းစိမ်ဥစ္စာဆုံးရှုံးရခြင်း၊ ရောဂါဘယနှိပ်စက်သဖြင့် ဆုံးရှုံးရခြင်း၊ မိမိဆောက်တည်ထားတဲ့ သီလဆုံးရှုံးရခြင်း၊ ကိုယ်ကျင့်တရားပျက်ယွင်းခြင်း( မသမာမှု၊ မတရားမှု၊ အဓမ္မမှု၊ အကြမ်းဖက်မှု) တွေနဲ့ အယူမှား၊ အယူလွဲတွေကို ယုံကြည်ခြင်းဖြင့် ပျက်စီးစေတဲ့ ဗျသနကို အသိဉာဏ်ပညာအားနည်းသူတွေ၊ သတိမမူဂူမမြင်ကြသူတွေနဲ့ အတွေ့အကြုံအားနည်းတဲ့ လူငယ်တွေမှာ အများဆုံးကြုံတွေ့နေကြရပါတယ်။

ဘာသာတရားရဲ့ အဆုံးအမတွေ၊ မိရိုးဖလာယဉ်ကျေးမှုအလေ့အထတွေဟာ ဒီမိုကရေစီအရေခြုံထားတဲ့ ပရမ်းပတာအုပ်ချုပ်သူတွေလက်အောက်မှာ အများကြီးပျက်ယွင်းခဲ့ရတာကိုလည်း အထင်အရှားမြင်တွေ့ရပါတယ်။ ဗျသန(ပျက်စီးခြင်း)မှာ ဆွေမျိုးပျက်စီးတာ၊ မိမိကိုယ်ကို ထိခိုက်စေတာရှိပေမယ့်ဘဝနဲ့သံသရာအထိ မပျက်စီးသေးပါဘူး။ မီးလောင်၊ ရေမျော၊ စည်းစိမ်ဆုံးရှုံးစတဲ့ ဗျသနမှာလည်း ပြာပုံဘဝရောက်ရင်တောင် ပြန်လည်ရုန်းထဖို့အတွက် အခွင့်အရေးရှိပါသေးတယ်။ သို့ပေမယ့် ယုံကြည်မှု၊ အားကိုးမှု လမ်းမှားရောက်ရင် အဇာတသတ်က ဒေဝဒတ်ကို ဆရာတင်မိသလို အလုံးစုံပျက်စီးပြီး ယခုဘဝ၊ နောင်သံသရာတစ်လျှောက် ပျက်စီးရကိန်းကြုံရမှာဖြစ်ပြီး အပါယ်လေးဘုံကိုလည်း လမ်းက တန်းနေစေပါတယ်။ အထူးသဖြင့် အကျင့်သီလနဲ့ အယူဒိဋ္ဌိ ဖောက်ပြန်ပျက်ယွင်းခဲ့မယ်ဆိုရင် လူသားဘဝဟာ အမြစ်ကစပြီး တူးဖြိုခံရတဲ့ သစ်တစ်ပင်လို နာလန်ပြန်ထူဖို့ ဝေးရမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံဟာ ဘာသာတရားပေါင်းစုံယှဉ်တွဲပြီး အေးအေးချမ်းချမ်းနေထိုင်ခဲ့တဲ့နိုင်ငံ၊ တိုင်းရင်းသားပေါင်းစုံ စုစည်းပြီးနေထိုင်ခဲ့တဲ့နိုင်ငံ၊ ဂါရဝေါစ၊ နိဝါတောစနဲ့ ပြည့်စုံတဲ့နိုင်ငံ၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်နဲ့အညီ နေထိုင်ခဲ့တဲ့သမိုင်းအစဉ်အလာကောင်းရှိခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက မိဘ၊ ဆရာသမားတွေဟာ ငါးပါးသီလကို သားငယ်သမီးငယ်တွေဆီ သင်ကြားပေးခဲ့ကြပါတယ်။ "သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်၊ သူ့ဥစ္စာလည်းမခိုးဘဲ အမြဲရှောင်ကြဉ်မည်၊ လိမ်ညာ၍လည်းမပြောဘဲ အမြဲရှောင်ကြဉ်မည်၊ သူ့အိမ်ရာလည်း မမှားဘဲ အမြဲရှောင်ကြဉ်မည်၊ သေရည်သေရက်မသောက်စားဘဲ အမြဲရှောင်ကြဉ်မည်" ဆိုတဲ့ သံပေါက်လေးတွေက ငါးပါးသီလကို ပါဠိလို ဋ္ဌာန်ကရိုဏ်းကျကျ မရွတ်တတ်သေးတဲ့ ကလေးငယ်ဘဝမှာ ကလေးတွေ စိတ်သန္တာန်မှာ မှတ်မှတ်ရရဖြစ်စေဖို့ လူကြီးမိဘတွေက လေ့ကျင့်ပေးခဲ့ကြတဲ့ သင်ကြားမှုတစ်ခုပဲဖြစ်ပါတယ်။

**ခေတ်သစ်ခိုးသားငါးရာ**

မိမိတို့ဗုဒ္ဓဘာသာမှာ ကံငါးပါးဟာ အခြေခံကျင့်ဝတ်စည်းကမ်းဖြစ်သလို အခြားသောဘာသာကြီးတွေမှာလည်း လိမ်ညာမပြောရ၊ သူ့အသက်မသတ်ရ၊ သူ့ဥစ္စာမခိုးရ စတဲ့အချက်တွေကို အလေးအနက်ထည့်သွင်းထားတာပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ မဲတစ်ပြားဟာ တိုင်းပြည်အတွက်တော့ အုတ်တစ်ချပ်ချင်း၊ သဲတစ်ပွင့်ချင်းပဲဖြစ်ပါတယ်။ အုတ်ချပ်တိုင်း၊ သဲပွင့်တိုင်းကို တန်ဖိုးထားပြီး မှန်ကန်တဲ့မဲရလဒ်တွေဖြစ်မှသာ ပြည်သူ့အပေါ်ကို သစ္စာရှိတဲ့ခေါင်းဆောင်ကောင်းတွေ ထွက်ပေါ်လာမှာမဟုတ်ပါလား။။ ဒါကို မဲလိမ်၊ မဲခိုးခဲ့ကြတဲ့ အတ္တကြီးတဲ့ အနိုင်ရလိုသူတွေဟာ အခြေခံ ငါးပါးသီလကိုမှ မလိုက်နာ၊ ခိုးမှု၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နေသူတွေပဲဖြစ်ပြီး ထိုလူစားတွေနဲ့ အပေါင်းအပါတွေ ခေါင်းဆောင်ဦးစီးမှုသာဆိုရင် တိုင်းပြည်ဟာ ရိုးသားမှုပျောက်ဆုံးပြီး ပျက်စီးခြင်းရောက်ရမှာအသေအချာပဲဖြစ်ပါတယ်။

မြန်မာ့သမိုင်းဖြစ်စဉ်တွေကို ပြန်ကြည့်မယ်ဆိုရင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေနဲ့ ပြည့်စုံတဲ့ မင်းကောင်းမင်းမြတ်တွေလက်ထက်မှာ တိုင်းပြည်ဟာ တိုးတက်စည်ကားဖွံ့ဖြိုးခဲ့သလို ဆန်ရေစပါးပေါကြွယ်တာ၊ ရာသီဥတုမျှတတာ၊ ရာဇဝတ်မှုနည်းပါးတာ၊ ဘာသာတရားပိုမိုကိုင်းရှိုင်းကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ မိမိတို့မျက်မှောက်ကာလမှာလည်း သီလဝိသုဒ္ဓိ ကိုယ်ကျင့်သီလကောင်းမွန်တဲ့ခေါင်းဆောင်တွေနဲ့ သီလကိုတန်ဖိုးထားရမှန်းသိ၊ ကိုယ်ကျင့်တရားလေးစားလိုက်နာပြီး နိုင်ငံတကာက ဦးညွှတ်လေးစားရတဲ့ လူကြီးလူကောင်းဆန်တဲ့ စိတ်ဓာတ်ရှိသူတွေ၊ ဒီမိုကရေစီရဲ့ အနှစ်သာရကို နားလည်ပြီး အထက်တန်းကျကျ ခံစားနိုင်တဲ့ပြည်သူတွေများများရှိမှ သူခိုး၊ ဓားပြမရှိ၊ အကြမ်းဖက်လူသတ်မှုမရှိနဲ့ တိုင်းပြည်က လုံခြုံအေးချမ်းပြီး ပြည့်စုံတဲ့နိုင်ငံ ထူထောင်နိုင်မှာဖြစ်တယ်ဆိုတာကို ပြည်သူတွေ သတိပြုမိစေလိုပါတယ်။

မိမိတို့နိုင်ငံသားတွေဟာ အစဉ်အဆက် လူကြီးသူမတွေကို မြင်တွေ့တဲ့အခါ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံတတ်အောင်၊ ယဉ်ကျေးပျူငှာတဲ့ လောကဝတ်တွေကို သင်ကြားပေးခဲ့ကြပါတယ်။ ဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ စာရိတ္တသီလ၊ ဝါရိတ္တသီလတွေကို လူငယ်တွေ သိမြင်နားလည်ပြီး မကောင်းမှုဒုစရိုက်တွေကို လုပ်ဆောင်ဖို့ ရှက်တတ်၊ ကြောက်တတ်အောင် သင်ကြားပေးခဲ့ကြပါတယ်။ ဒါဟာ လူတစ်ဦးချင်းစီရဲ့ စိတ်ဓာတ်အရည်အချင်းကို ဖြည့်ဆည်းဖို့အတွက် လူကြီးမိဘတွေရဲ့ ကြိုးပမ်းခဲ့မှုတွေပဲ ဖြစ်ပါတယ်။ လက်ရှိမှာလည်း မိမိတို့ပြည်သူတွေဟာ တစ်ဦးချင်းစီရဲ့ သီလနဲ့ပညာကို ဖြည့်ကြရမှာဖြစ်ပြီး မကောင်းမှု၊ ဒုစရိုက်တွေနဲ့ ပြည့်နှက်နေတဲ့ ဆင်ခြင်တုံတရားအားနည်းတဲ့ လူတစ်စုရဲ့ မြှောက်ပင့်သွေးထိုးမှုတွေကို တွန်းလှန်ကြရင်း နိုင်ငံထူထောင်ရေးမှာ ပါဝင်ကြရမှာဖြစ်ပါတယ်။

**ဆင်ခြင်တုံတရားမပါတဲ့ ခြောက်လှန့်မှုတွေကို တွန်းလှန်**

ပြီးခဲ့တဲ့ရက်ပိုင်းက မြေပြင်မှာလက်တွေ့ကျကျ ဘာတစ်ခုမှ မပြသနိုင်ဘဲ ပြည်ပြေးဘဝနဲ့ တိုင်းပြည်အတွင်းရေးကို ခြယ်လှယ်လိုတဲ့ လေလှိုင်းအကြမ်းဖက် NUG ကနေ ဆင်ခြင်တုံတရားကင်းမဲ့၊ နိုင်ငံကို ဆင်းရဲတွင်းနက်စေမယ့် လိမ့်လုံး၊ ခြောက်လုံးတွေကို မိန့်ခွန်းဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ ကိုဗစ်တတိယလှိုင်းကြောင့် မောပန်းနေကြရတဲ့ ပြည်သူတွေအတွက် ဆင်းရဲတွင်းနက်စေမလား၊ အတိဒုက္ခကြုံစေမလား ခံစားပေးဖော်မရ၊ မိမိတို့လူတစ်စုကောင်းစားရေးအတွက် အဝေးကနေ ကယောင်ကတမ်းမြှောက်ပင့်သွေးထိုးချက်လို့ပဲ စာရေးသူကတော့ သတ်မှတ်လိုပါတယ်။

အမိုက်မှောင်ဖုံးလွှမ်းနေတဲ့ PDF တွေရဲ့ လက်ချက်နဲ့သေဆုံးသွားရတဲ့မိသားစုတွေ၊ မသိနားမလည်တဲ့ လူငယ်တွေကို အာဇာနည်ဆိုပြီး မြှောက်ပေးနေသံတွေဟာ အကျည်းတန်လွန်းပါတယ်။ ကုန်စိမ်း ရောင်းနေတဲ့အမျိုးသားတစ်ယောက်ကို သေနတ်နဲ့ ၁၂ ချက်လောက်ပစ်ရလောက်အောင်၊ လျှပ်စစ်ရုံးရှေ့ ဗုံးထောင်တဲ့အခါ ဖြတ်သွားမိတဲ့ ဆိုက်ကားဆရာ ထိခိုက်ရလောက်အောင် တော်လှန်ရေးဆိုတဲ့ ခေါင်းစဉ်က ထင်ရာစိုင်းသတ်ဖြတ်ကြဖို့အတွက်လားလို့ မေးခွန်းထုတ်စရာဖြစ်ခဲ့ရပါတယ်။

**အကြမ်းဖက်ခြင်းကို မည်သည့်နိုင်ငံကမျှ လက်ခံမှာမဟုတ်ပါဘူး။ လက်နက်ကိုင်တော်လှန်ရလောက်အောင်လည်း မိမိတို့နိုင်ငံကို မည်သည့်နိုင်ငံကမျှ မတရားသိမ်းပိုက်ထားတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ တရားမျှတမှုကို ဖော်ဆောင်ဖို့ လက်ရှိအစိုးရရဲ့ဆောင်ရွက်ချက်တွေကို မျက်ကွယ်မပြုဘဲ မြင်အောင်ကြည့်တတ်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တပ်မတော်တို့အကြား၊ အစိုးရတို့အကြား ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းနေခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာရှိပါပြီ။ စားပွဲဝိုင်းပေါ်ရောက်အောင် ကြိုးပမ်းခဲ့တဲ့ ခေါင်းဆောင်တွေရဲ့ ပင်ပန်းမှုတွေ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေဟာ ပါတီတစ်ခု၊ လူတချို့ရဲ့ အခွင့်အာဏာကို အကြောင်းပြုပြီး ပျက်သုဉ်းသွားရမှာကိုတော့ မတွေ့မမြင်လိုတဲ့ဆင်ခြင်တုံတရားရှိတဲ့ပြည်သူတွေ ရှိနေမှာဖြစ်ပါတယ်။**

လက်ရှိမိမိတို့ပြည်သူတွေဟာ D Day ဆိုတဲ့ စကားရပ်အောက်မှာ ပင်ပန်းလွန်းလှပြီပဲဖြစ်ပါတယ်။ လက်သုံးချောင်းထောင်ရင်း ကြွေလွင့်ခဲ့ရတဲ့ လူငယ်တွေ၊ CDM လုပ်ရမယ်ဆိုလို့ လိုက်လုပ်ရင်း အနေအစားပျက်ယွင်းခဲ့ရတဲ့ ဝန်ထမ်းတွေ၊ မတရားမှုဆိုပြီး မြှောက်ပင့်ပေးတိုင်း တောခို၊ ပြည်ပြေးဘဝနဲ့ မိသားစုနဲ့ ထာဝရဝေးကွာသွားခဲ့ရတဲ့ မျိုးဆက်သစ်တွေ ...။ မိမိတို့ပြည်သူအားလုံး အသိဉာဏ်ပညာနဲ့ယှဉ်ပြီး ဝေဖန်ပိုင်းခြားစေလို လှပါပြီ။

**ထင်ရာမစိုင်းကြလေနဲ့**

နုနယ်စဉ်ငယ်ဘဝက သူငယ်ချင်းအချင်းချင်း မရေမရာဝေခွဲရခက်တဲ့အခြေအနေမှာ အချင်းချင်း သတိပေးတာလေး သတိရမိပါတယ်။

"ဟော့ကောင် အများယောင်လို့ မယောင်နဲ့၊ သူများပြောတိုင်းမယုံနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစဉ်းစားစားလုပ်"

"ဒါဆိုဘယ်လိုလုပ်ရမလဲ"

"ကျုတ်ကျက်လိပေ့ါကွ"

"ဟေ ဘာလဲဟ ကျုတ်ကျက်လိက"

"မင်းကလည်း ဦးနှောက်နည်းနည်းလေးကွာ၊ ကျုတ်ကျက်လိဆိုတာ ကြည့်ကျက်လုပ်ပေ့ါဟ"

ယခုလည်း စိတ်ထဲထင်ရာ၊ ဘာမသိညာမသိ သူများလုပ်တာနဲ့ ရောယောင်ကာ မလုပ်ကြပါလေနဲ့၊ ကျုတ်ကျက်လိ။ သိမြင်အောင် ကြည့်ကြပါဦးဟုသာ။ ။

❖ မိမိတို့နိုင်ငံသားတွေဟာ အစဉ်အဆက် လူကြီးသူမတွေကို မြင်တွေ့တဲ့အခါ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံတတ်အောင်၊ ယဉ်ကျေးပျူငှာတဲ့ လောကဝတ်တွေကို သင်ကြားပေးခဲ့ကြပါတယ်။ ဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ စာရိတ္တသီလ၊ ဝါရိတ္တသီလတွေကို လူငယ်တွေ သိမြင်နားလည်ပြီး မကောင်းမှုဒုစရိုက်တွေကို လုပ်ဆောင်ဖို့ ရှက်တတ်၊ ကြောက်တတ်အောင် သင်ကြားပေးခဲ့ကြပါတယ်။ ဒါဟာ လူတစ်ဦးချင်းစီရဲ့ စိတ်ဓာတ်အရည်အချင်းကို ဖြည့်ဆည်းဖို့အတွက် လူကြီးမိဘတွေရဲ့ ကြိုးပမ်းခဲ့မှုတွေပဲ ဖြစ်ပါတယ်။ လက်ရှိမှာလည်း မိမိတို့ပြည်သူတွေဟာ တစ်ဦးချင်းစီရဲ့ သီလနဲ့ပညာကို ဖြည့်ကြရမှာဖြစ်ပြီး မကောင်းမှု၊ ဒုစရိုက်တွေနဲ့ ပြည့်နှက်နေတဲ့ ဆင်ခြင်တုံတရားအားနည်းတဲ့ လူတစ်စုရဲ့ မြှောက်ပင့်သွေးထိုးမှုတွေကို တွန်းလှန်ကြရင်း နိုင်ငံထူထောင်ရေးမှာ ပါဝင်ကြရမှာဖြစ်ပါတယ်

❍ အကြမ်းဖက်ခြင်းကို မည်သည့်နိုင်ငံကမျှ လက်ခံမှာမဟုတ်ပါဘူး။ လက်နက်ကိုင်တော်လှန်ရလောက်အောင်လည်း မိမိတို့နိုင်ငံကို မည်သည့်နိုင်ငံကမျှ မတရားသိမ်းပိုက်ထားတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ တရားမျှတမှုကိုဖော်ဆောင်ဖို့ လက်ရှိအစိုးရရဲ့ဆောင်ရွက်ချက်တွေကို မျက်ကွယ်မပြုဘဲ မြင်အောင်ကြည့်တတ်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တပ်မတော်တို့အကြား၊ အစိုးရတို့အကြား ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းနေခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာရှိပါပြီ။ စားပွဲဝိုင်းပေါ်ရောက်အောင် ကြိုးပမ်းခဲ့တဲ့ ခေါင်းဆောင်တွေရဲ့ ပင်ပန်းမှုတွေ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေဟာ ပါတီတစ်ခု၊ လူတချို့ရဲ့ အခွင့်အာဏာကို အကြောင်းပြုပြီး ပျက်သုဉ်းသွားရမှာကိုတော့ မတွေ့မမြင်လိုတဲ့ ဆင်ခြင်တုံတရားရှိတဲ့ပြည်သူတွေ ရှိနေမှာဖြစ်ပါတယ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၉-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၀၉:၂၀** တရုတ်ကာတွန်း **'ဗိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၃၁)
**၀၉:၄၀** MRTV Travelogue
**၁၀:၁၅** **'ဝဿာန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၀** အသိပညာနှင့်အမှန်တရား **'ချမ်းသာသည့်နိုင်ငံနှင့် ဆင်းရဲသည့် နိုင်ငံ၏ အဓိကကွာခြားချက်'**
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'သီတာရေကြည်'** (ညွှန့်ဝင်း၊ ခင်သီတာထွန်း)
**၁၇:၁၅** ထူးခြားစုံလင် အာရုပစိပ်ပိတ်အစီအစဉ်
**၁၇:၃၀** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လှို့ဝှက်ချက်'** (အပိုင်း-၂၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ

**mitv**

**07:01** News
**07:27** Rakhine: The Land Of Sublime Pagodas
**08:01** Talent Show on a maze of xylophones
**08:06** Healthy Diet: Keto Diet
**08:15** Today Myanmar: Preparedness for Natural Disasters in Myanmar (Part-1)
**08:25** Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
**08:40** Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
**09:01** Applied Myanmar Traditional Martial Art (Part-1)
**09:27** Ancient Shwe-San-Taw Pagoda
**09:43** The Third Prize Winner
**10:01** Weekly Review

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သုတို့တ၀သုတိုရိုးရာ (ဒေါ်သြည်းသူ)
**ပအိုဝ်းကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၇)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေအမြုတေ
**ချင်း (လိုင်းဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဘုံတလာရေတံခွန်အကြောင်းသိကောင်းစရာ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပြုံးပဒေသာ (အပိုင်း-၁)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မုန့်တီခြောက်ပြုလုပ်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်များသို့ ဆေးနှင့်အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၁**



ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကာလ ဆောင်ရွက်နေစဉ်အတွင်း တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် အတွင်းရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်များအား ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ နိမလ ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများ ဆေးနှင့်အခြေခံစားသောက်ကုန်များ လှူဒါန်းမှုကို ယနေ့နံနက် ၉ နာရီက လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းရှေ့၌ ကျင်းပသည်။

အဆိုပါ ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက်အတွင်းရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်စာသင်တိုက် ၄၅ ကျောင်းရှိ သံဃာတော်များ၊ သီလရှင်ဆရာလေးများအား အလှူရှင်များက သကြား၊ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ငါးခြောက်၊ ဆပ်ပြာတို့ကို လောင်းလှူကြသည်။

ထို့ပြင် စက်တင်ဘာ ၁၈ ရက်တွင်လည်း ဆေးဝါးပစ္စည်းမျိုးစုံ ၁၆ မျိုးအား ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်ရှိ ဘုန်းကြီးကျောင်း ၄၅ ကျောင်းအား ဆက်လက် လှူဒါန်းမည်ဖြစ်ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၇၀ ကျော်ရှိကြောင်း သိရသည်။

**အာကာစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁-၉-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၅၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၀၅/၁၁၃၀ ကျပ် | ၁၁၂၀/၁၁၅၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၁၅/၁၁၄၀ ကျပ် | ၁၁၃၅/၁၁၇၀ကျပ် |
| အောက်တိန်း ၉၂ | ၁၁၄၀/၁၁၅၀ ကျပ် | ၁၁၈၀/၁၂၀၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၆၀ /၁၁၉၀ ကျပ် | ၁၂၆၅/၁၂၉၀ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၃၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၅ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၃၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၇ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၆၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၆၉ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၁၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၅၀၀ | ၁၃၃၅၀၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၃၄၅၁ | ၁၀၇၇၀၆၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၀ | ၈၀၀၀၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၅၁၆ | ၉၅၄၆၀၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၁၂ | ၃၃၅၀၀ |
| EFR | ၃၂၀၀ | ၂၉၅၀ | ၁၁၁၀ | ၃၂၇၇၀၀၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၅ | ၂၄၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ချိုးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

၂၆

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ဓမ္မစရိယာစ

## သုစရိုက်တရားကို ကျင့်ခြင်း၊ ကောင်းသောတရား၊ မှန်ကန်သောတရား မျှတသောတရားကို ကျင့်ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**ဗုဒ္ဓဘုရားရှင်က သုစရိုက်တရားကို ကျင့်ခြင်း၊ ကောင်းသောတရား၊ မှန်ကန်သောတရား၊ မျှတသောတရားကို ကျင့်ခြင်းသည် မင်္ဂလာမည်၏ဟု မင်္ဂလာတရား ၃၈ ဖြာတွင် ဟောပါသည်။ ကောင်းသောတရား၊ မှန်ကန်သောတရားများကို သိနိုင်ရန် မမှန်သော အပြုအမူ၊ အပြောအဆိုများကို သိရန်လိုပါသည်။**

### ဒုစရိုက် ၁၀ ပါး

ကျမ်းဂန်များက ရှောင်ကြဉ်သင့်သည့် ဒုစရိုက်၁၀ ပါးကိုအောက်ပါအတိုင်း ပြဆိုပါသည်။

၁။ သူတစ်ပါး အသက်ကိုသတ်ဖြတ်ခြင်းဖြစ်ပါသည်။

၂။ ခိုးယူခြင်းဖြစ်ပါသည်။

၃။ သူများသားမယားကို ပြစ်မှားခြင်း ဖြစ်ပါသည်။

အထက်ပါ ၃ ချက်သည် တရားသဖြင့် မဟုတ်သော မကောင်းမှုကို ဖြစ်စေသည့် ကာယ ဒုစရိုက်သုံးပါးဖြစ်ပါသည်။

၄။ **မုသာဝါဒ** – မမှန်သောစကားကို အဟုတ်အမှန် ပြုလုပ်ပြောဆိုခြင်း။

၅။ **ပိသုဏဝါစာ** – ကုန်းတိုက်စကားကို ဆိုခြင်း။

၆။ **ဖရုသဝါစာ** – ကြမ်းတမ်း၊ ယုတ်ညံ့သော စကားကိုဆိုခြင်း။

၇။ **သမ္ဖပ္ပလာပ ဝါစာ** – အနှစ်မရှိသော စကားကိုဆိုခြင်း။

အထက်ပါ ၄ ချက်သည် တရားသဖြင့် မဟုတ်သော မကောင်းမှုကို ဖြစ်စေသည့် နှုတ်ဖြင့်ပြုသော ဝစီဒုစရိုက်လေးပါးဖြစ်ပါသည်။

၈။ **အဘိဇ္ဈာ** – သူတစ်ပါးဥစ္စာကို လိုချင်စိတ်ဖြစ်ခြင်း။

၉။ **ဗျာပါဒ** – သူတစ်ပါးအပေါ် ရန်ငြိုးထား၊ ပျက်စီးအောင်ကြံခြင်း။

၁၀။ **မိစ္ဆာဒိဋ္ဌိ** – အယူမှားခြင်း။

အထက်ပါ ၃ ချက်သည် တရားသဖြင့် မဟုတ်သော မကောင်းမှုကို စိတ်ဖြင့်ကြံစည်သည့် မနောဒုစရိုက် သုံးပါးဖြစ်ပါသည်။

သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးပစ္စည်းခိုးယူခြင်း၊ သူတစ်ပါး သားမယား ပြစ်မှားခြင်း စသည့်ကာယ သုစရိုက်များကို ကျူးလွန်သူသည် မင်းပြစ်မင်းဒဏ် ခံရပါမည်။ ဝစီဒုစရိုက် ဖြစ်သော လိမ်လည်လှည့်ဖြားခြင်း၊ ရန်တိုက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အနှစ်သာရ မရှိသောစကားများကို ပြောဆိုခြင်းများ ပြုလုပ်သည့်အခါ အများ၏ ကဲ့ရဲ့ရှုတ်ချမှုကို ခံရပါမည်။ အများ၏ ယုံကြည်မှု ပျောက်ဆုံးပြီး စီးပွားပျက်ပါမည်။ သူတစ်ပါးဥစ္စာကို လိုချင်စိတ်ဖြစ်ခြင်း၊ သူတစ်ပါးအပေါ် ရန်ငြိုးထား၊ ပျက်စီးအောင်ကြံခြင်း၊ အယူမှားခြင်း စသည့်မနောဒုစရိုက် သုံးပါးကို ကျူးလွန်သည့်အခါ ကာယ ဒုစရိုက်နှင့် ဝစီဒုစရိုက်တို့ကို ဆက်လက် ကျူးလွန်မိမည် ဖြစ်ပါသည်။ ဒုစရိုက် ၁၀ ပါးကို ကျူးလွန်သူသည် ဘဝတွင် ချမ်းသာအောင်မြင်မှုနှင့် ဝေးရမည့် အပြင် အပါယ်ငရဲလည်း ကျမည်ဖြစ်ပါသည်။

ဒုစရိုက်တရားများကို ရှောင်ရှားခြင်းဖြင့် မလုံလောက်ပါ။ သုစရိုက်ဟု ခေါ်သည့် ကောင်းသောတရား၊ မှန်ကန်သော တရား မျှတသောတရားများကိုလည်း ကျင့်ကြံအားထုတ်ရပါမည်။

နီတိကျမ်းများက ပြဆိုသော သုစရိုက်တရား ၁၀ ပါးကို ပုညကရိယာဝတ္ထု ၁၀ ပါးဟုလည်း ခေါ်ပါသည်။

### ပုညကရိယာဝတ္ထု ၁၀ ပါး

၁။ **ဒါန** – သဒ္ဓါကြည်ဖြူပေးလှူခြင်း။

၂။ **သီလ** – ကာယဝစီ – ခုနစ်လီဒုစရိုက် ကိုယ်တွင် မယှဉ်၊ ကောင်းစွာကျင့်ခြင်း။

၃။ **ဘာဝနာ** – သမထ၊ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းပွားများခြင်း။

၄။ **အပစာယန** – သုံးပါးရတနာ၊ မိဘ၊ ဆရာ၊ ဂုဏ်အားဖြင့်ကြီးသူ အစရှိသူတို့အား ရိုသေခြင်း။

၅။ **ဝေယျာဝစ္စ** – ကုသိုလ်ဖြစ်ဖွယ် အမှုကြီးငယ်ကို သယ်ပိုးဆောင်ရွက်ခြင်း။

၆။ **ပတ္တိဒါန** – မိမိပြုသော ကောင်းမှုကုသိုလ်ကို အမျှပေးဝေခြင်း။

၇။ **ပတ္တာနုမောဒနာ**– သူတစ်ပါးပြုလုပ်သော ကောင်းမှုကို သာဓုခေါ်ခြင်း။

၈။ **ဓမ္မသဝန** – ဘုရားအမှူးပြုသော သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်း။

၉။ **ဓမ္မဒေသနာ** – ဘုရားအမှူးပြုသော သူတော်ကောင်းတို့၏ တရားများကို ဖြန့်ဝေခြင်း၊ ဟောကြားခြင်း။

၁၀။ **ဒိဋ္ဌိဇုကမ္မ** – အထက်ပါ အချက် ၉ ချက်သည် ကေန်ချမ်းသာ၏ ဟု မှန်ကန်သောအယူကို ယူခြင်း။

အထက်ပါ သုစရိုက် ၁၀ ပါးအပြင် ၂၁ ရာစုတွင် ကျင့်ကြံအပ်သည့် မှန်ကန်သောတရား၊ မျှတသောတရား ၁၀ ပါးကိုလည်း ဖော်ပြလိုပါသည်။

### ၂၁ရာစုတွင် ကျင့်ကြံအပ်သည့် တရား ၁၀ ပါး

၁။ တရားဥပဒေကို လေးစားလိုက်နာရပါမည်။ တရားဥပဒေကို ချိုးဖောက်လျှင် အပြစ်ဒဏ် ခံရပါမည်။

၂။ ကျင့်ဝတ်စည်းကမ်းတွေကို လေးစားလိုက်နာရပါမည်။ ကျင့်ဝတ်စည်းကမ်းများသည် တရားဥပဒေကဲ့သို့ပင် လိုက်နာရန် အရေးကြီးပါသည်။ ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်လျှင် အများက မကြည်ညို မနှစ်သက်သည့် ပရာနုဝါဒဖြစ်နိုင်ပြီး အခန့်မသင့်လျှင် ဥပဒေကြောင်းအရပင် အရေးယူခံရနိုင်ပါသည်။

၃။ ကိုယ်ချင်းစာစိတ် မွေးမြူရပါမည်။ ကိုယ်ချင်းစာစိတ်သည် မကောင်းမှုပြုလုပ်ခြင်းကို ရှောင်ရှားနိုင်ပါသည်။

၄။ မနာလို၊ ဝန်တိုစိတ်ကင်းရပါမည်။ သူတစ်ပါးကောင်းစားခြင်း၊ ကြီးပွားခြင်းကိုမြင်လျှင် မုဒိတာပွားနိုင်ရပါမည်။

၅။ အဂတိတရား ၄ ပါးကို ကင်းအောင်နေရပါမည်။

**အဂတိတရား ၄ ပါးမှာ –**

၅. ၁။ **ဆန္ဒာဂတိ** – မိမိဆန္ဒနှင့် အလိုကိုလိုက်ပြီး မမှန်မကန် ဆုံးဖြတ်ခြင်း။

၅. ၂။ **ဒေါသာဂတိ** – ဒေါသကြောင့် မမှန်မကန် ဆုံးဖြတ်ခြင်း။

၅. ၃။ **ဘယာဂတိ** – ကြောက်သည့်စိတ်ကြောင့် မမှန်မကန် ဆုံးဖြတ်ခြင်း။

၅. ၄။ **မောဟာဂတိ** – လောဘကြောင့် အမိုက်မှောင်ဖုံးကာ မမှန်မကန် ဆုံးဖြတ်ခြင်း။

၆။ တစ်ဖက်သားကို တန်ဖိုးထားပြီး ပြောဆိုဆက်ဆံရပါမည်။ မိမိထက် အသက်အားဖြင့် ကြီးသူ၊ အသက်အားဖြင့် ငယ်သူ၊ ဂုဏ်အားဖြင့် ကြီးသူ၊ ဂုဏ်အားဖြင့် ငယ်သူ၊ အားလုံးကို တန်ဖိုးထား၍ ပြောဆိုဆက်ဆံရပါမည်။ အထူးသဖြင့် မိမိအပေါ် မည်သည့်ကောင်းကျိုးမှ လုပ်မပေးနိုင်သူကိုလည်း တန်ဖိုးထားပြီး ပြောဆိုဆက်ဆံရပါမည်။

၇။ ခွင့်လွှတ်သည်းခံစိတ် မွေးရပါမည်။

၈။ အပြစ်တင်ခြင်း၊ ကဲ့ရဲ့ခြင်း၊ သူတစ်ပါးကို ထိခိုက်စေမည့် အပြောအဆို၊ အရေးအသားများကို ရှောင်ရပါမည်။

၉။ တရားသော နည်းလမ်းနှင့် အသက်မွေးဝမ်းကျောင်းပြုရပါမည်။

၁၀။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းအောင်ပြုလုပ်ခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်းများကို ရှောင်ရပါမည်။

နိဂုံးချုပ်အနေဖြင့် ကောင်းသောတရား၊ မှန်ကန်သောတရား မျှတသောတရားများ နေ့စဉ်ကျင့်ကြံအားထုတ်မှသာ မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်နိုင်ပါမည်။

**✻ သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးပစ္စည်းခိုးယူခြင်း၊ သူတစ်ပါး သားမယားပြစ်မှားခြင်း စသည့် ကာယသုစရိုက်များကို ကျူးလွန်သူသည် မင်းပြစ်မင်းဒဏ်ခံရပါမည်။ ဝစီဒုစရိုက် ဖြစ်သော လိမ်လည်လှည့်ဖြားခြင်း၊ ရန်တိုက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အနှစ်သာရမရှိသော စကားများကို ပြောဆိုခြင်းများ ပြုလုပ်သည့်အခါ အများ၏ ကဲ့ရဲ့ရှုတ်ချမှုကို ခံရပါမည်။ အများ၏ ယုံကြည်မှုပျောက်ဆုံးပြီး စီးပွားပျက်ပါမည်။ သူတစ်ပါးဥစ္စာကို လိုချင်စိတ်ဖြစ်ခြင်း၊ သူတစ်ပါးအပေါ် ရန်ငြိုးထား၊ ပျက်စီးအောင်ကြံခြင်း၊ အယူမှားခြင်းစသည့် မနောဒုစရိုက် သုံးပါးကို ကျူးလွန်သည့်အခါ ကာယဒုစရိုက်နှင့် ဝစီဒုစရိုက်တို့ကို ဆက်လက်ကျူးလွန်မိမည် ဖြစ်ပါသည်။ ဒုစရိုက် ၁၀ ပါးကို ကျူးလွန်သူသည် ဘဝတွင် ချမ်းသာအောင်မြင်မှုနှင့် ဝေးရမည့်အပြင် အပါယ်ငရဲလည်းကျမည် ဖြစ်ပါသည်**

### "မှတ်သားစရာ"

**ဒုစရိုက်တရားများကို ရှောင်ရှားခြင်းဖြင့် မလုံလောက်ပါ။ သုစရိုက် ခေါ်သည့် ကောင်းသောတရား၊ မှန်ကန်သောတရား၊ မျှတသော တရားများကိုလည်း ကျင့်ကြံအားထုတ်ရပါမည်။**

ကျမ်းကိုး
၁။ သုတေသန သရုပ်ပြအဘိဓာန်။ အရှင်ဩဘာသာဘိဝံသ မထေရ်မြတ်။

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# သံယောဇဉ် လွှမ်းတင်ခဲ့ပါပေါ့ ဤကျောင်းတော်မဟာတွေ

*မြင့်စိုး(နတလ)*

**ကျွန်တော်မြင့်စိုး(နတလ)သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ၌ သက်ပြည့်အငြိမ်းစားယူခဲ့၏။ ပင်စင်စား တော်တော်များများ ဖြစ်လေ့ဖြစ်ထရှိသည့် ပင်စင်နာရောဂါကို ရှောင်ရှားနိုင်ခဲ့လင့်ကစား ၂၃ နှစ် တာမျှ တာဝန်ထမ်းဆောင်ခဲ့သော သံယောဇဉ်ကြောင့် လွမ်းချင်းဝေဒနာတချို့ ရလိမ့်မည်ဆိုတာကိုတော့ ကျွန်တော်ကြိုသိနေပါသည်။ ကျွန်တော်ချစ်သော တိုင်းရင်းသားတွေကိုလွမ်းသည့် ဝေဒနာ၊ ကျွန်တော်ရောက်ခဲ့ဖူးသော နယ်စပ်ဒေသမြို့ရွာတွေကို လွမ်းသည့်ဝေဒနာ စသည် ... စသည်ဖြင့်။**

သို့တစေ မိခင်ဌာနနှင့် ချက်ချင်းလက်ငင်းကြီး ကင်းကွာမသွားစေဖို့ အကြောင်းတစ်ခုက ဖန်လာသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်ပေးနေသော မဂွေဇ-ခေါင်လန်ဖူး ကားလမ်း ၆၅/၄ မိုင်ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ပူတာအို၊ မချမ်းဘော၊ နောင်းမွန်း၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူးဒေသများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ယင်းဒေသများရှိ သဘာဝပတ်ဝန်းကျင်ကောင်းများ ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေတို့ အပါအဝင် ယခုကားလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းများက အစ ပြောင်းလဲတိုးတက်သွားမည့် အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းရိုက်ကူး၍ ပြည်သူလူထုသို့ တင်ပြပေးရန် ထိုစဉ်က ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အကူအညီတောင်းခံလာပါသည်။ ကျွန်တော် မငြင်းခဲ့ပါ။ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံ၍ စာမူတွေ ရေး၊ မြန်မာ့ရုပ်မြင်သံကြားက ဦးဇေယျာကျော်ဝင်း၊ ဒေါ်ဆွေဆွေသန်းတို့အဖွဲ့နှင့် ရိုက်ကူးရေးကိစ္စတွေညှိပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ထိုဒေသများသို့ သွားရောက်ရိုက်ကူးခဲ့ကြပါသည်။ ရိုက်ကူးရေးအစီအစဉ်၏ ခေါင်းစဉ်ကိုတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် အကြံပြုသောအမည်ကို ယူခဲ့သည်။ **“အိပ်မက်လမ်းသို့ ခရီးရှည်”** ဟူ၍။

မဂွေဇ- ခေါင်လန်ဖူး ကားလမ်းသည် လမ်းကြောင်းပေါ်ရှိ အမြင့်ဆုံးတောင်ကြားထိပ်ဖြစ်သော ဆန်းလွတ်ချက်တောင်ကြား ၃၃/၆ မိုင်အထိ လမ်းပေါက်သွားသောအခါ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့၌ လမ်းတစ်ဝက်ဖွင့်ပွဲ အခမ်းအနား ပြုလုပ်ခဲ့သဖြင့် ရိုက်ကူးရေးအဖွဲ့နှင့်အတူ ထပ်မံသွားရောက်ခဲ့ပါသည်။ ထိုမှတစ်ဖန် မေခမြစ်ကူး ရီဒမ်းကြိုးတံတားအထိ ၄၃ မိုင် လမ်းပေါက်သွားချိန်မှာတော့ ကျန်သောခရီး ၂၂ မိုင် ၄ ဖာလုံအား ဆိုင်ကယ်များစီးလျက် ခေါင်လန်ဖူးမြို့လေးသို့ အရောက် ကျွန်တော်တို့ ခရီးနှင်ခဲ့ကြသည်။ ထိုခရီးတွင် MRTV အဖွဲ့ မပါတော့ပါ။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုး၊ နတလအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်တို့နှင့်အတူ သွားခဲ့ခြင်းဖြစ်ပါသည်။ ပူတာအို၊ မချမ်းဘော၊ နောင်းမွန်း၊ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်ဒေသများသို့ စတုတ္ထအကြိမ်မြောက် ရောက်ရှိခဲ့သောခရီးဟူ၍လည်း ပြောလျှင်ရပါ၏။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်။

### အိပ်မက်လမ်းမကြီး

လက်ရှိကာလတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကွပ်ကဲကြပ်မတ်မှုဖြင့် မဂွေဇ-ခေါင်လန်ဖူး ကားလမ်းမကြီးကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ ၃-၉-၂၀၂၂ ရက်တွင် ခေါင်လန်ဖူးမြို့သို့ တစ်ကြောင်းထိုး မြေသားလမ်းပေါက်ရောက်ခဲ့ပြီဖြစ်ပါသည်။ မကြာမီ ပေါ်ပေါက်လာတော့မည့် အိပ်မက်လမ်းမကြီးသည် ခေါင်လန်ဖူးမြို့နှင့် ခေါင်လန်ဖူးဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးမားစွာ အထောက်အကူဖြစ်စေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။ အငြိမ်းစား ဝန်ထမ်းဘဝဖြင့် သွားရောက်လေ့လာကြည့်ရှု၍ ဆောင်းပါးများ ရေးသားတင်ပြခွင့်ရခဲ့သော လမ်းတစ်သွယ်ရှိသေး၏။ ယင်းလမ်းမှာ ဂုတ်တွင်း(ဂုတ်ထိပ်)၌ အကြောင်းတစ်စုံတစ်ရာကြောင့် ကားလမ်းပိတ်ဆို့မှုကို ကူညီဖြေရှင်းပေးနိုင်သော ရှမ်းပြည်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ကို ဆက်သွယ်ပေးထားသည့် ကျောက်ဂူ-နောင်ဝိုး-ပန်ဝပ်-သဘာဝတံတား-ကုန်ဆာ- နမ့်လန်လမ်း ၅၀/၄ မိုင်ဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ကျောက်ဂူမှ သဘာဝတံတားထိ ၃၅/၀ မိုင်ကို တာဝန်ယူ ဖောက်လုပ်ခဲ့ပြီး ကျန်လမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

> ◆ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘွဲ့အတွက် ၅ နှစ်၊ ဒီဂရီကောလိပ်များတွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့သင်တန်းအတွက် ၄ နှစ်၊ အေဂျီတီအိုင်ဒီပလိုမာသင်တန်းအတွက် ၃ နှစ် တက်ရောက်သင်ကြားရကာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တည်းဟူသော တိုင်းရင်းသားသွေးချင်းကလေးငယ်များအတွက် မှီခိုအားထားရာ၊ အရည်အချင်းနှင့် ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝသော ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရာ ကျောင်းတော်မဟာများ ဖြစ်ကြသည်

### လူ့စွမ်းအားအရင်းအမြစ်

ဤကဲ့သို့ နတလလုပ်ငန်း၊ လမ်းကိစ္စများနှင့် နှစ်ပါးသွားပြီးသကာလ ကျွန်တော်၏ အငြိမ်းစားဝန်ထမ်းဘဝကို မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီးဘက်သို့ ခြေဦးလှည့်လိုက်သောအခါ ရပ်ကျိုးရွာကျိုးအတွက် လေးမျက်နှာမြို့နယ်အတွက်၊ တိုင်းဒေသကြီးအတွက်၊ ဆက်လက်ထမ်းဆောင်ရမည့် လုပ်ငန်းတစ်ခုက ပြက်ပြက်ထင်ထင်ကြီး ပေါ်လာပါတော့သည်။ ယင်းကား အခြားမဟုတ်ပါ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပဲဖြစ်ပါသည်။ တိတိကျကျ ပြောရလျှင် မိမိတို့မြို့နယ်က တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/သူလေးများအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)တို့သို့ တက်ရောက်ပညာသင်ယူခွင့်ရရှိရေးဖြစ်သည်။ သည်အတွေး၊ သည်စိတ်ကူးကို ၂၀၁၉ ခုနှစ်လောက်မှ ထဲထဲဝင်ဝင် စနိုင်ခဲ့သည်။ နှစ်များစွာ နောက်ကျသွားသည့်အတွက်လည်း နောင်တရသလိုဖြစ်မိသည်။ သို့သော် ကုန်လွန်သွားသောနှစ်များ၌ မိမိတို့ဒေသ တိုက်နယ်ဆေးရုံရရှိရေး၊ အထကကျောင်းဆောင်များရရှိရေးနှင့် စာစစ်ဌာနရရှိရေး၊ ဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရေး၊ မူလတန်းကျောင်းများ မူလွန်/အလက အဆင့်တိုးမြှင့်ရရှိရေး၊ မိမိနေထိုင်ပညာသင်ကြားခဲ့ဖူးရာ လေးမျက်နှာပရဟိတကျောင်းတွင် တိုင်းရင်းသားကလေးငယ်များအတွက် အိပ်ဆောင်ရရှိရေးများကို နှစ်အလိုက်၊ နှစ်အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဒါတွေနှင့်ပြန်၍ ဖြေသိမ့်ခဲ့သော်ငြားလည်း နောင်တရစိတ်က မပျောက်၊ ဒီလိုတက္ကသိုလ်၊ ကောလိပ်ကြီးတွေရှိကြောင်း၊ မည်သည့်အခွင့်အလမ်းများ ရရှိနိုင်ကြောင်း ဆိုတာတွေပြောပြဖို့၊ အသိပေးဖို့ငါဘာလို့များ နောက်ကျရပါလိမ့်။

ထို့ကြောင့် ၂၀၁၉ နှစ်စပိုင်းမှာ မိမိမွေးရပ်မြေ အထက (လှော်ကထား) ကျောင်းမှာ သည်တက္ကသိုလ်၊ ကောလိပ်ကြီးတွေ အကြောင်းစ၍ ရှင်းလင်းဟောပြောခဲ့ပါသည်။ သည်တုန်းက ကိုဗစ်ရန်ကင်းဝေးဆဲဖြစ်၍ အထက(ကညင်တိုင်း)၊ အထက (ယင်းဆယ်) ကျောင်းများတွင်လည်း ကျောင်းသား/သူများနှင့်တွေ့ဆုံ ပြောကြားခွင့် ရခဲ့ပါသည်။ ကချင်ပြည်နယ်၊ ပူတာအိုမြို့သို့ ရောက်တုန်းရောက်ခိုက်မှာပင် အထက(၁)ကျောင်း၌ စာရေးဆရာ အကြီးကိုကို(ကသာ)နှင့် တွဲ၍ သူကလူငယ်တွေ စိတ်ဓာတ်ရေးရာ မြှင့်တင်ရေးအတွက် ဟောပြောသည်။ ကျွန်တော်က မိမိငယ်စဉ်က နေထိုင်ပညာသင်ယူခဲ့ရသော ပရဟိတကျောင်းသားဘဝနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ခေါင်လန်ဖူးဒေသရှိ အထက(ခေါင်လန်ဖူး)၊ အထက(ဇန်ယော့)၊ အထက(ခွဲ)(ရှိန်းခေါင်)ကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက် ဖြေဆိုကြမည့် ကျောင်းသား/သူ(၄၅)ဦးနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ သည်တက္ကသိုလ်၊ ကောလိပ်များအကြောင်း ရှင်းပြခဲ့သေးသည်။

၂၀၂၀ မှာတော့ ကိုဗစ်ကပ်ရောဂါဘေးကြောင့် ကလေးများနှင့် တွေ့ဆုံခွင့်မရတော့ပါ။ မိမိမြို့နယ်အတွင်းရှိ အထက(ရေဖြူ)၊ အထက(ခမောက်စု)၊ အထက(အိုင်သပြု) ကျောင်းများတွင် ဆုပေးပွဲအတွက် ငွေလှူဒါန်းရင်း ဆရာဆရာမများအား ကျောင်းတော်ကြီးများအကြောင်း ရှင်းပြခဲ့ပါသည်။ အားမနာတမ်းပြောရလျှင် အချို့သော ဆရာ၊ ဆရာမများသည်ပင်လျှင် ဖွံ့ဖြိုးရေးတက္ကသိုလ်ကို သိသည်၊ ကြားဖူးသည်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) ကျောင်းများကို မသိကြပါ။ သို့ဖြစ်ပေရာ နောင်ထပ်မံ သွားရောက်ခွင့်ကြုံသည့် ကျောင်းများအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များက ထုတ်ဝေသော မဂ္ဂဇင်းစာအုပ်များကို သယ်ဆောင်ဖြန့်ဝေပေးခဲ့သည်။ များများသိစေချင်သည်၊ ကြားဖူးစေချင်သည်။

### လေးစားခဲ့ရသောကျောင်းတော်မဟာ

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ဖွံ့ဖြိုးရေးသိပ္ပံအနေဖြင့် ရှိစဉ်ကတည်းက ကျွန်တော်လေးစားခဲ့ရသော ကျောင်းတော်မဟာတစ်ခု ဖြစ်ခဲ့သည်။ တိုင်းရင်းသားလူငယ်၊ လူရွယ်များအနေဖြင့် မိမိတို့တာဝန် ကျရာဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာရေးကို ကြိုးပမ်းကြမည့် အရည်အသွေး မြင့်မားသည့် ပညာရေးဝန်ထမ်းကောင်းများ ဖြစ်ထွန်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့၌ စစ်ကိုင်းမြို့မှာ ဖွင့်လှစ်ခဲ့ပြီး၊ ထိုမှ ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ရွာသစ်ကြီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့၌ တက္ကသိုလ်အဆင့်သို့မြှင့်ခဲ့ပါသည်။

*စာမျက်နှာ ၂၂ သို့*

# ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသား ၂၀၃ ဦး မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁၁**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့၊ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင် ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် ၂၀၃ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများအား ယခင်က မြဝတီခရိုင်နှင့်ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များကိုသာ ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးပေးရာမှ ယခုအခါ ပြန်လာသူအားလုံးကို စစ်ဆေးပေးကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာနှင့် ရွှေမြဝတီကိုဗစ်စင်တာတို့တွင် ကုသမှုခံယူစေမည်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ နေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**



မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

*စာမျက်နှာ ၂၁ မှ*

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို နယ်စပ်ဒေသအခြေခံ ပညာရေးကဏ္ဍအတွက် လိုအပ်သည့် ဆရာ၊ ဆရာမများ ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များဖြင့်ပင် မွေးထုတ်ပေးရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ စစ်မှန်သောအင်အားသည် နိုင်ငံအတွင်းမှာသာရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအားအပေါ် အဓိက တည်မှီနေသည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်တို့အရ တက္ကသိုလ်၏ ဆောင်ပုဒ်ကို **“စည်းလုံးခြင်းသည် အင်အား”**ဟု သတ်မှတ်ထားခြင်းဖြစ်ပေသည်။ ကျွန်တော် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်ကျောင်းမှာ ဟောပြောသည်ပဲဖြစ်ဖြစ် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်က အခြားသောတက္ကသိုလ်၊ ကောလိပ်များနှင့် မတူသည့် အချက်တစ်ချက်ကို အမြဲဂုဏ်ယူစွာ ပြောပြခဲ့ပါသည်။ ယင်းမတူသည့်အရာကတော့ ဖွံ့ဖြိုးရေးသိပ္ပံအဆင့်မှ တက္ကသိုလ်အဆင့် ရောက်သည်အထိ နောက်ဆုံးနှစ် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူအားလုံးသည် နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒကိုခံယူပြီးမှ ကျောင်းဆင်းကြရခြင်းဖြစ်ပါပေ၏။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)ကို ၂၀၀၀ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်းရှိ ပရဟိတ(ကျား)ကျောင်းဝင်းထဲ၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ အလားတူ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကို မန္တလေးမြို့တွင် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ထိုမှ ၂၀၁၄ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ဒီဂရီကောလိပ်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်(၅) ရပ်အနက် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးအချက်မှာ **“ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန်”** ပဲဖြစ်သည်။

**စေတနာအကျိုး ပေး**

ကျွန်တော်သည် မွေးရပ်မြေသို့ပြန်၍ အဆိုပါ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များ အကြောင်းကို သွားရောက်ရှင်းလင်းဟောပြောသည့် အခါ လမ်းတွင်ဖြတ်သွားရသော ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်တို့မှ အသိမိတ်ဆွေများကိုပါ ထိုတက္ကသိုလ်ကောလိပ်များဆိုင်ရာ အချက်အလက်အကြောင်းအရာများ၊ မဂ္ဂဇင်းစာအုပ်များ၊ မေးခွန်းဟောင်းများကို မျှဝေပေးပါသည်။ ဟင်္သာတမှတစ်ဆင့် မြန်အောင်နှင့်ကြံခင်းမြို့နယ်များသို့လည်း ပေးပို့ဖြန့်ဝေခဲ့ပါသည်။ အောင်ဆန်းဆရာတော်ကြီး၏ မိန့်မှာချက်အရ ဆရာတော်၏ ဇာတိဖြစ်သော အင်္ဂပူမြို့နယ်၊ ကျွဲသောင်ကျေးရွာ အ.ထ.ကမှာတော့ ကိုဗစ်စည်းကမ်းနှင့်အညီ သွားရောက်ဟောပြောပေးခဲ့ပါသည်။ စေတနာအကျိုးပေးသည်လို့ပဲ ပြောရမလား။ ယခုစာသင်နှစ်အတွက် ကျောင်းသားရွေးချယ်ရေး စာမေးပွဲရေးဖြေအဆင့်၌ လေးမျက်နှာမြို့နယ်က ဖွံ့ဖြိုးရေးတက္ကသိုလ် လေးယောက်၊ ဒီဂရီကောလိပ် လေးယောက်၊ ပေါင်း ရှစ်ယောက် ပဏာမအောင်မြင်ခဲ့ပြီ။ ဝမ်းသာမိပါ၏။

**ဝန်ထမ်းကောင်းများမွေးထုတ်**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၏ သင်တန်းဆင်းပွဲအခမ်းအနားများကို တက်ရောက်ခဲ့ဖူးပါသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘွဲ့အတွက် ၅ နှစ်၊ ဒီဂရီကောလိပ်များတွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့သင်တန်းအတွက် ၄ နှစ်၊ အေဂျီတီအိုင်ဒီပလိုမာသင်တန်းအတွက် ၃ နှစ် တက်ရောက်သင်ကြားရကာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တည်းဟူသော တိုင်းရင်းသားသွေးချင်းကလေးငယ်များအတွက် မှီခိုအားထားရာ၊ အရည်အချင်းနှင့် ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝသော ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရာ ကျောင်းတော်မဟာများ ဖြစ်ကြသည်ကို လက်တွေ့သိရှိခဲ့ရသည်။ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ မိဘများကိုယ်စား နိုင်ငံတော်က အစစအရာရာ လိုလေသေးမရှိ **အခမဲ့** တာဝန်ယူစောင့်ရှောက်သင်ကြား လေ့ကျင့်ပေးနေသော ကျောင်းတော်မဟာများ ဖြစ်ကြသည်။ စည်းကမ်းတကျ နေထိုင်သင်ကြားရင်း ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေသော ကျောင်းတော်မဟာများ ဖြစ်ကြသည်။ သားသမီးများကို ဤကျောင်းတော်ကြီးများသို့ တက်ရောက်စေခြင်းဖြင့် မိဘများအတွက် အပေါင်းအသင်းကိစ္စ၊ စည်းကမ်းစနစ်တကျ နေထိုင်လုပ်ကိုင်တတ်ရေးကိစ္စ၊ စားဝတ်နေရေးကိစ္စ အစစအရာရာ ပူပင်စရာ မရှိတော့ဘဲ ကျောင်းတော်ကြီးမှ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှု၊ ကျောင်းသား၊ ကျောင်းသူ၊ သင်တန်းသား၊ သင်တန်းသူအချင်းချင်း အပြန်အလှန် ထိန်းကျောင်းမှုတို့ကြောင့် သားသမီးများအတွက် လမ်းကြောင်းမှားသွားမှာကို မပူပင်ရသလို ကျောင်းပြီးသွားသည့်အခါမှာလည်း နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ပေးခန့်အပ်ပေးသဖြင့် မိဘများအတွက် ရေကန်အသင့် ကြာအသင့်ပင် ဖြစ်ရပေတော့သည်။ ဤကဲ့သို့ ဂုဏ်ရှိန်ထည်ဝါကြီးမားလှသော ကျောင်းတော်မဟာများကို ယခင်ကတည်းက ကျွန်တော် လေးစားခဲ့သည်။ ယခုရော နောင်ရော လေးစားနေဦးမည်။ ကျောင်းတော်ကြီးများ၏ လေ့ကျင့်ပျိုးထောင်ပေးမှုအပေါ် သံယောဇဉ် ကြီးမားခဲ့ရသည်။ ဟော…ယခုလည်း ရပ်ကျိုး၊ ရွာကျိုး၊ မြို့နယ်အကျိုး၊ တိုင်း ဒေသကြီးအကျိုးနှင့်ယှဉ်၍ ကျောင်းတော်ကြီး တို့အပေါ် သံယောဇဉ်ကြိုးတို့က တိုး၍ တိုး၍ နှောင်ဖွဲ့မိပါပကောလား …။ ဩော်… သံယောဇဉ်တွေ လွှမ်းတင်ခဲ့ပါပေါ့ ဤကျောင်းတော်မဟာကြီးတွေ …။



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)။



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)။

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က မြစ်သာမြစ်ကူး ကြိုးတံတားကို မိုင်းခွဲဖျက်ဆီး

နေပြည်တော် စက်တင်ဘာ ၁၁

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့မှ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ခက်ခဲကာ ကုန်စည်စီးဆင်းမှုများ ရပ်တန့်၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ကာ ကျေးရွာအုပ်စုချင်းဆက်သွယ်ထားသည့် မြစ်သာမြစ်ကူး ကြိုးတံတားကို မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက်ပြုတ်ကျေးရွာအုပ်စုနှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာအုပ်စုတို့အား ဆက်သွယ်ထားသည့် ခံနိုင်ဝန် သုံးတန်၊ အလျား ပေ ၆၀၀၊ အကျယ် ရှစ်ပေရှိ မြစ်သာမြစ်ကူး သံမဏိကြိုးတံတားကို PDF အကြမ်းဖက်အဖွဲ့က မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ထိုသို့ဖောက်ခွဲဖျက်ဆီးမှုကြောင့် တံတားကြမ်းခင်းတွင် ငါးပေအကျယ်ခန့် ထိခိုက်ပျက်စီးခဲ့ပြီး ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းနှင့် အဆိုပါကြိုးတံတားကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သိန်းပေါင်း ၁၂၀၀၀ ကုန်ကျခံကာ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်၍ ကုန်စည်စီးဆင်းမှုများ လျင်မြန်ကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ PDF အကြမ်းဖက်အဖွဲ့များ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကြိုးတံတားကို အမြန်ဆုံးပြုပြင်၍ လမ်းပန်းဆက်သွယ်မှု ပြန်လည်ကောင်းမွန်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့မှ မြစ်သာမြစ်ကူး ကြိုးတံတားကို မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။

## ပန်းတနော်မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ် ၃၃ လုံး ပြောင်းရွှေ့

**ပန်းတနော် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်ကမ်းနှင့်နီးသော ရေပေါ်ကြီးကျေးရွာအုပ်စု အထက်ကဇင်းတောကျေးရွာနှင့် တောကျောင်းကျေးရွာအုပ်စု ပေါက်ချောင်းကျေးရွာတို့တွင် နေအိမ် ၃၃ လုံးတို့အား စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ကမ်းလွတ်ရာ ဆွေမျိုးများ နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် အထက်ကဇင်းတောကျေးရွာတွင် သစ်အိမ် သုံးလုံး၊ ဝါးအိမ် ၂၂ လုံးနှင့် ပေါက်ချောင်းကျေးရွာတွင် ဝါးအိမ် ရှစ်လုံးတို့ကို ကမ်းလွတ်ရာနေရာများနှင့် နီးစပ်သည့် ဆွေမျိုးများနေအိမ်များသို့ ပြောင်းရွှေ့ခဲ့ရပြီး ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်၊ အတွင်းရေးမှူး ရဲမှူး ကျော်ဇင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇေယျာမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက သွားရောက် ကူညီဆောင်ရွက်ပေးခဲ့ပြီး ၎င်းပြောင်းရွှေ့ခဲ့ရသော မိသားစုဝင်များအား ခေါက်ဆွဲခြောက်၊ ရေသန့်၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်ဘူးများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ ဆက်)

## ညောင်ဦးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်သူ့ဆေးရုံသံဃာဆေးကုသဆောင်ပေါ် သစ်ပင်လဲကျ

**ညောင်ဦး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းရှိ သံဃာဆေးကုသဆောင်ပေါ်သို့ သစ်ပင်လဲကျမှုဖြစ်ပွားခဲ့ပြီး ယနေ့ နံနက်ပိုင်းက ညောင်ဦးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ကူညီရှင်းလင်းဆောင်ရွက်ပေးသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံးဝင်းရှိ သံဃာဆေးကုသဆောင်ပေါ်သို့ ပင်စည်လုံးပတ် သုံးပေ၊ အမြင့်ပေ ၅၀ ခန့်ရှိ ယင်းမာပင်မှာ မြေသားခိုင်မှုမရှိခြင်းကြောင့် လဲကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သွပ်အမိုးများ အနည်းငယ်ထိခိုက်ပျက်စီးကာ အခြား လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ညောင်ဦးမြို့နှင့် ပုဂံမြို့တို့တွင် ကားလမ်းမများပေါ် သစ်ပင်ကြီးများလဲကျ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ခြင်း၊ ဓာတ်အားလိုင်းတိုင်များ ကျိုးပဲ့ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၁၇၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ပန်ကုလား(ဟွေဖြန်း)ကျေးရွာနေ ကျအူ(၃၇ နှစ်)၏နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်အတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၇၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**



ကျအူကို စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြစ်ကြီးနား၊ ဘားအံ၊ သထုံနှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် တက္ကသိုလ်လမ်းတွင် မခေါန်မိုင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလိုကို လည်းကောင်း။

စက်တင်ဘာ ၈ ရက် ည ၈ နာရီခွဲတွင် ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့ အမှတ် (၈) ရပ်ကွက် ဘားအံ-ထုံးအိုင်သွား ကားလမ်းတွင် လင်းဇော်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၉ နာရီခွဲတွင် ဘားအံမြို့ အမှတ်(၆)ရပ်ကွက် ရန်ကြီးအောင်လမ်းနေ ဖြိုးထက်ဦး(ခ)ငဖြိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀၀ ကိုလည်းကောင်း။

စက်တင်ဘာ ၉ ရက် ည ၇ နာရီ ၅၅ မိနစ်တွင် သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ တည်းခိုခန်းရှေ့တွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်း ဇော်မြင့်(ခ)ကုလားပုနှင့် ရဲနိုင်စိုး(ခ)ကုလားတို့အား တွေ့ရှိရပြီး ယာဉ်နောက်ခန်းရှိ ဆောင်းဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၈၀ ကိုလည်းကောင်း။

ယင်းနေ့ ၈ နာရီ ၄၅ မိနစ်တွင် ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ရပ်စောက်-ရွှေညောင်သွားကားလမ်း မိုင်းသော်(အရှေ့)ကျေးရွာအုပ်စု ဟက်ကယ်ကျေးရွာအနီးတွင် အောင်သိန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၈၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



လင်းဇော်ဦး၊ ဖြိုးထက်ဦး(ခ)ငဖြိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

# ၉/၁၁ ဖြစ်ပြီး နှစ်ပေါင်း ၂၀ အကြာမှာ အကြမ်းဖက်မှုတွေ တစ်ကျော့ပြန်လာဦးမှာလား

လင်းဟန်သစ်

**လွန်ခဲ့တဲ့နှစ် ၂၀ က အိန္ဒိယနိုင်ငံရဲ့ တနင်္ဂနွေနေ့ညနေခင်းလေး အမေရိကန်ပြည်ထောင်စုရဲ့ နံနက်ခင်းအစောပိုင်းလေးမှာ ကမ္ဘာကြီးကို ထာဝရပြောင်းလဲစေခဲ့တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ အဲဒါကတော့ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှာ အယ်လ်ကေဒါအကြမ်းဖက်သမားတွေဟာ ခရီးသည်တင်လေယာဉ်လေးစင်းကို အပိုင်စီးကာ ဒုံးကျည်များအသွင် အမေရိကန်တွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ လူ ၃၀၀၀ လောက် သေဆုံးခဲ့သလို ဒီဖြစ်ရပ်ဟာကမ္ဘာကြီးကို ထာဝရပြောင်းလဲစေခဲ့ပါတယ်။**



၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန်ကမ္ဘာ့ကုန်သွယ်ရေးစင်တာကို အကြမ်းဖက်သမားများက လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် မီးလောင်မှုဖြစ်ပွားစဉ်။

### စည်းခြားသတ်မှတ်လိုက်တဲ့ မျဉ်းတစ်ခုဖြစ်လာ

ဒီအကြမ်းဖက်တိုက်ခိုက်မှုဟာ အဓိကအုပ်စုကြီးနှစ်ခုဖြစ်တဲ့ အကြမ်းဖက်မှုနဲ့ အကြမ်းမဖက်သူများကြား စည်းခြားသတ်မှတ်လိုက်တဲ့ မျဉ်းတစ်ခုဖြစ်လာပြီး နိုင်ငံတိုင်းဟာ မိမိတို့နဲ့အတူ ရှိမလား ဒါမှမဟုတ် အကြမ်းဖက်သမားတွေနဲ့ အတူရှိမလားဆိုတာ အခုတော့ ဆုံးဖြတ်ချက်ချရတော့မယ်လို့ အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က အဲဒီအချိန်က ပြောခဲ့ပါတယ်။

နောက်တစ်ခါ လက်နက်ကိုင်တပ်ဖွဲ့အသုံးပြုခွင့်လို့ခေါ်တဲ့ ဥပဒေ စတင်ခဲ့ပါတယ်။ အဲဒီဥပဒေက အမေရိကန်အစိုးရကို ၉/၁၁ မှာ ပါဝင်သူတွေကို စစ်ရေးအရတိုက်ခိုက်ဖို့ လုပ်ပိုင်ခွင့်အာဏာပေးလိုက်ပါတယ်။ အဲဒီဥပဒေကို မဲခွဲလိုက်တဲ့အခါမှာတော့ လွှတ်တော်အမတ် ၅၀၀ မဲပေးခဲ့တဲ့အနက် တစ်မဲသာ ကန့်ကွက်မဲဖြစ်ခဲ့ပါတယ်။

### အာဖဂန်စစ်ပွဲအတွက် တစ်ခဲနက်ထောက်ခံအတည်ပြုမှုတွေရရှိ

အဲဒီအချိန်တုန်းကတော့ ဒီမိုကရက်တစ်ပါတီ ဥပဒေပြုသူတစ်ဦးဖြစ်တဲ့ ဘာဘရာလျဲန်လီသာ အာဖဂန်နစ္စတန်မှာ ပြုလုပ်မယ့် အမေရိကန်စစ်ပွဲကို ကန့်ကွက်ဖို့ အသံထွက်တဲ့ တစ်ဦးတည်းသောသူ ဖြစ်ခဲ့ပါတယ်။

အာဖဂန်နစ္စတန်မှာပြုလုပ်မယ့် စစ်ဆင်ရေးအတွက် တစ်ခဲနက်ထောက်ခံအတည်ပြုမှုတွေ ရရှိပြီးနောက်မှာ ဘုရှ်အစိုးရဟာ အယ်လ်ကေဒါတွေနဲ့ တည်ထောင်သူဖခင်ကြီးလို့ တင်စားရမယ့် အိုစမာဘင်လာဒင်ကို လက်စားချေတုံ့ပြန်ဖို့ အာဖဂန်နစ္စတန်ကို အမေရိကန်စစ်သားတွေ စေလွှတ်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် အောက်တိုဘာမှာ အမေရိကန်စစ်သားတွေဟာ အာဖဂန်မြေပေါ်ခြေချခဲ့ကြပါတယ်။

### တာလီဘန်အစိုးရကို ဖြုတ်ချခဲ့

အဲဒီအချိန်တုန်းက အာဖဂန်နစ္စတန်ကို တာလီဘန်တို့ အုပ်ချုပ်နေတဲ့အချိန်ဖြစ်ပါတယ်။ နှစ်လအတွင်းမှာ အမေရိကန်တပ်ဖွဲ့တွေဟာ တာလီဘန်အစိုးရကို ဖြုတ်ချခဲ့ပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်တွေကတည်းက တာလီဘန်တွေဟာ အယ်လ်ကေဒါတို့ရဲ့ ကာကွယ်သူဖြစ်ခဲ့ပါတယ်။ သူတို့ကို ပါကစ္စတန်စစ်ဘက်က ကူညီထောက်ပံ့ခဲ့ပါတယ်။

### အိုစမာဘင်လာဒင်ကို သတ်ဖြတ်နိုင်ဖို့ ဆယ်နှစ်နီးပါးကြာ

အမေရိကန်တွေအတွက် အိုစမာဘင်လာဒင်ကိုရှာဖွေဖော်ထုတ်ပြီး သတ်ဖြတ်နိုင်ဖို့ဆိုတာ ဆယ်နှစ်နီးပါးကြာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အိုစမာဘင်လာဒင်ကို သုတ်သင်ခဲ့တော့လည်း အာဖဂန်နစ္စတန်မှာ မဟုတ်ဘဲ ပါကစ္စတန်ရဲ့ မြို့စောင့်တပ်တွေရှိတဲ့ အဘောတာဘတ်မှာ ဖြစ်ပါတယ်။ အမေရိကန်တပ်ဖွဲ့တွေဟာ အဲဒီမှာ အိုစမာဘင်လာဒင်ကို ညဘက်ဝင်ရောက်စီးနင်းပြီး သုတ်သင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အိုစမာဘင်လာဒင်ကို သုတ်သင်နိုင်ခဲ့ပြီး စစ်ဆင်ရေး အောင်မြင်ခဲ့တယ်လို့ ဆိုရမှာဖြစ်သော်လည်း အဲဒီအချိန်တုန်းက အမေရိကန်တပ်ဖွဲ့တွေကို သမ္မတအိုဘားမားအစိုးရက ချက်ချင်းတပ်မဆုတ်နိုင်ခဲ့ပါဘူး။ အကြမ်းဖက်မှုကို တိုက်ခိုက်ဖို့ စစ်ပွဲတွေ ဆက်လက်ဆင်နွှဲလို့ကောင်းတုန်း ရှိပါသေးတယ်။

**အယ်လ်ကေဒါတွေဟာ ဥရောပကို သက်ရောက်မှုဖြစ်စေမှုနဲ့အတူ အရှေ့အလယ်ပိုင်းကို အင်အားချဲ့ထွင်နေတယ်ဆိုတာကို တွေ့ရပါတယ်။ အိုင်အက်စ်တွေဟာ အယ်လ်ကေဒါအဖွဲ့က ခွဲထွက်လာတဲ့ အဖွဲ့ငယ်အသွင်နဲ့ အီရတ်အစိုးရကို ပြိုလဲစေတဲ့အထိ စွမ်းအားကြီးမားခဲ့ပြီး ကမ္ဘာ့နိုင်ငံအတော်များများကိုလည်း စိန်ခေါ်ခြိမ်းခြောက်လျက်ရှိ**

### အမေရိကန်သမ္မတ ရွေးကောက်ပွဲငါးခုတိုင်လွှမ်းမိုး

အယ်လ်ကေဒါ သို့မဟုတ် အကြမ်းဖက်ဝါဒကို ဆန့်ကျင်တဲ့စစ်ပွဲဟာ အမေရိကန်သမ္မတ ရွေးကောက်ပွဲ ငါးခုတိုင်လွှမ်းမိုးခဲ့ပါတယ်။ နောက်ဆုံးရွေးကောက်ပွဲနှစ်ခုကတော့ စစ်ပွဲကို ဆက်မတိုက်တော့ဘဲ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အိမ်ပြန်ခေါ်ခဲ့ပါတယ်။ ဒီဇာတ်ကြောင်းကို သုံးသပ်မယ်ဆိုရင် အမေရိကန်တွေဟာ အယ်လ်ကေဒါကို ဖျက်ဆီးဖို့ သူ့ရဲ့ရည်မှန်းချက် အောင်မြင်ခဲ့တယ်လို့ ဆိုရမှာပါ။

အမေရိကန်တပ်ဖွဲ့ဝင်တွေကို အိမ်ပြန်ပို့နိုင်တာက နောက်တစ်မျိုးပြောရမယ်ဆိုရင် စစ်ပွဲပြီးဆုံးသွားတဲ့သဘောပါ။ အခုတော့ အာဖဂန်နစ္စတန်မှာ အယ်လ်ကေဒါကို ကာကွယ်ပေးတဲ့ တာလီဘန်တွေ ပြန်လည်အုပ်စိုးနေပြန်ပါပြီ။ အမေရိကန်တွေ တပ်ဆုတ်သွားပြီးတဲ့နောက်မှာ တာလီဘန်တွေဟာ အိုစမာဘင်လာဒင်နဲ့ ၉/၁၁ အကြမ်းဖက်လုပ်ရပ်ကို အပြစ်အနာအဆာမရှိဘဲ ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်။

### အယ်လ်ကေဒါတွေ အဆုံးမသတ်သေး

အာဖဂန်နစ္စတန်မှာ တာလီဘန်တွေပြန်လာခြင်းဟာ အယ်လ်ကေဒါတွေ အဆုံးသတ်သွားတဲ့သဘောကို မပြဆိုပါဘူး။ အာဖဂန်နစ္စတန်မှာ အမေရိကန်တို့ရဲ့ စွန့်စားမှုကြီး မပြီးဆုံးခင်အထိ အယ်လ်ကေဒါတွေဟာ အာ့ဖ်ပက်ခ်ဒေသမှာ မထင်မရှားနဲ့ရှိကောင်း ရှိနိုင်ပါတယ်။

ဒီကာလမှာ အယ်လ်ကေဒါတွေဟာ ဥရောပကို သက်ရောက်မှုဖြစ်စေမှုနဲ့အတူ အရှေ့အလယ်ပိုင်းကို အင်အားချဲ့ထွင်နေတယ်ဆိုတာကို တွေ့ရပါတယ်။ အိုင်အက်စ်တွေဟာ အယ်လ်ကေဒါအဖွဲ့က ခွဲထွက်လာတဲ့ အဖွဲ့ငယ်အသွင်နဲ့ အီရတ်အစိုးရကို ပြိုလဲစေတဲ့အထိ စွမ်းအားကြီးမားခဲ့ပြီး ကမ္ဘာ့နိုင်ငံအတော်များများကိုလည်း စိန်ခေါ်ခြိမ်းခြောက်လျက်ရှိပါတယ်။

### ကိုယ့်အတတ်နဲ့ ကိုယ်စူး

အာဖဂန်နစ္စတန်မှာဖြစ်တဲ့ အမေရိကန်စစ်ပွဲဟာ ဥရောပမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ အမြောက်အမြား ဖြစ်စေသကဲ့သို့ အိုင်အက်စ်တွေကို အက်ဖ်ပက်ကနေ အရှေ့အလယ်ပိုင်းကိုရောက်အောင် မီးလောင်ရာလေပင့်ဖြစ်စေခဲ့ပါတယ်။ ဘယ်လ်ဂျီယံ၊ ပြင်သစ်နဲ့ စပိန်နိုင်ငံတို့ဟာ ဂျီဟတ်အကြမ်းဖက်တွေရဲ့ ရက်စက်မှုတွေ စုပေါင်းရာ ဗဟိုအချက်အချာသဖွယ်ဖြစ်ခဲ့တယ်လို့ ကမ္ဘာ့အကြမ်းဖက်ဝါဒ စောင့်ကြည့်သူများက ပြောပါတယ်။

အမေရိကန်တို့ရဲ့ အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ပွဲကို အနောက်ဥရောပကတော့ ကိုယ့်အတတ်နဲ့ ကိုယ်စူးတဲ့ "boomerang reaction" အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

### အာဖဂန်စစ်ပွဲမှာ အမေရိကန်တို့ ဘာတွေရခဲ့လဲ

နှစ် ၂၀ ကြာ အာဖဂန်စစ်ပွဲမှာ အမေရိကန်တို့ ဘာတွေရလိုက်သလဲဆိုရင် ဆုံးရှုံးမှုအချို့ရခဲ့သလို အကျိုးအမြတ်အချို့လည်း ရခဲ့ပါတယ်။ အယ်လ်ကေဒါနဲ့ တာလီဘန်တို့ကို အပူတပြင်းလိုက်လံနှိမ်နင်းရာမှာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံကျော်ကျော် ကုန်ကျခဲ့တယ်လို့ ဖော်ပြခဲ့သော်လည်း တကယ်တမ်းတော့ အာဖဂန်နစ္စတန်ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ကုမ္ပဏီတွေကို ပြန်ပေးရတာတွေလည်း ရှိပါသေးတယ်။ အာဖဂန်အစိုးရကို ပံ့ပိုးပေးရတဲ့ တကယ့်ကုန်ကျစရိတ်ဟာ ပြောသလောက်မဟုတ်ခဲ့တဲ့ သဘောဖြစ်ပါတယ်။ အာဖဂန်စစ်ပွဲမှာ အမေရိကန်တွေရရှိခဲ့တဲ့ အကျိုးအမြတ်ကတော့ သူ့ရဲ့လက်နက်တွေကို စမ်းသပ်လိုက်ရတာပဲဖြစ်ပါတယ်။ အာဖဂန်ကို အမေရိကန်တို့ကျူးကျော်တဲ့အခါမှာ ဒရုန်းလက်နက်ဟာ ထင်ရှားတဲ့ ဥဒါဟရုဏ်ပဲဖြစ်ပါတယ်။ အာဖဂန်နစ္စတန်မှာ အမေရိကန်တို့ရှိနေချိန်မှာ အမေရိကန်တွေဟာ ထုတ်ဖော်ကြေညာထားတဲ့ သူတို့ရဲ့ရန်သူတွေကို ဒရုန်းလက်နက်တွေနဲ့ပစ်ခွင်းပြီး သူတို့ရဲ့ ဒရုန်းနည်းပညာကို စမ်းသပ်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ ကမ္ဘာကြီးရဲ့ ပထဝီဆိုင်ရာမဟာဗျူဟာ အချက်အချာလမ်းကြောင်းဆက်သွယ်မှုတွေကို သိရှိခဲ့ခြင်းဖြစ်ပြီး ဒါက နောင်တစ်ချိန်မှာ အမေရိကန်တွေဟာ အရှေ့အလယ်ပိုင်းကို မျက်စိဒေါက်ထောက်ကြည့်နိုင်ဖို့အတွက် အားသာချက်ဖြစ်လာနိုင်ပါတယ်။

၉/၁၁ ကစလာတဲ့ စစ်ပွဲလည်းအဆုံးသတ်ခဲ့ပြီ။ နှစ်ဖက်အခြေအနေတွေဟာလည်း အခုတော့ သူ့ဟာနဲ့သူ ဖြစ်နေပြီ။ အမေရိကန်တပ်ဖွဲ့တွေလည်း အိမ်ပြန်ကုန်ပြီ။ တာလီဘန်တွေလည်း အာဖဂန်နစ္စတန်ကို ပြန်ရပြီ။ နိုင်ငံရေးဗျူဟာမှာတော့ ဘာတွေဘယ်လိုဆက်ဖြစ်လာဦးမှာလဲဆိုတာကတော့ ဆက်လက်စောင့်ကြည့်သွားရဦးမယ့်သဘောဖြစ်ပါတယ်။ ။

**ကိုးကား - အိန္ဒိယတုဒေး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၃၆၂ ဦးတို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၆၉ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၇၂၉ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၆၅၂ ဦးတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၂၄၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၁၅၅ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၅၀၈ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၉၅၄၂ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၃၆၀ တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် စေတနာရှင်အလှူရှင်များက လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အလှူငွေများအား လာရောက် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့တွင် တာချီလိတ်မြို့မှ စေတနာရှင် အလှူရှင်များက တြိဂံဒေသ တိုင်းစစ်ဌာနချုပ် မဲခေါင်ရိပ်သာခန်းမ၌ ငွေကျပ် ၁၀၄ သိန်း တန်ဖိုးရှိ Oxygen Concentrator စက်ရှစ်လုံး၊ ငွေကျပ် ၂၅ သိန်း တန်ဖိုးရှိ Mask အခု ၁၀၀၀၀၊ ငွေကျပ် သိန်း ၁၁၀ တန်ဖိုးရှိ ဆန်အိတ် ၃၀၀၊ ငွေကျပ် ၃၄ သိန်း တန်ဖိုးရှိ ဆီပုံး ၁၁၀ နှင့် အလှူငွေကျပ်သိန်း ၂၀၀ တို့ကို လာရောက်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိ ပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်–၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၇ ဦးနှင့် အမျိုးသမီး ၉၃ ဦး စုစုပေါင်း ၂၁၀ အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၄ ဦးအားလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့ ဒဂုံမြို့နယ်၌ ရွေ့လျားဈေးကားဖြင့် ကုန်မျိုးစုံရောင်းချ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ထမ်းလိုင်းခန်း၌ ရွေ့လျားဈေးကားစနစ်ဖြင့် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကြီးကြပ်၍ ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး၊ ပုစွန် အမျိုးမျိုးတို့ ရောင်းချနေမှုကိုလည်းကောင်း၊ အဆိုပါရုံးဝင်းအတွင်း သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ မြေယာရှုခင်း သန့်ရှင်း သပ်ရပ်စေရေးအတွက် ပန်းပင်များ ရှင်းလင်းပုံသွင်းနေမှုနှင့် သစ်ပင်ကြီးများ ခုတ်ထွင်ရှင်းလင်းနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းဆတ်မြို့နယ်အတွင်း ဆွမ်းဆန်တော်နှင့် အင်အားဖြည့်အစားအစာများ ထောက်ပံ့လှူဒါန်း

**မိုင်းဆတ် စက်တင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် သဗ္ဗညု ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် ဆွမ်းဆန်တော် ၂၁ အိတ်၊ ဆီ ၆၆ ပိဿာခွဲ၊ ကုလားပဲ ၁၃၃ ပိဿာတို့ကို လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး လင်းအောင်မိုး၊ မိုင်းဆတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ရှိသူများ တက်ရောက်လှူဒါန်းကြသည်။



ထို့နောက် မိုင်းဆတ်မြို့နယ်အတွင်း ကိုဗစ်စင်တာများတွင် တက်ရောက်ဆေးကုသမှု ခံယူနေသော လူနာများအတွက် ဆေးဝါးနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

### ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၀ ခုမှ Citiq 500 Alu Alu ၉၉၀၀၊ Inpro 40 Injection ၂၀၀၀၊ Ztfam Panzo Injection ၄၉၉၂၀၊ Metagard Tablet ၁၉၅၆၁ ခု၊ Solvin Tablet ၂၅၆၀၀၊ Dexamethasone Sodium Phoshate Injection ၅၀၀၀၀၀၊ Faxoday 120 Tablet ၅၀၀၀၊ Fabimer-400 Tablet ၅၀၀၊ Fondaparinux Sodium Injection ၄၅၀၅၊ Axaparin 60Mg ၁၅၀၀၀။

### ရန်ကုန်ဆိပ်ကမ်းများ

ရန်ကုန်ဆိပ်ကမ်းများမှ Mask ၁၁၇၁ ခု၊ Oxygen Cylinder ၁၈၀၊ Oxygen Regulator ၁၈၀၊ Oxygen Generator သုံးခု နှင့် ဆေးမျိုးစုံ ၁၁ မျိုး ၂၁၄၁၈ ဒသမ ၈ Kg ၊ နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ၊ မူဆယ်၊ တာချီလိတ်) တွင် ကုမ္ပဏီ ၁၉ ခုတို့မှ Oxygen Cylinder ၂၁၅၀၊ Oxygen Concentrator တစ်ခု၊ Mask ၂၈၇၀၀ Kg ၊ Liquid Oxygen ၁၅၁၇၄ $m^3$၊ Liquid Oxygen ၁၉ တန်၊ Flow Meter ၁၀၈ ခု၊ PPE ၃၆၀၀၀၊ Oxygen Plant ရှစ်ခု၊ Hydrochloride Injection ၁၇၈၁၉ Kg ၊ Face Shield ၂၂၅၀ Kg ၊ Vitamin C Tablets ၁၀၄၈၈ Kg ၊ Liquid Storage Container တစ်ခု၊ Distributor တစ်ခု၊ Oxygen Mask ၆၂ ခု တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# အမ်းမြို့နယ်၌ တိုက်ပွဲရှောင်စခန်းနေ ပြည်သူ ၁၇၈၇ ဦးအတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)မှ လူသုံးကုန်နှင့်စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**အမ်း စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)မှ နေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်းနေ ပြည်သူများအတွက် လစဉ် ဆပ်ပြာတောင့်နှင့် အာဟာရမုန့်များ ထောက်ပံ့ ပေးအပ်လျက်ရှိရာ စက်တင်ဘာလအတွက် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက မိုးလုံလေလုံအားကစားခန်းမ၌ ထောက်ပံ့ပေးအပ်သည်။



### ထောက်ပံ့ပေးအပ်

အဆိုပါ ထောက်ပံ့ပေးအပ်ရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံညွှန်ကြားမှုဖြင့် နေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်း ကြီးကြပ်မှုကော်မတီအဖွဲ့ ခေါင်းဆောင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဝေက တိုက်ပွဲရှောင်စခန်းမှ တာဝန်ရှိသူများဖြင့် ကြီးကြပ်၍ ဆပ်ပြာတောင့်နှင့် အာဟာရမုန့်များ ဆက်လက်ထောက်ပံ့ပေးအပ်သည်။

### အာဟာရမုန့် ပေးအပ်

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ အမ်းမြို့နယ်အတွင်း ပဲပဒိုနေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်း(၁)၊ မိုးလုံလေလုံအားကစားခန်းမ နေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်း(၂)၊ ကမ်းဒိတ်ဓမ္မာရုံရှိ နေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်းများရှိပြည်သူ စုစုပေါင်း အိမ်ထောင်စု ၃၈၅ စု၊ လူဦးရေ ၁၇၈၇ ဦးအတွက် ဆပ်ပြာ တောင့် ၃၄ ဖာ၊ ကလေးအာဟာရမုန့် ၆၁ ဖာ ကိုးထုပ်၊ လူကြီးအာဟာရမုန့် ရှစ်ဖာ ခြောက်ထုပ်ကို တစ်ဦးလျှင် ဆပ်ပြာ တစ်တောင့်နှုန်းနှင့် ငါးနှစ်အောက် ကလေးတစ်ဦးလျှင် ကလေးအာဟာရမုန့် နှစ်ထုပ်၊ ကိုယ်ဝန် ဆောင်နှင့် ခြောက်လထိ နို့တိုက်မိခင် တစ်ဦးလျှင် လူကြီးအာဟာရမုန့် နှစ်ထုပ်နှုန်းတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ)

**ဝင်းအိမွန်**

# မြောက်ဦးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**မြောက်ဦး စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းများတွင် ခိုလှုံရန်ရောက်ရှိနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံခြင်းကို ယနေ့ နံနက် ၈ နာရီက သတ်မှတ်စုရပ်(၂) နေရာ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ **(ယာပုံ)**

### ကာကွယ်ဆေး ထိုးနှံပေး

ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် တိုက်ပွဲရှောင်စခန်းရှိ အသက် ၁၈ နှစ်အထက် ပြည်သူများအား မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးဝန်ထမ်းများနှင့် တိုက်ပွဲရှောင်စခန်းမှုစခန်း တာဝန်ခံများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။



ထိုသို့ မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများဖြစ်သော ကျောက်ရာဇ်ကေ ဘုန်းကြီးကျောင်း တိုက်ပွဲရှောင်စခန်း၊ မြို့ဦးဂေါင်း တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏတိုင်းတာပေးခြင်း၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီးမှ ပုံမှန်အနေအထားရောက်ရှိမှသာ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခြင်းဖြစ်သည်။

### ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

ကာကွယ်ဆေး ဆက်လက်ထိုးနှံပြီးသူများ မိနစ် ၃၀ ခန့် အနားယူစောင့်ကြည့်ပြီးမှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းအထိ မြောက်ဦးမြို့ပေါ် ရပ်ကွက်များရှိ တိုက်ပွဲရှောင်စခန်း နှစ်ခုမှ အသက် ၁၈ နှစ်အထက် ပြည်သူ ၂၁၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# ဆည်ရေသောက်စနစ်မြှင့်တင်ပြုပြင်ခြင်းဖြင့် တောင်သူစီးပွားတိုးပွားစေမည်

## ရွှေယွန်းစံ

**ပြောင်းလဲလာသည့်ရာသီဥတုကြောင့် လယ်ယာကဏ္ဍအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် အရေးကြီးသည့်အချက်တစ်ခု ဖြစ်လာသည်။ အထူးသဖြင့် မိုးနည်းရပ်ဝန်းဒေသများအတွက် မိုးမျှော်၍ စိုက်ပျိုးမည်ဆိုပါက တောင်သူများစီးပွားမဖြစ်နိုင်။ ထို့အတွက် မိုးကိုမမျှော်ရဘဲ အချိန်မှန်စိုက်ပျိုးနိုင်မည့် ရေပေးဝေနိုင်သည့် ဆည်မြောင်းအဆောက်အအုံများကို တောင်သူများ အားကိုးအားထား ပြုလာကြသည်။**

မြန်မာနိုင်ငံတွင် ဆည်ရေသောက်စနစ်ဖြင့် နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံ ၂၄ သိန်းခန့်အတွက် စိုက်ပျိုးရေပေးဝေလျက် ရှိသည်။ ထိုကဲ့သို့ စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် နိုင်ငံအတွင်း ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင် ၂၁၀၊ စုစုပေါင်းဆည်မြောင်းအဆောက်အအုံ ၈၇၀ ကို တည်ဆောက်ထိန်းသိမ်းကာ စီမံဆောင်ရွက်လျက် ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရှိရသည်။

### ဦးစားပေးအလိုက် စတင်မြှင့်တင်

စိုက်ပျိုးရေများ ပေးဝေရာတွင် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင်ပြုပြင်ခြင်းဖြင့် စိုက်ပျိုးရေများ အလေအလွင့်မရှိဘဲ လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ပေးဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လည်းကောင်း၊ နိုင်ငံတကာအကူအညီများ ရယူ၍ လည်းကောင်း တည်ဆောက်ပြီး နှစ်ကာလကြာမြင့်သည့် ဆည်ရေသောက်စနစ်များကို ဦးစားပေးအလိုက် အဆင့်မြှင့်တင်လျက်ရှိသည်။

ပဲခူးအနောက်ဘက်ခြမ်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ဂျပန်နိုင်ငံ(ODA)ချေးငွေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အဆိုပါ ရေသောက်စနစ်များတွင်ပါဝင်သည့် စိုက်ပျိုးမြေဧက (၂) သိန်းကျော်ကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ခဲ့ပြီဖြစ်သည်။

ထို့အတူ ဂျပန်နိုင်ငံ(ODA)ချေးငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ သဖန်းဆိပ် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများသည် ဆောင်ရွက်ဆဲဖြစ်ပြီး လုပ်ငန်းပြီးစီးပါက မူလ ဆည်ရေသောက်ဧရိယာ ငါးသိန်းခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေကာ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများကို အထောက် အကူပြုနိုင်မည်ဖြစ်သည်။ အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေဆဲဖြစ်သည့် ဖြူးနှင့် မဒန်း ဆည်ရေသောက်စနစ်များပြီးစီးပါက လယ်မြေဧက ခုနစ်သောင်း ကျော် အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် တောင်သူများ၏ လယ်မြေဧက ရှစ်သောင်းကျော်ကို အကျိုးပြုမည့် ဆင်သေ၊ ဆွာချောင်း၊ မာလဲနတ်တောင်၊ မြောက်ယမားရေလှောင်တမံ၊ ငလိုက်ရေလှောင် တမံ၊ ဇီးတောရေလွှဲဆည်၊ ဘောနီရေလှောင်တမံ၊ သဲကောရေလှောင် တမံ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။



ဇီးတောရေလွှဲဆည်

### ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်

ထို့ပြင် ကာလတိုငါးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်ရန်လျာထား သည့် လယ်မြေဧက ခုနစ်သိန်းကျော်ကို အကျိုးပြုစေနိုင်မည့် ရေခေါ် မြောင်းတူးဖော်ပေးခြင်း၊ ရေလွှဲဆည်၊ ရေတံခါးများ အသစ် တည်ဆောက်ခြင်းလုပ်ငန်းပေါင်း ၄၃၆ ခုကိုလည်း ရန်ပုံငွေခွဲဝေရရှိမှု ပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီး ဆည်တာတမံများမှ စိုက်ပျိုးရေပေးဝေရာ တွင် ကွက်ဆင့်သောက်စနစ်ကို အသုံးပြုနေခြင်းကြောင့် ရေခွဲဝေမှု စနစ်မကျခြင်းဖြစ်ပေါ်၍ ရေလေလွင့်ဆုံးရှုံးမှု များပြားခြင်း၊ လယ်သမားအချင်းချင်း ပြဿနာဖြစ်ပွားခြင်းစသည့်အခက်အခဲများ ရှိနေသည်။ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် စနစ်ကျလယ်ယာ မြေများဖော်ထုတ်ရေး၊ လယ်ကြားမြောင်းများ ဖောက်လုပ်၍ ရေရယူ သုံးစွဲရေးတို့ကို ဆောင်ရွက်နိုင်ရန် ရေအသုံးချသူ အသင်း/အဖွဲ့များက ဖွဲ့စည်းကာ စည်းရုံးဆောင်ရွက်လျက်ရှိသည်။

**စိုက်ပျိုးရေများ ပေးဝေရာတွင် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင်ပြုပြင်ခြင်းဖြင့် စိုက်ပျိုးရေများ အလေ့အလွင့်မရှိဘဲ လိုအပ်သည့်အချိန် တွင် လိုအပ်သလောက် ပေးဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှု နည်းပါးလာခြင်းကြောင့် စိုက်ပျိုးရေပေးဝေမှု လျော့နည်းခြင်းမဖြစ်စေရန်၊ ရေစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းလာ စေရန် ရေအသုံးချသူများအသင်း (Water User Association) ရှစ်သင်းနှင့် တောင်သူလယ်သမား ၂၃၉၃၁၄ ဦး ပါဝင်သည့် ရေအသုံးချ သူများအဖွဲ့( Water User Group) ၈၂၈၉ ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေးကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ ရေကြီး နစ်မြုပ်မှု လျော့ပါးသက်သာရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်း များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

### လယ်ယာမြေဧက ၂၆ သိန်းကျော် ရေဘေးကာကွယ်ပေး

လယ်ယာမြေများရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ချောင်းကော မြောင်းကော ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေဘေး ကာကွယ်ရေးတာနှင့် ရေငန်တားတာများ ကြံ့ခိုင်မှုရှိစေရေးလုပ်ငန်း များကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများသုံးစွဲကာ နှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအချိန်အထိဌာန အနေဖြင့် လယ်ယာမြေဧက ၂၆ သိန်းကျော်ကို ရေဘေးကာကွယ်ပေး နိုင်သည့် ရေဘေးကာကွယ်ရေး တာနှင့် ရေငန်တားတာပေါင်း ၂၂၁ ခု၊ အလျား မိုင်ပေါင်း ၂၄၆၆ မိုင်ခန့်ကို တည်ဆောက်ထားရှိပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ဆွာချောင်းဆည်ရေသောက်စနစ်မှ ဆည်ရေပေးဝေမှု



မြောက်ယမားဆည်ရေသောက်စနစ်မှ ဆည်ရေပေးဝေမှု

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



**သီပေါ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းသည် ပြည်နယ်ဝန်ကြီးများဖြစ်သော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုတို့နှင့်အတူ ယနေ့နံနက်ပိုင်းက သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အလှူငွေ ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ အလှူငွေကျပ် ၁၀ သိန်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဆေးရုံအုပ် ဒေါက်တာမျိုးအောင်ထံ ပေးအပ်ကြောင်း သိရသည်။ (ယာပုံ)

**စိုင်း(သီပေါ)**

# ဘုရင့်နောင်အမှတ်(၁)တံတား ချဉ်းကပ်လမ်းပိုင်း ထပ်ပိုးခင်းကျင်းနေမှု မြန်ဆန်စွာပြီးစီးရန်ဆောင်ရွက်နေ

ရန်ကုန် စက်တင်ဘာ ၁၁

**တိုင်းဒေသကြီးနှစ်ခု၏ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာရေးတွင် အရေးပါသော ဧရာဝတီတိုင်းဒေသကြီး၏ ကုန်သွယ်ရေးတံခါးပေါက်ကြီးဖြစ်သည့် ဘုရင့်နောင် အမှတ် (၁) တံတားတွင် ချဉ်းကပ်လမ်းပိုင်း ကွန်ကရစ်ထပ်ပိုးခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြန်ဆန်စွာပြီးစီးရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာနက ဆောင်ရွက်နေသည်။ (အောက်ပုံ)**

**တံတားကြံ့ခိုင်မှုရှိစေရန်**

နေ့စဉ် ယာဉ်ဖြတ်သန်းသွားလာမှုများသော အမှတ်(၅) လမ်းမကြီးကို ကွန်ကရစ်ထပ်ပိုးလမ်းအဖြစ် နည်းပညာတက္ကသိုလ်လမ်းဆုံမှ နယ်မြေခံတပ်ထိပ်အနီးထိ အကျယ် ၇၂ ပေ၊ ထု ၁၁ လက်မ၊ ခြောက်လမ်းသွားနှင့် လေးလမ်းသွားအဖြစ် ၂၀၁၈ ခုနှစ်တွင် လှိုင်သာယာမြို့နယ် နယ်နိမိတ်အတွင်း လမ်းပိုင်းများအဖြစ် ထပ်ပိုးခင်းကျင်းခဲ့သည်။ ခင်းရန်ကျန်ရှိသော ဘုရင့်နောင်အမှတ် (၁) တံတား ချဉ်းကပ်လမ်းမှ နယ်မြေခံတပ်ထိပ်ကြား အရှည်ပေ ၁၈၀၀ လမ်းပိုင်း၌ အရှည်ပေ ၃၀၀ တွင် တစ်ဖက်လူသွားစင်္ကြံ ခြောက်ပေပါရှိသော ထပ်ပိုး ကွန်ကရစ်လမ်းအဖြစ် အရှည် ပေ ၃၀၀၊ အကျယ် ၃၆ ပေနှင့် ထု ၁၁ လက်မဖြင့် ခင်းကျင်းခြင်းဖြစ်သည်။ ဘုရင့်နောင်အမှတ် (၁) တံတားမှာ ယာဉ်ဖြတ်သန်းသွားလာမှု များသောကြောင့် တံတားအတက်၊ အဆင်းနေရာတို့တွင် လမ်းပိုင်းနိမ့်ဆင်းမှုဖြစ်ခဲ့ပြီး ဘုရင့်နောင်ဘက်အခြမ်းတွင် ကတ္တရာလမ်းပိုင်းခင်းကျင်းမှုပြီးစီးခဲ့၍ လှိုင်သာယာဘက်အခြမ်းတွင် တံတားကြံ့ခိုင်မှုရှိစေရန်နှင့် ယာဉ်များသွားလာရေးအဆင်ပြေချောမွေ့စေရန် ထပ်ပိုးကွန်ကရစ်လမ်းပိုင်းကို ခင်းကျင်းခြင်းဖြစ်သည်။

ဧရာဝတီတိုင်း ဒေသကြီးမှ လှိုင်သာယာမြို့နယ်ကို ဖြတ်သန်း၍ ရန်ကုန်မြို့သို့ ကုန်စည်များ ဝင်ရောက်ရာတွင် ရွှေပြည်သာမြို့နယ်သို့ ရွှေပြည်သာတံတားမှလည်းကောင်း၊ အင်းစိန်မြို့နယ်သို့ အောင်ဇေယျကြိုးတံတားမှလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနှင့် သီးနှံဈေး၊ ငါးဈေးများသို့ ဘုရင့်နောင်အမှတ်(၂) တံတားနှင့် ဘုရင့်နောင်အမှတ်(၁) တံတားတို့မှလည်းကောင်း ကုန်စည်များ စီးဆင်းလျက်ရှိပြီး စက်မှုဇုန်များ ရှိသောကြောင့် နေ့စဉ် ယာဉ်သွားလာမှုများသည့်အတွက် တံတားများခံနိုင်ဝန်ထိခိုက်မှုမရှိစေရန်နှင့် တံတားအတက်၊ အဆင်း ယာဉ်များသွားမှုအဆင်ပြေချောမွေ့စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သက်ဆိုင်ရာကဏ္ဍအလိုက် တံတားလေးစင်းကြံ့ခိုင်မှုနှင့် လမ်းများကောင်းမွန်ရေးကို ဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာ ၁၈ ရက် အပြီးသတ်**

ယာဉ်များသွားလာရေး မြန်ဆန်ချောမွေ့စေရန် လက်ရှိဆောင်ရွက်နေသော ဘုရင့်နောင်တံတားအမှတ်(၁)ချဉ်းကပ်လမ်း ထပ်ပိုးကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၈ ရက်တွင် အပြီးသတ် ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းနှင့် တံတားဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**



# လယ်ယာထွက်ကုန်များ သယ်ပို့နိုင်ရေး ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီး

**မင်းဘူး စက်တင်ဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မင်းဘူးမြို့နယ်အတွင်း မူလရန်ပုံငွေ ၄၅ ဒသမ ၉၄ သန်းဖြင့် ကုန်ထုတ်လမ်းသုံးလမ်း၊ Box Culvert နှစ်စင်းနှင့် Pipe Culvert တစ်စင်းတို့ကို တင်ဒါစနစ်ဖြင့် Real Land ကုမ္ပဏီက တာဝန်ယူတည်ဆောက်ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်သည်။

အဆိုပါကုန်ထုတ်လမ်းများမှာ ကျောက်စံကျေးရွာကုန်ထုတ်လမ်း၊ မုန်တောင်ကျေးရွာကုန်ထုတ်လမ်းနှင့် ရေပုတ်ကျေးရွာကုန်ထုတ်လမ်းတို့ဖြစ်သည်။ စုစုပေါင်း လမ်းအရှည် ၂ မိုင် ၇ ဒသမ ၂ ဖာလုံဖြစ်ပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်သည့်အတွက် လယ်ယာဧကပေါင်း ၁၃၀၀ ကျော်မှထွက်ရှိသော သီးနှံထွက်ကုန်များကို ရာသီမရွေး အချိန်တိုအတွင်း ဈေးကွက်သို့ သယ်ပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

လယ်ယာကုန်ထုတ်လမ်းများ ဆောင်ရွက်ရာ၌ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှ ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာ သယ်ပို့ပေးနိုင်သည့်လမ်းများကို စနစ်တကျ ရွေးချယ်ဖောက်လုပ်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**အထွေး(ကျေးလက်)**



# လီဗာပူးကို အနိုင်ယူကာ ယခုနှစ်ရာသီ ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲရရှိဖို့ ကြိုးစားလာမယ့် လိဒ်စ်

ပရီမီယာလိဂ်ပွဲစဉ်(၄)မှ လိဒ်စ်နှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၂ ရက် ည ၁၀ နာရီတွင် လိဒ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာဂျင်တီးနားလူမျိုး နည်းပြဘီရယ်ဆာ၏ လိဒ်စ်အသင်းသည် ယခုနှစ်ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်တွင် မန်ယူကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး အဲဗာတန်ကို တစ်ဖက်နှစ်ဂိုးစီ၊ ဘန်လေကို တစ်ဖက်တစ်ဂိုးစီ သရေကျထားသည့်အတွက် ရမှတ် နှစ်မှတ်သာ ရရှိထားသေးသည်။ ဂျာမနီလူမျိုးနည်းပြ ကလော့ပ်ကိုင်တွယ်သည့် လီဗာပူးအသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ် သုံးပွဲတွင် နော့ဝှစ်ချ်ကို သုံးဂိုး-ဂိုးမရှိ၊ ဘန်လေကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချယ်ဆီးကို တစ်ဖက်တစ်ဂိုးစီ သရေကျထားသည့်အတွက် ရမှတ် ခုနစ်မှတ် ရရှိထားသည်။

ယမန်နှစ်က လိဒ်စ်အသင်းနှင့် လီဗာပူးအသင်းတို့ နှစ်ကြိမ်တွေ့ဆုံခဲ့ရာတွင် လီဗာပူးအသင်းက အသာရထားပြီး တစ်ကြိမ်နိုင်၍ တစ်ကြိမ်သရေကျထားသည်။ ထို့အပြင် အဆိုပါနှစ်သင်းတွေ့ဆုံတိုင်း ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားရပြီး လီဗာပူးအသင်းက အသာရထားသောကြောင့် ယခုအကြိမ်တွေ့ဆုံမှုတွင် နည်းပြ ဘီရယ်ဆာအနေဖြင့် မည်သည့်နည်းဗျူဟာသုံးပြီး မည်သို့အနိုင်ယူသွားမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

ယနေ့ပွဲစဉ်တွင် လိဒ်စ်အသင်း၌ ဒါးလက်ပ်စ်၊ ဖာပိုနှင့် ကလစ်ချ်တို့ပါဝင်လာနိုင်ဖွယ်ရှိသော်လည်း ရော်ဘင်ကို့ချ်ကတော့ ဒဏ်ရာပြဿနာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိကြောင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် နည်းပြဘီရယ်ဆာက အတည်ပြုခဲ့သည်။ လီဗာပူး၌ ဘက်ကာနှင့် ဖာဘင်ဟိုတို့ကို ဗီဖာက ပွဲကစားခွင့်ပိတ်ပင်ထားမှုကို ဖြေလျှော့ပေးလိုက်သည့်အတွက် ယနေ့ပွဲစဉ်တွင် အသင်း၌ ပါဝင်လာဖွယ်ရှိသော်လည်း ဖာမီနိုကတော့ ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိသည်။

ယခုနှစ်ရာသီ ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲရရှိရန် ကြိုးစားလာမည့် လိဒ်စ်အသင်းအနေဖြင့် ခံစစ်၊ ကွင်းလယ်၊ တိုက်စစ်ပိုင်း တောင့်တင်းခိုင်မာသည့် လီဗာပူးအသင်းကို အနိုင်ယူသွားနိုင်မလားဆိုသည်ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

## အောင်ဘာလေထီလက်မှတ်များကို Online မှ ရောင်းချနိုင်ရေး နည်းပညာဝန်ဆောင်မှုပေးလိုသော ကုမ္ပဏီ / အဖွဲ့အစည်းများထံမှ စိတ်ဝင်စားမှု အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေထီလက်မှတ်များကို ကံစမ်းသူများ လွယ်ကူလျင်မြန်စွာ ဝယ်ယူကံစမ်းနိုင်ရေးအတွက် လက်ရှိကျင့်သုံးလျက်ရှိသော အောင်ဘာလေထီလက်မှတ်ရောင်းချသည့်စနစ်(Paper Lottery) ဖြင့် ရောင်းချခြင်းအပြင် Online မှတစ်ဆင့် ရောင်းချခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် နည်းပညာပိုင်းပံ့ပိုးမှုများ ပြုလုပ်ဆောင်ရွက်ပေးနိုင်မည့် Service Provider လုပ်ငန်းတစ်ခုကို ရွေးချယ်ငှားရမ်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားမှုဖော်ပြချက်(Expression of Interest –EOI) အဆိုပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ တင်သွင်းရမည့် အဆိုပြုလွှာ(EOI)နှင့် အချက်အလက်များကို ကုမ္ပဏီ/ အဖွဲ့အစည်း(Service Provider) များအနေဖြင့် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်(၁၄:၀၀ နာရီ)နောက်ဆုံးထား၍ တင်သွင်းပေးပို့ရမည်ဖြစ်ပါသည်။

၄။ အဆိုပါ ကိစ္စရပ်နှင့် စပ်လျဉ်း၍ တင်သွင်းရမည့် အဆိုပြုလွှာ(EOI) ပုံစံနှင့် သိရှိလိုသည့် အချက်အလက်များကို ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃၊ Email:ir.officeofthedg.mm@gmail.comသို့ ဆက်သွယ်တောင်းခံရယူစုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ website https://www.ird.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

## (၁)လပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း(၁၂-၉-၂၀၂၂)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်ရွှေ**

ပါရွှေ ရတနာ- ခိုင်ရွှေ ရတနာ

ဗိုလ်ချုပ်အောင်ဆန်းဈေး

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၈၁(H)နေ (ဦးပါ-ပါရွှေရတနာ-ခိုင်ရွှေရတနာ)၏ ဇနီး ဒေါ်တင်ရွှေသည် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိခင်ကြီးအားရည်စူး၍ (၁)လပြည့် ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့အတွက် မိခင်ကြီး မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ၊

**ကျန်ရစ်သူမိသားစု**

### အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာ(၅)လမ်း(တောင်)၊ အမှတ်၅၀၉(A)၊ အခန်းအမှတ်(5-B)ဟုခေါ်တွင်သော (၂၂x၆၀)ပေ အကျယ်အဝန်းရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းအတွင်းရှိ တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် လူနေထိုင်ခွင့်၊ သုံးစွဲခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်ကျော်မင်း ၁၂/လမန (နိုင်) ၁၂၆၁၈၀၀က အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်အာဏာလုံလောက်စွာရှိကြောင်း ဝန်ခံပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှထွန်း ၁၂/အစန(နိုင်)၀၉၃၈၀၁နှင့် ဒေါ်ခင်ဌေးဝင်း ၁၂/အစန(နိုင်)၀၉၃၈၀၂တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစိတ်တဒေသကို (၁၀-၉-၂၀၂၂) ရက်နေ့က ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူများ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးလှထွန်း ၁၂/အစန(နိုင်)၀၉၃၈၀၁ | ဒေါ်နှင်းဝတ်ရည်စိုး |
| ဒေါ်ခင်ဌေးဝင်း ၁၂/အစန(နိုင်)၀၉၃၈၀၂ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၁၀) |
| | (ထ-၁၇)၊ တမာလမ်း၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့ |

### KB Microfinance Myanmar Co.,Ltd ၏ CEO နှင့် BOD အဖွဲ့ဝင်ပြောင်းလဲခြင်း

KB Microfinance Myanmar Co.,Ltd ကုမ္ပဏီမှတ်ပုံတင် အမှတ်-၁၁၀၉၅၇၈၀၇၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း လိုင်စင်အမှတ် ၀၂၇၂/၂၀၁၈ (အမြဲတမ်း) ၏ CEO Mr.Kim Young Baek–M 24027068 ၏နေရာတွင် Chief Executive Officer (CEO)Mr.Chang Kab Kyoung–M57259587 အဖြစ်ခန့်အပ်ခြင်း၊ Director အဖွဲ့ဝင်တစ်ဦးဖြစ်သူ Mr.Kim Young Baek–M 24027068 သည် Director အဖြစ်မှ နုတ်ထွက်၍ Mr.Kang Jan Ho–M 70594936 အား အဖွဲ့ဝင်အသစ်အဖြစ် ခန့်အပ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**Mr.Chang Kab Kyoung**
**CEO**
**KB Microfinance Myanmar Co.,Ltd**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




## ဒေးဒရဲမြို့နယ် စပါးခင်းများအတွင်း ငါးခုံးမကြီးမျိုးစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၁၁

ကျေးလက်နေတောင်သူများ ငါးရိက္ခာဖူလုံစေရေး၊ ငါးမျိုးပြန်းတီးမှုလျော့ပါးစေရေး၊ ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ပေါ်များစေရန် ရည်ရွယ်၍ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာလ ပထမပတ်က ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာအုပ်စု ခြောက်အိမ်စုကျေးရွာ ကွင်းအမှတ် ၂၅၂ ကွင်း တောင်သူဦးထွန်းမြင့်အောင်၏ လယ်မြေအတွင်း ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး လယ်သမား ၁၅ ဦး၏ လယ်ဧက ၂၅၀ အတွင်း ငါးခုံးမကြီးကောင်ရေ ၁၂၅၀၀၀ မျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လှော်ကားရေလှောင်ကန်အတွင်း ငါးမြစ်ချင်းသားပေါက်မျိုးစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်း အင်းအိုင် ဆည်တမံကန်များအတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးအတွက် ငါးမျိုးများစိုက်ထည့်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်က လှော်ကားရေလှောင်ကန်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ လှော်ကားရေလှောင်ကန်တာဝန်ခံ၊ လှော်ကားငါးလုပ်ငန်းစခန်းတာဝန်ခံ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများက လှော်ကားငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၇၀၀၀၀ ကို မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## လေဖိအားနည်းရပ်ဝန်း အားကောင်းကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိ အားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေအမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့နယ်နှင့် သာပေါင်းမြို့တို့အတွင်း ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ မိုး/ဇလ

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီး၌ ဆက်လက်လက်ခံလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၄ ဦး၊ မြန်မာ- တရုတ် နှစ်နိုင်ငံနယ်စပ်၊ နမ့်ဖာဟော်တံတားမှ အမျိုးသမီး နှစ်ဦးနှင့် ရန်လုံကျိုင်းတံတားမှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၁ ဦးတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ပုံဆိပ်ကမ်းမှ အမျိုးသား ၁၁၉ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၂၀၀ တို့ကို လည်းကောင်း အသီးသီးလက်ခံခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁ ❑*



တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးစဉ်။

## စပါးကို ယခုနှစ်ရာသီတွင် ဂိုးပြတ်အနိုင်ယူခဲ့သည့် ပဲလေ့စ်



ဂိုးသွင်းယူပြီး ပဲလေ့စ်ကစားသမားများ အောင်ပွဲခံနေစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၄)မှ အစောဆုံးပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်ကို စနေနေ့ညပိုင်းက ပဲလေ့စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲလေ့စ်အသင်းက သုံးဂိုး-ဂိုး မရှိဖြင့် စပါးအသင်းကို အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် ပဲလေ့စ်အသင်းသည် တိုက်စစ်ပိုင်းတွင် အယူး၊ ဘန်တီကီ၊ ဇာဟာ စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး စပါးအသင်းက

*စာမျက်နှာ ၁၂ ကော်လံ ၃ ❍*

## (ယနေ့) မာ တိ ကာ

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာ စာ - ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က မြစ်သာမြစ်ကူးကြိုးတံတားကို မိုင်းခွဲဖျက်ဆီး စာ - ၂၃